# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့၊ 26, Thursday May 2016 (၈၅၇၃)


## လွှန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး ရလဒ်တည်း။ ရောင့်ရဲခြင်းသည် အလွန်ကဲဆုံးဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ -၂၀၄)

# ကျောင်းအပ်နှံမှုစတင်၊ ငွေကုန်ကြေးကျမရှိ၍ ကျေးဇူးတင်ဝမ်းမြောက်



မေ ၂၅ ရက်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနေ့တွင် ဗိုလ်တထောင်မြို့နယ် အထက (၄)၌ မိဘများက ကလေးငယ်များအား ကျောင်းလာရောက်အပ်နှံကြသည်ကိုတွေ့ရစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

**သတင်း - နေသန်**

**နေပြည်တော် မတ် ၂၅**

နွေရက်ရှည်ပိတ်ထားခဲ့သော ကျောင်းတံခါးနှစ်ချပ် နံနက်ခင်းနေခြည်နှင့်အတူ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ခဏအကြာတွင် ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ ဆလွန်းကား၊ ပစ်ကပ်ကား၊ ထော်လာဂျီများ၊ ဌာနဆိုင်ရာကားများ စသည်ဖြင့် လူတန်းစားအသီးသီးတို့ မိမိတို့ရင်သွေးငယ်များ လက်ကိုဆွဲ၍ ဖွင့်ထားသော တံခါးမှဝင်ရောက်လာကြတော့သည်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ် ပထမနေ့ဖြစ်သည်။

ကျောင်းအပ်နှံခြင်းအခမဲ့ဖြစ်သည့်အပြင် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ပြဋ္ဌာန်းစာအုပ်များ အခမဲ့ထောက်ပံ့သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ခဲ့ရာ ပထမနေ့နံနက်ခင်းတွင်ပင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျောင်းအချို့၌ မူလတန်းမှ ဒသမတန်းအထိ ကျောင်းအပ်နှံမှု ၅၀ ရာခိုင်နှုန်းခန့် လာရောက်အပ်နှံကြောင်း သိရသည်။

ကျောင်းအပ်နှံမှုနှင့် ယခုနှစ်ပညာသင်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထက (၂၀)မှ ကျောင်းအုပ်ကြီး ဦးခင်မောင်သက်အား မေးမြန်းရာတွင် "ကျွန်တော်တို့ကျောင်းမှာ KGကနေဒသမတန်းအထိ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ဘုရင့်နောင်ခေါင်းလောင်းကြီးအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရေးအပါအဝင်**

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀**

စာမျက်နှာ
၁၆
၁၇
၁၈




# ကြေးမုံ

## နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်ခဲ့သော နိုင်ငံတော်အစိုးရသည် နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်ရာ၌ ကြီးမားသော စိန်ခေါ်မှုများကို ရင်ဆိုင်ရမည်ဟု ဝေဖန်ပြောဆိုကြပါသည်။ မှန်ပါသည်။ ဤစိန်ခေါ်မှုများသည် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းနှင့် ဆက်စပ်နေသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံတော်အာဏာကို ၁၉၆၂ ခုနှစ်တွင် သိမ်းယူလိုက်ချိန်မှစ၍ တိုင်းပြည်၏စီးပွားရေး၌ နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ တိုင်းပြည်၏ ပကတိအခြေအနေကို မထင်ဟပ်သောစီမံကိန်းများနှင့် အလွဲလွဲ အချော်ချော် စီမံခန့်ခွဲမှုများကြောင့် နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများ အရှုံးပေါ်ခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါသည်။ ရှည်လျားသော အတိတ်သမိုင်းက မွေးထုတ်ပေးခဲ့သော အမွေဆိုးဟု ဆိုရသည့် ပြဿနာရပ်ကို ကိုင်တွယ်ရာ၌ စိန်ခေါ်မှုများ ကြီးမားနေသည်မှာ သဘာဝကျပါသည်။

နိုင်ငံတော် စက်မှုကုန်ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် တိုင်းပြည်၏ဘတ်ဂျက်အပေါ် ဖိစီးနေသော ဝန်ထုပ်ဝန်ပိုးတို့ကို လျှော့ချ၍ နိုင်ငံ့စီးပွားရေးကို စွမ်းဆောင်ရည်ရှိရှိ လည်ပတ်နိုင်စေရန်ဖြစ်သည်။ သို့သော် တိုင်းပြည်၏ဘတ်ဂျက်အပေါ် ဖိစီးနေသော ဝန်ထုပ်ဝန်ပိုးလျှော့ချရေး သက်သက်အပေါ် အလေးထား ဦးစားပေးလုပ်ဆောင်ပါက တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများ ကြုံရနိုင်ပါသည်။ အရှုံးပေါ်နေသော (သို့မဟုတ်)အမြတ်ရသင့်သလောက်မရသော စက်မှုကုန်ထုတ်လုပ်ငန်းတစ်ခုချင်းအလိုက် အရှုံးပေါ်ရသည့်အကြောင်းရင်းကို အသေအချာစိစစ်သုံးသပ်သင့်ပါသည်။ ပုဂ္ဂလိကပိုင်ပြုလုပ်ရာ၌ ထည့်သွင်းစဉ်းစားသင့်သော အချက်နှစ်ချက်ရှိသည်ဟု ယူဆမိပါသည်။ နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများကို နိုင်ငံသူ နိုင်ငံသားတို့၏ ချွေးနဲ့စာဖြင့် တည်ဆောက်ထားခြင်းဖြစ်၍ ဖြစ်သင့်ဖြစ်ထိုက်သော အကျိုးအမြတ်ရရှိအောင် ဖန်တီးရယူနိုင်သည့်နည်းလမ်းများရှိပါက နိုင်ငံပိုင်လုပ်ငန်းအဖြစ် ဆက်လက်ထားရှိသင့်ပါသည်။

ဒုတိယအချက်မှာ မြန်မာနိုင်ငံ၌ ပုဂ္ဂလိကပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်မရှိသေး၍ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းကြောင့် အလုပ်လက်လွတ်ရမည့် နိုင်ငံ့ဝန်ထမ်းများကို ပုဂ္ဂလိကကဏ္ဍမှ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်သည့် အခြေအနေမျိုးမရှိသေးပါ။ ယနေ့အချိန်၌ပင် နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများကို ငှားရမ်း၍(သို့မဟုတ်)ဖက်စပ်သဘောတွဲဖက်လုပ်ကိုင်နေသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် လုပ်ငန်းလည်ပတ်လုပ်ကိုင်ပုံသဘာဝမတူ၍ နိုင်ငံ့ဝန်ထမ်းများကို ဆက်လက်ခန့်ထားရန်ဝန်လေးကြသည်။ မူဝါဒအရခွင့်ပြုပါက နိုင်ငံ့ဝန်ထမ်းများကို ဆက်လက်ခန့်ထားခြင်းမရှိသလောက်နည်းပါးသည်ဟု ပြောရမည်သာ ဖြစ်ပါသည်။

ဖြစ်သင့်ဖြစ်ထိုက်သော အကျိုးအမြတ်ရရှိအောင် ဖန်တီးနိုင်သည့်နည်းလမ်းများရှိသည်ကို သကြားစက်ရုံများအား နမူနာထား၍ ဆွေးနွေးလိုပါသည်။ မြန်မာနိုင်ငံရှိ သကြားစက်ရုံများသည် ကြံများကိုကြိတ်၍ ထွက်ရှိလာသောကြံကြိတ်ဖတ်များအား လောင်စာအဖြစ်အသုံးပြုလျက် စက်ရုံကိုလည်ပတ်ကြသည်။ အိန္ဒိယနိုင်ငံရှိ သကြားစက်ရုံများကမူ ကြံကြိတ်ဖတ်ကိုပင် လောင်စာအဖြစ်အသုံးပြုပြီး စက်ရုံကိုလည်ပတ်သည်သာမက ပိုလျှံသောလျှပ်စစ်ဓာတ်ကို နိုင်ငံ၏ မဟာဓာတ်အားလိုင်းသို့ ပေးပို့ရောင်းချနိုင်သည်။ သကြားစက်ရုံများ၏လည်ပတ်ပုံသည် လုပ်ငန်းအဆင့်များ၍ရှုပ်ထွေးပါသည်။ သို့ဖြစ်၍ အိန္ဒိယနိုင်ငံရှိ သကြားစက်ရုံများ၌ လုပ်ငန်းအစိတ်အပိုင်းတစ်ခုချင်းအလိုက် လုပ်ငန်းကြီးကြပ်သူပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် အင်ဂျန်နီယာလက်စွဲပုံများရေးဆွဲပေးသည့် အင်ဂျင်နီယာများရှိပါသည်။ မြန်မာနိုင်ငံရှိ သကြားစက်ရုံများ၌ ဤကဲ့သို့သော အင်ဂျင်နီယာလက်စွဲပုံများ ရေးဆွဲပေးသည့် အင်ဂျင်နီယာများမရှိသကဲ့သို့ အင်ဂျင်နီယာလက်စွဲပုံများလည်း ပြည့်ပြည့်စုံစုံလုံလုံလောက်လောက်မရှိပါ။ သကြားစက်ရုံများသည် ကြံရာသီ၌သာလည်ပတ်ကြ၍ မြန်မာနိုင်ငံတွင် တစ်နှစ်သုံးလေးလခန့်သာလည်ပတ်သည်။ အိန္ဒိယနိုင်ငံရှိ သကြားစက်ရုံများကမူ တစ်နှစ်ခြောက်လမှ ကိုးလအထိ လည်ပတ်သည်။ သကြားစက်ရုံများရပ်နားထားချိန်၌ အိန္ဒိယနိုင်ငံတွင် စက်ရုံလည်ပတ်ရေးဆိုင်ရာ ဝန်ထမ်းများကို သူတို့၏ လုပ်ငန်းတာဝန်ပိုင်းအလိုက် ကျွမ်းကျင်မှု မွမ်းမံသင်တန်းများကို နှစ်စဉ် စဉ်ဆက်မပြတ်တက်ရောက်သင်ကြားစေသည်။ မြန်မာနိုင်ငံရှိ သကြားစက်ရုံများ၌ ဤကဲ့သို့သော လုပ်ငန်းခွင်ကျွမ်းကျင်မှု မွမ်းမံသင်တန်းများ မရှိသကဲ့သို့ သင်ကြားပေးမည့် သင်တန်းကျောင်းလည်းမရှိပါ။ အိန္ဒိယနိုင်ငံ၌ အမျိုးသားသကြားတက္ကသိုလ် (National Sugar Institute )ကို ၁၉၃၆ ခုနှစ်ကတည်းက ဖွင့်လှစ်ထားပြီး အိန္ဒိယဗဟိုအစိုးရဝန်ကြီးဌာနတစ်ခုလက်အောက်၌ ရှိသည်။ မြန်မာနိုင်ငံရှိ သကြားစက်ရုံများကို နည်းပညာ၊ စီမံခန့်ခွဲမှုနှင့် အရင်းအနှီးများရှိသော ပြည်ပကုမ္ပဏီများထံ လွှဲပြောင်းပေးခြင်းသည် မဖြစ်သင့်သကဲ့သို့ အနိမ့်ဆုံးနည်းပညာနှင့် စီမံခန့်ခွဲမှု မပြည့်စုံ၍ ပြည်တွင်းလုပ်ငန်းရှင်များထံလည်း မလွှဲပေးသင့်ပါ။ သကြားစက်ရုံကဲ့သို့ အခြေအနေရှိသော နိုင်ငံပိုင်စက်မှုကုန်ထုတ်လုပ်ငန်းများကို နိုင်ငံပိုင်လုပ်ငန်းအဖြစ်သာ ဆက်လက်ထားရှိပြီး နည်းပညာနှင့် စီမံခန့်ခွဲမှုအပိုင်း၌သာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။



## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ ဗီဂျေနမ်ဘီးယားတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နေမှု၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**


## ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ဂုဏ်ပြုသည့် Suu's 71 Solo Photo Show ပြသမည်

**မန္တလေး မေ ၂၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဇွန် ၁၉ ရက်တွင် ကျရောက်မည့် အသက် (၇၁) နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော ဓာတ်ပုံသတင်းထောက် စောဖိုးခွား၏ Suu's 71 Solo Photo Show ကို ဇွန် ၃ ရက်မှ ၅ ရက်ထိ သုံးရက်တိုင်တိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ မင်္ဂလာမန္တလေး-အနုပညာလမ်းရှိ သီရိအနုပညာပြခန်းတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ "ဓာတ်ပုံတွေက လူတစ်ဦးချင်းစီရဲ့ သမိုင်းတွေပါပဲ။ ဒီလိုသမိုင်းတွေထဲကမှ မြန်မာနိုင်ငံအနှံ့ မိုင် ၇၀၀၀ ကျော်ခရီးကို သွားခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၂၀၁၅ မဲဆွယ်စည်းရုံးရေး မှတ်တမ်းဓာတ်ပုံတွေဟာ မြန်မာနိုင်ငံရဲ့ သမိုင်းတစ်ကွေ့မှာ မှတ်တမ်းဓာတ်ပုံတွေအဖြစ်ကျန်ရစ်နေပါတယ်။ အဲဒီဓာတ်ပုံတွေကို လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၇၁) နှစ်ပြည့် မွေးနေ့အဖြစ် ဂုဏ်ပြုပြသလိုက်ပါတယ်"ဟု ဓာတ်ပုံသတင်းထောက် စောဖိုးခွားက ပြောသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် မှတ်တမ်းဓာတ်ပုံပေါင်း ၇၁ ပုံပြသသွားမည်ဖြစ်ပြီး ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ပြသသွားမည်ဖြစ်ကာ မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ကြေညာချက်အမှတ်၊ ၉/၂၀၁၆
၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်)

**ပြည်ထောင်စုအစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က) တို့ပါ ပြဋ္ဌာန်းချက်များအရ **"ပြည်ထောင်စုအစိုးရအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးထင်ကျော် | နိုင်ငံတော်သမ္မတ |
| (ခ) | ဦးမြင့်ဆွေ | ဒုတိယသမ္မတ |
| (ဂ) | ဦးဟင်နရီဗန်ထီးယူ | ဒုတိယသမ္မတ |
| (ဃ) | ဒေါ်အောင်ဆန်းစုကြည် | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သမ္မတရုံးဝန်ကြီးဌာန |
| (င) | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ဇ) | ဦးကျော်တင့်ဆွေ | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာဖေမြင့် | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန |
| (ည) | သူရဦးအောင်ကို | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ဋ) | ဒေါက်တာအောင်သူ | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (ဌ) | ဦးသန့်စင်မောင် | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဍ) | ဦးအုန်းဝင်း | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ဎ) | ဦးဖေဇင်ထွန်း | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ဏ) | ဦးသိန်းဆွေ | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (တ) | ဦးခင်မောင်ချို | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန |
| (ထ) | ဒေါက်တာသန်းမြင့် | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (ဒ) | ဒေါက်တာမျိုးသိမ်းကြီး | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |
| (ဓ) | ဒေါက်တာမြင့်ထွေး | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| (န) | ဦးကျော်ဝင်း | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ပ) | ဦးဝင်းခိုင် | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ဖ) | ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (ဗ) | ဦးအုန်းမောင် | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| (ဘ) | နိုင်သက်လွင် | ပြည်ထောင်စုဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |
| (မ) | ဦးထွန်းထွန်းဦး | ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ရာထူးအလျောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၀/၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ အောက်ပါ ပြည်ထောင်စုဝန်ကြီးဌာနများကို ယှဉ်တွဲဖော်ပြပါအတိုင်း အမည်ပြောင်းလဲသတ်မှတ်လိုက်သည် -

| | မူလအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် |
|---|---|---|
| (၁) | ကျန်းမာရေးဝန်ကြီးဌာန<br>(Ministry of Health) | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန<br>[Ministry of Health and Sports (MOHS)] |
| (၂) | တိုင်းရင်းသားရေးရာဝန်ကြီးဌာန<br>(Ministry of Ethnic Affairs) | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန<br>(Ministry of Ethnic Affairs) |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်

**နေပြည်တော် မေ ၂၅**
ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Sommai Kaotira ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ထိုင်းဘုရင့် တပ်မတော်ဌာနချုပ်၌ ဂုဏ်ပြု ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံ အစိုးရချင်းနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်မှု အခြေအနေများ၊ ပြည်တွင်း ငြိမ်းချမ်းရေးဆောင်ရွက် နေမှုအခြေအနေများကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် General Tanasak Patimapragorn တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တွေ့ဆုံပြီး ယဉ်ကျေးမှု နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မြဝတီ)**

# မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် မေ ၂၅**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် China Radio International (CRI)မှ Director General, Mr. An Xiaoyu နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီးဌာန နှင့် CRI တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မီဒီယာ ကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဂျပန်အမျိုးသမီးတစ်ဦးအသတ်ခံခဲ့ရမှု အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်စခန်းအနီးဆန္ဒပြ


**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန် ကာဒီနာလေတပ်အခြေစိုက်စခန်းရှေ့၌ ဒေသခံဂျပန်လူမျိုး ၄၀၀၀ ခန့်က ယင်းလေတပ်စခန်းတွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်အရပ်သားဝန်ထမ်းတစ်ဦး၏ သတ်ဖြတ်မှုကြောင့် ဂျပန်အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ မေ ၂၅ ရက်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဆန္ဒပြသူများထဲတွင် ဂျပန်လွှတ်တော်အမတ်များ ပါဝင်သည်။ ဆန္ဒပြသူများက အမေရိကန်လေတပ်အခြေစိုက်စခန်းအားလုံးဖယ်ရှားပေး၊ ဟီနိုကို လေတပ်အခြေစိုက်စခန်းသစ်အလိုမရှိ၊ အိုကီနာဝါတွင် လေတပ်အခြေစိုက်စခန်းအလိုမရှိ ဟူသောကြွေးကြော်သံများ ရေးသားထားသည့်စာတန်းများနှင့် နဖူးစည်းများကိုင်ဆောင်ကာ ဆန္ဒပြကြသည်။

လွန်ခဲ့သည့် ၇၁ နှစ်တာကာလပတ်လုံးတွင် အမေရိကန်လေတပ်စခန်းများတည်ရှိမှုကြောင့် အိုကီနာဝါကျွန်း၏ပြည်သူများအနေဖြင့် ထိခိုက်ခံစားရမှုများကို အလူးအလိမ့် ခံစားခဲ့ကြရပြီးဖြစ်ကြောင်း၊ စိတ်သောကရောက်မှုများအတွက် ဆက်လက်မခံစားနိုင်တော့ကြောင်း နာဂိုမြို့တော်ဝန် စုစုမူက ဆန္ဒပြပွဲတွင် ပြောကြားသည်။ အိုကီနာဝါကျွန်းနေပြည်သူများ၏ အမျက်ဒေါသမှာ အထွတ်အထိပ်သို့ ရောက်ရှိနေကြောင်း ဆန္ဒပြသူတစ်ဦးက ပြောကြားသည်။

အသက် (၂၀) အရွယ် ဂျပန်အမျိုးသမီးတစ်ဦးကို အမေရိကန်ကမ်းတက် တပ်သားဟောင်းဖြစ်သူ ကန့်နက်ဖရန့်ကလင်ရှင်ဇာတိုဆိုသူက လွန်ခဲ့သည့် လအတွင်းက အဓမ္မပြုကျင့်ကာ လည်ပင်းညှစ်သတ်ခဲ့ပြီး ၎င်း၏ရုပ်အလောင်းအား သစ်တောထူထပ်သောနေရာတွင် စွန့်ပစ်ထားခဲ့သည့်အမှု ပေါ်ပေါက်ခဲ့သည်။




အိုကီနာဝါကျွန်း၌ အမေရိကန်စစ်ဘက်တပ်ဖွဲ့ဝင်များကျူးလွန်သော ရာဇဝတ်ပြစ်မှုများ ထပ်တလဲလဲဖြစ်ပွားခဲ့သည်။ ယခုနှစ်မတ်လအတွင်းက အမေရိကန်ရေတပ်သားတစ်ဦးသည် အိုကီနာဝါကျွန်း၏ မြို့တော်နာဟာရှိ ဟိုတယ်တစ်ခု၌ ဂျပန်အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ခဲ့မှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။ **ဆင်ဟွာ။**

# လူသားချင်းစာနာထောက်ထားမှုပြဿနာများကို နိုင်ငံရေးအရဖြေရှင်းရန် ဘန်ကီမွန်းတိုက်တွန်း

**အစ္စတန်ဘူလ် မေ၂၅**

ကမ္ဘာ့အင်အားကြီး နိုင်ငံများမှ ခေါင်းဆောင်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို နိုင်ငံရေးအရ ဖြေရှင်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်ကြကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ၂၄ရက်တွင် ပြောကြားသည်။

ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးညီလာခံကို တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့၌ နှစ်ရက်ကြာကျင်းပခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအကြီးအကဲက အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးညီလာခံမှာ အောင်မြင်မှုရှိသောညီလာခံဖြစ်သော်လည်း ယင်းညီလာခံသို့ ကမ္ဘာ့ခေါင်းဆောင်အချို့ တက်ရောက်ရန် ပျက်ကွက်ခြင်းအတွက် မိမိစိတ်ပျက်မိကြောင်း ဘန်ကီမွန်းကပြောကြားသည်။



အဆိုပါထိပ်သီးညီလာခံ၌ ကုလသမဂ္ဂအဖွဲ့နိုင်ငံများ၊ အဖွဲ့အစည်းများနှင့်အဖွဲ့များက ကတိကဝတ်ပြုမှုပေါင်း ၁၅၀၀ အထိ ချမှတ်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အထူးသဖြင့် ဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်မှအပ ဂျီ-၇ နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်နိုင်ခြင်းမရှိခဲ့ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ဘန်ကီမွန်းသည် တူရကီ၌ကျင်းပသောညီလာခံအပြီး ခရီးဆက်ခဲ့ရာ ၎င်း၏ဇာတိရပ်မြေ တောင်ကိုရီးယားနိုင်ငံသို့ မေ၂၅ရက်တွင် ရောက်ရှိခဲ့သည်။ **ဆင်ဟွာ။**

# တာလီဘန်အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်အသစ်ရွေးချယ်ခန့်အပ်

**ကဘူး မေ ၂၅**

အာဖဂန်နစ္စတန် တာလီဘန်အကြမ်းဖက်အဖွဲ့က မော်လာဗီ ဟိုင်ဘာတူလာ အာဟွန်ဇာဒါအား တာလီဘန်ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း တာလီဘန်အဖွဲ့က ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။

တာလီဘန်ခေါင်းဆောင် မူလာ မိုဟာမက် အာခ်တာ မန်ဆာသည် အမေရိကန် လေကြောင်းတိုက်ခိုက်မှုတစ်ခုတွင် သေဆုံးပြီးနောက် ယခုခေါင်းဆောင်အသစ်ကို ခန့်အပ်အတည်ပြုခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့ကဆိုသည်။

တာလီဘန်အဖွဲ့ ဦးဆောင်ကောင်စီအဖွဲ့ဝင်များက ခေါင်းဆောင်သစ် မော်လာဗီ ဟိုင်ဘာတူလာ အာဟွန်ဇာဒါကို သစ္စာခံခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တာလီဘန် ခေါင်းဆောင်သစ် မော်လာဗီဟိုင်ဘာတူလာ အာဟွန်ဇာဒါသည် သေဆုံးသွားသော ခေါင်းဆောင် မူလာ မိုဟာမက် အာခ်တာ မန်ဆာ၏ ဒုတိယအကြီးအကဲတာဝန်ကို ထမ်းဆောင်ခဲ့ပြီး တာလီဘန် ဦးဆောင်ကောင်စီ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

အသက် (၅၀) ဝန်းကျင်ရှိသော အာဟွန်ဇာဒါသည် နူဇိုင်မျိုးနွယ်ဝင်ဖြစ်ပြီး ကန်ဒါဟာစီရင်စု တောင်ဘက်ပိုင်းရှိ ပန်ဂျ်ဝါရီ ခရိုင်တွင် နေထိုင်သည်။ ဒေသခံများက ၎င်းအား တိုက်ခိုက်ရေးခေါင်းဆောင်တစ်ဦးအဖြစ်ထက် ဘာသာရေး ယုံကြည်သက်ဝင်သူတစ်ဦးအဖြစ် ရှုမြင်ကြသည်။

တာလီဘန်ဦးဆောင် ကောင်စီက မူလာ ဆာရာဂျူဒင် ဟာကာနီနှင့် တာလီဘန် အဖွဲ့တည်ထောင်သူ မူလာမိုဟာမက်အိုမာ၏သားဖြစ်သူ မူလာ မိုဟာမက် ရာကုတ်ဘ် တို့အား ခေါင်းဆောင် အာဟွန်ဇာဒါ၏ လက်ထောက်များ (တာလီဘန်အဖွဲ့ ဒုတိယ အကြီးအကဲများ) အဖြစ် ရွေးချယ်ခဲ့သည်။

ခေါင်းဆောင်မန်ဆာသည် မေ ၂၁ ရက်က အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ် တစ်နေရာတွင် အမေရိကန် ဒရုန်းလေယာဉ်များ၏ လေကြောင်း ပစ်ခတ်တိုက်ခိုက်မှုတွင် သေဆုံးခဲ့သည်။ ခေါင်းဆောင်ဟောင်း မန်ဆာသည် ၂၀၁၅ ခုနှစ် ဇွန် ၃၀ ရက်တွင် ခေါင်းဆောင်အဖြစ်ရွေးချယ်ခြင်းခံခဲ့ရသည်။ **ဆင်ဟွာ။**

# လူမှောင်ခိုကူးမှု တိုက်ဖျက်နိုင်ရေးအတွက် လစ်ဗျားကို အီးယူရေတပ်တပ်ဖွဲ့က ကူညီမည်

**ရောမ မေ ၂၅**

လူမှောင်ခိုကူးမှု တိုက်ဖျက်နိုင်ရေးအတွက် လစ်ဗျား၌ ပင်လယ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ငယ်တစ်ခု ထူထောင်နိုင်ရန် ဥရောပသမဂ္ဂ(အီးယူ)၏ မြေထဲပင်လယ်ဒေသဆိုင်ရာ ရေတပ်တပ်ဖွဲ့က လေ့ကျင့်သင်တန်းပေးမည်ဖြစ်ကြောင်း စစ်ရေးမစ်ရှင်အကြီးအကဲ ရေတပ်ဗိုလ်ချုပ် အန်ရီကို ခရီဒင်ဒီနိုက မေ ၂၅ ရက်တွင် ပြောကြားသည်။

အီးယူ၏ မြေထဲပင်လယ်ဒေသဆိုင်ရာ ရေတပ်တပ်ဖွဲ့သည် ရက်သတ္တပတ် ၁၄ ပတ်အတွင်း နိုင်ငံတကာ ရေပိုင်နက်အတွင်း စစ်သင်္ဘောတစ်စင်းကို လေ့ကျင့်ရေးစခန်းအဖြစ် အသုံးပြုကာ ပထမအသုတ် လစ်ဗျားတပ်ဖွဲ့ဝင် ၁၀၀ ကို လေ့ကျင့်ပေးနိုင်ကြောင်း ၎င်းက အီတလီနိုင်ငံတွင် ထုတ်ဝေသော လာရီပတ် ဘလီကာ သတင်းစာသို့ ပြောကြားသည်။

ပြည်တွင်းစစ်ပွဲမဖြစ်ပွားမီ လစ်ဗျားအစိုးရအဖွဲ့ထံသို့ အီတလီနိုင်ငံက ထောက်ပံ့ပေးခဲ့သော ကင်းလှည့်ရေယာဉ် ရှစ်စင်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ငယ်ဖွဲ့စည်းရန် နောက်ထပ်တပ်ဖွဲ့ဝင်များနှင့် ကင်းလှည့်ရေယာဉ်များလိုအပ်မည်ဖြစ်သည်ဆို၏။

ဆိုဖီယာစစ်ဆင်ရေးဟု အမည်ပေးထားသော စစ်ဆင်ရေးလုပ်ငန်းအတွက် အီးယူတပ်ဖွဲ့ကို ထူထောင်ခဲ့ပြီး မြေထဲပင်လယ်ဒေသ၌ လူမှောင်ခိုကူးမှုကို တိုက်ဖျက်လျက်ရှိကြောင်း၊ သို့ရာတွင် ယင်းတပ်ဖွဲ့ကို လစ်ဗျားအစိုးရက ဖိတ်ခေါ်ခြင်းမရှိပါက လစ်ဗျားရေပိုင်နက်အတွင်းသို့ ဝင်ရောက်မည်မဟုတ်ကြောင်း၊ လစ်ဗျားနိုင်ငံတွင် စစ်ပြိုင်အုပ်စုနှစ်ခုက ထရီပိုလီနှင့် ဘင်ဂါဇီမြို့တို့ကို ခြေကုပ်ယူကာ အုပ်ချုပ်လျက်ရှိကြကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ဂျီ ၇ ထိပ်သီး ဆွေးနွေးပွဲ ကြေညာချက် မူကြမ်း ထွက်ပေါ်လာ

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံတွင် ကျင်းပမည့် ဂျီ ၇ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲမှ ထုတ်ပြန်မည့် ကမ္ဘာ့စီးပွားရေးအပေါ် ကြေညာချက်မူကြမ်းကို အင်န်အိတ်ချ်ကေ သတင်းဌာနက ရရှိခဲ့သည်။

ကြေညာချက်မူကြမ်းတွင် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက ဈေးကွက်ခိုင်မာမှု၊ အလုပ်အကိုင်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးမဟာဗျူဟာတစ်ရပ်ကို အတူတကွပူးပေါင်းဖော်ဆောင်သွားကြမည်ဟု ကတိပြုထားသည်။

ကမ္ဘာ့စီးပွားရေးသည် ပြန်လည်ဦးမော့လာနေဆဲဖြစ်သည့်တိုင် ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးမှုများနှင့် မညီမျှမှုများရှိနေသည်ဟု အဆိုပါမူကြမ်းတွင် ဖော်ပြထားပြီး ကမ္ဘာ့စီးပွားရေးအတွက် အန္တရာယ်များရှိနေသည်ဟု သတိပေးထားသည်။

ပုံမှန်စီးပွားရေးလုပ်ငန်းများသည် ကျဆင်းလာလျက်ရှိနေပြီး အချိန်မီကုစားမှုမရှိပါက အကျပ်အတည်းနှင့်ရင်ဆိုင်ရဖွယ်ရှိနေသည်ကို အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက သဘောပေါက်နားလည်ကြသည်။ မည်သည့်အချိန်တွင်ဖြစ်စေ လိုအပ်သည့်ရေတိုရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးနိုင်ရန် အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များက အဆင်သင့်ရှိသည်ဟု ကြေညာချက်မူကြမ်းတွင် ဖော်ပြထားသည်။

အချို့နိုင်ငံများကလည်း ကမ္ဘာ့စီးပွားရေးနှင့်ပတ်သက်၍ ယခုကြေညာချက်မူကြမ်းအပေါ် အကောင်းမမြင်မှုများရှိနေသည်ဟု သိရသည်။ ယင်းကြေညာချက်မူကြမ်းကို အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် အတည်ပြုနိုင်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# နိုင်ငံတော်နှင့် တောင်သူများအကျိုးရှိအောင် ဧက ၁၂၀၀ ကိုအသုံးပြု၍ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝက်တိုးစိုက်ကွင်း စုစုပေါင်း ၃၇၂၆ ဧကသည် တောင်သူများထံမှ သိမ်းဆည်းထားခြင်းမဟုတ်ကြောင်း၊ ဌာနမှတာဝန်ယူ ဆောင်ရွက်နိုင်သည့် ဧက ၁၂၀၀ ကို ဆက်လက်တာဝန်ယူဆောင်ရွက်မည် ဖြစ်ပြီး ကျန်ရှိသော ၂၅၂၆ ဧကကို နိုင်ငံတော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်အပ်နှံမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ယနေ့ပြည်သူ့လွှတ်တော်တွင် ပြောကြားသည်။

ဝက်တိုးစိုက်ကွင်းရှိ ၃၇၂၆ ဧကကို ၁၉၇၉-၁၉၈၀ ခုနှစ်တွင် နိုင်ငံပိုင် စိုက်ကွင်းအဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိထားပြီးဖြစ်ပါကြောင်း၊ စိုက်ပျိုးနိုင်သောဧရိယာ ဧက ၁၃၀၀၊ ဖော်ထုတ်ခြင်းမပြုရသေးသောဧရိယာ ၂၀၃၁ ဧကနှင့် မစိုက်ပျိုးနိုင်သော ဧရိယာ ၃၉၅ ဧကရှိပါကြောင်း ဒုတိယဝန်ကြီးက ဆိုသည်။

တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ဝက်တိုးကျေးရွာအနီးရှိ ဝက်တိုးစိုက်ကွင်း မြေဧက ၄၀၀၀ နီးပါးကို နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် သိမ်းဆည်းခံလယ်သမားများ အကျိုးရှိအောင် မည်သို့ ဆက်လက်ဆောင်ရွက်မည်ကိုသိရှိလိုကြောင်း မေးမြန်းချက်အပေါ် ဒုတိယဝန်ကြီးက ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံတော်နှင့် တောင်သူများအကျိုးရှိအောင် ဧက ၁၂၀၀ ကိုအသုံးပြု၍ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်နိုင်ရေး အတွက် ဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။

မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၏ ပတ်ဝန်းကျင်


ဒုတိယဝန်ကြီး
ဒေါက်တာထွန်းဝင်း


တန့်ဆည်မဲဆန္ဒနယ်မှ
ဦးမြင့်ထွန်း

ထိန်းသိမ်းရေးဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် မိုးကုတ်မြို့ အင်းကြီးအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ပြီးပြတ်မှုမရှိသေးသည်ကို ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက မိုးကုတ်အင်း သဲနုန်းတူးဖော်ခြင်းနှင့် အခြားလိုအပ်သည့် ဆက်စပ်လုပ်ငန်းများကို သီးသန့်ရန်ပုံငွေ ကျပ်သန်း ၁၉၁၀ တင်ပြတောင်းခံ၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ မိုးကုတ်အင်း ပြန်လည်ပြုပြင်ခြင်းဖြင့် မူလရေသိုလှောင်နိုင်သောပမာဏ ၂၀၃ ဧကပေခန့်မှ ဧကပေ ၆၀၀ ခန့်အထိ ပိုမိုသိုလှောင်နိုင်ပြီဖြစ်ပါကြောင်း။

မိုးကုတ်အင်း၌ ကန်တွင်းသဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်မြေဖို့ခြင်း၊ ကန်ပေါင်အတွင်းဘက် ရေလှိုင်းကာကျောက်ရိုးစီခြင်း၊ ကန်ပေါင်ထိပ်ပြင် ခဲစာခင်းခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေဝင်အဆောက်အအုံ တည်ဆောက်ခြင်း၊ ကန်ပေါင်ထိပ်ပြင်၊ အလျှောနှင့်အောက်ခြေတို့တွင် ရေဆင်းမြောင်းများ ပြုလုပ်ခြင်း၊ ကန်ပေါင်ပေါ်သို့တက်ရန် လှေကားများပြုလုပ်ခြင်း လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ခဲ့ပါကြောင်း။

မိုးကုတ်အင်းဧရိယာနှင့်ဆက်စပ်၍ဆောင်ရွက်ရမည့် ရေဆိုးထုတ်မြောင်း အလျား ပေ ၂၆၅၀၊ ထိပ်ဝအကျယ် ၁၂ ပေ တူးဖော်ပြုပြင်ခြင်းလုပ်ငန်းအား ခန့်မှန်းခြေစာရင်းတွင် ပါဝင်ခြင်းမရှိသော်လည်း ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေပိုလွှဲအထွက်မြောင်းနှင့်ဆက်စပ်လျက်ရှိသော ရေဆိုးထုတ်မြောင်း အလျားပေ ၁၀၀၀ ခန့်မှာ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့များ၏ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း။

ကန်ပေါင်ပေါ်တွင် လမ်းမီးတိုင်စိုက်ထူခြင်း၊ သံဆန်ခါကာရံခြင်း၊ ရေပိုလွှဲ အထွက်မြောင်း၊ ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းနှင့် မိုးကုတ်အင်း ရေရှည် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆက်လက်စီမံဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း၊ နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# မြောက်ဦးမြို့နယ် လက်ပံတောကျေးရွာ ကြိုးတံတားပြုလုပ်ရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ပံတောကျေးရွာ ကြိုးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပေါ်ရှိတံတားမဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်လမ်းပေါ်ရှိ တံတား ဖြစ်ပါကြောင်း၊ ထိုကြောင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်က မြောက်ဦးမြို့နယ် လက်ပံတောကျေးရွာ ကြိုးတံတားပြုလုပ်ရန်


ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးကျော်ကျော်

လိုအပ်ငွေ ကျပ်သန်း ၅၀ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထိုသို့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ဥပဒေကြမ်းများပါ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်မှုအတွက် ရွေးကောက်ပွဲကျင်းပမည့် အချိန်ကန့်သတ်မှုအား ပြန်လည်စဉ်းစားပေးပါရန် အကြံပြုဆွေးနွေးသည်။

လွှတ်တော် ကိုယ်စားလှယ်၏ အကြံပြုဆွေးနွေးမှုအပေါ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေးက ရှင်းလင်းတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ၁၉၉၀ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၁၁/၁၉၉၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ရုပ်သိမ်းသင့်ကြောင်း ပါရှိသည်။


ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသည့် လျှပ်စစ်နည်းဥပဒေများ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စစ်ဘေးရှောင်ကလေးများ ပညာသင်ကြားရေးအတွက် အရေးကြီးအဆိုတင်သွင်းမှုကို လွှတ်တော်ကပယ်ချ

**နေပြည်တော် မေ ၂၅**

စစ်ဘေးရှောင်ကလေးသူငယ်များ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကောင်းမွန်စွာပညာသင်ကြားနိုင်ရေး စီစဉ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းမှုကို ပယ်ဖျက်ခဲ့သည့်အတွက် မေးခွန်းအဖြစ်သာ ပြောင်းလဲမေးမြန်းခွင့်ရခဲ့ကြောင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးက ယနေ့မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

"အဆိုကို ဘာကြောင့် ပယ်ဖျက်ရတာလဲဆိုတာတော့ ကျွန်မလည်းမသိဘူး။ ဘာမှလည်း ခေါ်ပြောတာမရှိဘူး။ ကျွန်မကို မေးခွန်းအဖြစ်ပြောင်းပေးပါလို့ပဲ လွှတ်တော်ရုံးက ပြောတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မေးခွန်းအနေနဲ့ပြောင်းပြီးမှ မေးခွင့်ရတယ်ဆိုလည်း မဆိုးပါဘူး"ဟု ၎င်းက ပြောသည်။

ထို့ပြင် ဒေါ်နန်းမိုးက "ပြီးခဲ့တဲ့နှစ်တွေက တောင်ပေါ်ဒေသက ကလေးတွေ ပြေးရင်းလွှားရင်းနဲ့ ကျောင်းမတက်ရဘူး။ ဆရာမတွေလည်း မအေးချမ်းတဲ့နယ်မြေဆိုတော့ အဲဒီမှာပညာသွားသင်ကြားဖို့ ကြောက်ကြတယ်။ သူတို့အနေနဲ့ စိုးရိမ်ကြတော့ ကလေးတွေ ကောင်းကောင်းမွန်မွန် ပညာမသင်ရဘူး။ မအေးချမ်းတဲ့ဒေသတွေကို အစိုးရအနေနဲ့ ဘာမှမလုပ်ပေးနိုင်ဘူးလေ။ ဒါကိုတော့ နားလည်ပါတယ်။ ဒါပေမယ့် အခု စစ်ဘေးတိမ်းရှောင်နေတဲ့ ကလေးတွေရှိတယ်။ စစ်ဘေးသင့်ပြီး ကိုယ့်နယ်ကို ပြန်လို့မရတဲ့ကလေးတွေရှိပါတယ်။ အဲဒါကြောင့် ဒီကိစ္စကို ဖြေရှင်းနိုင်ဖို့ အဆိုအဖြစ်မရတော့လည်း မေးခွန်းအဖြစ်ပြောင်းမေးရတာပါ"ဟု ပြောသည်။

"မေးခွန်းဆိုတာက အခုချက်ချင်းမေးလို့ ဖြေလို့မရပါဘူး။ နောက် ၁၅ ရက်လောက် စောင့်ရမယ်ဆိုတဲ့ အခါကျတော့ အဆင်မပြေတော့ပါဘူး။ အခု သီပေါမှာရှိတဲ့ ဒုက္ခသည်စခန်းမှာ ကလေးအယောက် ၃၀၀ ကျော်ရှိပါတယ်။ သူတို့ပညာရေးအတွက် အစိုးရအနေနဲ့ ပြင်ဆင်ထားတာ ရှိ၊ မရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေကို ဖုန်းဆက်မေးတော့ ဘာမှအစီအစဉ်မရှိဘူးလို့ သိရပါတယ်။ အဲဒီကလေးတွေအတွက် တကယ်ကိုရင်လေးမိတယ်။ အလွန်လည်း စိတ်ပူမိတယ်"ဟု ဆက်ပြောသည်။

"မေးခွန်းအဖြစ် ပြောင်းလိုက်တဲ့အခါကျတော့ ကျွန်မစိတ်ထဲမှာ တအားခံစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ မွေးလူနာကို မမွေးနဲ့ဦးလို့ ပြောလိုက်တာနဲ့ အတူတူပါပဲ။ မန်တုံမြို့နယ်က စစ်ဘေးရှောင်စခန်းမှာရှိတဲ့ ကလေးတွေက ကျောင်းတက်လို့ အဆင်ပြေတယ်။


ပလောင်
ကိုယ်ပိုင်
အုပ်ချုပ်ခွင့်ရ
ဒေသ
မန်တုံမဲဆန္ဒ
နယ်မှ
ဒေါ်နန်းမိုး

ဒါပေမယ့် စစ်ဘေးသင့်အိမ်ခြေ ၂၈ အိမ်ကို မီးရှို့သွားတဲ့အတွက် သူတို့နေလို့မရတော့ဘူး။ တခြားမြို့နယ်ကို ပြောင်းရွှေ့သွားရတယ်။ အဲဒီကလေးတွေ ကျောင်းအပ်ဖို့ အခြေအနေ ဘယ်လိုရှိလဲမေးတော့ မသေချာဘူး။ သူတို့မှာ အိမ်ခြေတွေမရှိတော့တဲ့အတွက် သူတို့မိသားစုတွေက သုညကနေ ပြန်စနေရတယ်။ တစ်ယောက်တည်းရပ်တည်ဖို့ မလွယ်တဲ့ခေတ်ကာလမှာ ဒီကလေးတွေ ပညာသင်ကြားဖို့ မလွယ်တော့ဘူးလေ။ ဒေသက အလှမ်းဝေးတဲ့အတွက် NGO တွေလည်း မရောက်နိုင်ဘူး။ အဲလိုမျိုးအခက်အခဲတွေရှိတယ်။ သီပေါမြို့နယ်မှာဆိုရင် အကြမ်းဖျင်းသိရသလောက်က ကလေး ၃၀၅ ဦးလောက်ရှိတယ်။ ဒါတောင် အကုန်လုံးမပါသေးဘူး။ ကျောက်မဲမှာဆိုရင်လည်း အဲလိုမျိုးကျောင်းတက်ရမယ့် ကလေးတွေရှိတယ်" ဟု ၎င်းက ပြောသည်။

အလားတူ ပြီးခဲ့သည့်မေလ ဒုတိယပတ်အတွင်းကလည်း ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် အကူအညီပေးရန် ကိစ္စနှင့်စပ်လျဉ်းသည့် အရေးကြီးအဆိုတင်သွင်းမှုကိုလည်း လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ပယ်ချခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကျောင်းဖွင့်ရာသီ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ စတင်၍ မေ ၃၀ ရက်အထိ ဆောင်ရွက်လျက်ရှိသည်။

**မျိုးမြင့်(သတင်းစဉ်)**

# မင်းကို ပြန်လည် အန်တုခဲ့သူများ

**မြင့်ဆွေဦး**

မြန်မာနိုင်ငံတွင် သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်များတွင် သရေခေတ္တရာ ပျူခေတ်၊ ထို့နောက် မြန်မာတို့ ထူထောင်ခဲ့သည့် ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်တို့တွင်လည်း သက်ဦးဆံပိုင် ပဒေသရာဇ်များက တိုင်းနိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ကြလေသည်။ ပုဂံခေတ်မှစ၍ စိုးမိုးအုပ်ချုပ်သူ မင်းဧကရာဇ်တို့၏ အရှိန်အဝါ ကြီးမားလှသည်။ ပြည်သူတွေက မင်းကို လောကအကျိုးဆောင်သော ဘုရားလောင်းဟူ၍ သဘောထားသည်နှင့်အမျှ မင်းတို့သည်လည်း 'အထိုခပ်သိမ်းကို အစိုးရသော ရေမြေသခင်ဖြစ်သော မင်းကြီး' အဖြစ်သို့ ရောက်လေသည်။ ဤသို့ဖြင့် သက်ဦးဆံပိုင် ဘုရင်ဧကရာဇ်စနစ် တည်မြဲလာခဲ့လေသည်။

မြန်မာနိုင်ငံ သက်ဦးဆံပိုင် ဘုရင်ဧကရာဇ်များကို ဆန့်ကျင်ခဲ့သူများ၊ တွန်းလှန်ခဲ့သူများ မြန်မာ့သမိုင်းတွင် ပေါ်ပေါက်ခဲ့ဖူးလေသည်။ ပုဂံခေတ်တွင် နရသီဟပတေ့မင်း၏ မိဖုရားစောက မင်းကို ဆုံးမခဲ့ဖူးသည်။

'မင်းဟူသည် ပြည်ဝမ်းကို မဖောက်ရာ၊ ပြည်ဦးကင်းကို မနှိမ်ရာ၊ ပြည်တံခွန်ကို မလှဲရာ၊ ပြည်မျက်နှာကို မဖျက်ရာ၊ ပြည်စွယ်ကို မချိုးရာ၊ ပြည်ခြေပြည်လက်ကို မဖြတ်ရာ' ဟူ၍ ဖြစ်သည်။

ဤတွင် ပြည်ဝမ်းသည် နိုင်ငံတွင်း၌ ဥစ္စာပစ္စည်းကြွယ်ဝသူ၊ ပြည်ဦးကင်းသည် အမတ်၊ ပြည်တံခွန်ကား ရဟန်း၊ ပြည်မျက်စိကား ပညာရှိ၊ ပြည်စွယ်ကား မင်းညီမင်းသား၊ ပြည်မျက်နှာကား ပြည်သူ့ သမီးပျို၊ ပြည်ခြေပြည်လက်ကား သူရဲသူခက်ဖြစ်၏။ ယင်းတို့ကို မင်းသည် မစော်ကားရာဟု ဆိုလိုခြင်းဖြစ်သည်။

နရသီဟပတေ့မင်းသည် မင်္ဂလာစေတီကို တည်၍ ပြီးအံ့ဆဲဆဲတွင် ဘုရားပြီးက ပြည်ကြီး ပျက်လတ္တံ့ဟု တဘောင်ပေါ်သောကြောင့် ဘုရားကို အပြီးမသတ်ချေ။ ပုံ့သကူမထေရ်က

'ဟယ် မင်းမိုက်၊ လောဘနိုင်ငံသို့ လိုက်၍ အနိစ္စကမ္မဋ္ဌာန်းကို မရှု၊ ကာမဂုဏ်ချမ်းသာကိုသာ ခံစားသည်။ အလှူကောင်းမှုပြုပြီးမှ ပြည်ပျက်အံ့သည်ကို စိုးရိမ်၍နေခြင်းကား နင့်ထက် မိုက်သသူ မရှိ။ နင့်ပြည်နှင့် နင်မသေဘဲ နေရအံ့လော' ဟု ဆိုလေ၏။

ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီး စိုးစံရစဉ်ကာလက စိတ်တော်သိ ပောင်းတော်ညိတ် မလုပ်ခဲ့သော ဝန်ကြီးမှူးကြီး နှစ်ပါးအကြောင်းကို ဖော်ပြလိုပါသည်။ ဝန်ကြီးမှူးကြီးနှစ်ပါးမှာ ပခန်းမင်းကြီး ဦးရန်ဝေးနှင့် ယောအတွင်းဝန် ဦးဖိုးလှိုင်တို့ ဖြစ်သည်။ ဝန်ကြီးမှူးကြီးနှစ်ပါးတို့သည် ဆရာနှင့်တပည့်လည်း ဖြစ်လေသည်။

ပခန်းမင်းကြီး ဦးရန်ဝေးသည် ပွင့်လင်းပြတ်သားသည်။ ပရိယာယ်မရှိ။ ရိုးရိုးစင်းစင်းပင် မင်း မှားလျှင်မှားကြောင်း ညွှန်ပြ၍ ကန့်ကွက်မြဲ ဖြစ်သည်။ မင်း၏ အမိန့်တော်စာချွန်ကို ယူ၍ ချိုးဖွဲ့ခဲ့သည်။ မင်းက သာသနာမှုကိစ္စတွင် သုံးရန် တစ်အိမ်ထောင်လျှင် ပေးမြဲ အခွန်ထက်တစ်မတ် ပိုပေးရန် စီမံလျှင် ပခန်းမင်းကြီးက အပြင်းအထန်ကန့်ကွက်သည်။ ဇေကနိပါတ် အာရမဒူသကဇာတ်တွင် ဥယျာဉ်ကို ရေလောင်းသော မျောက်သည် သစ်ပင်နုတ်၍ အမြစ်ကို ကြည့်ပြီးမှ အမြစ်အရှည်အတိုလိုက်၍ ရေအနည်းအများလောင်းသဖြင့် ဥယျာဉ်ပျက်စီးရဖူးကြောင်း ပုံဆောင်၍ သာသနာကို အကြောင်းပြလျက် အခွန်တိုးလျှင် မင်းသည် ဥယျာဉ်ဖျက်သော မျောက်နှင့်တူချေတော့မည်ဟု ဆုံးမလေသည်။

ကရင်နီနယ်ကို ချီတက် သိမ်းယူရန် မင်းက အမိန့်ထုတ်သည်ကို ပခန်းမင်းကြီးက ပယ်ဖျက်ခဲ့သည်။ မင်းက မေးသည့်အခါ သိမ်းယူသောကြောင့် အကျိုးထက် အပြစ်က များမည်။ သိမ်းမိလျှင် ယိုးဒယားနှင့်လည်းကောင်း၊ အင်္ဂလိပ်နှင့်လည်းကောင်း နယ်စပ်အချင်းများဖွယ်မြင်သည်။ ယင်းကိစ္စမျိုးကို လုပ်လိုလျှင် လွှတ်တော်ကို အသိပေး တိုင်ပင်ရာသည်။ ယခုလို မင်းတစ်ဦးတည်း လုပ်လိုလျှင် လွှတ်တော်ကို အလျင်ဖျက်ပါဟု လျှောက်တင်လေသည်။

အခါတစ်ပါး၌ မင်းမှုထမ်းတို့ မယားများသဖြင့် လစာနှင့် မလောက်၍ တံစိုးလက်ဆောင်ယူကြသည်။ ထို့ကြောင့် မယားအရေအတွက်ကို ကန့်သတ်သည့် ဥပဒေလုပ်စေဟု မင်းတုန်းမင်းက မိန့်တော်မူလေသည်။ ဤအမိန့်တော်လွှာ လွှတ်တော်သို့ ရောက်ရှိသောအခါ ပခန်းဝန်ကြီးက ဘုရင်မင်းမြတ်သည်လည်း နိုင်ငံတော်အတွင်း မယားအများဆုံးယူသော ပုဂ္ဂိုလ်ဖြစ်၍ ဥပဒေတွင် မင်းကိုပါ ထည့်သွင်းမှ တရားရာရောက်မည်ဆိုသဖြင့် ထို ဥပဒေကို ရပ်ဆိုင်းလိုက်ရလေသည်။

အဝေးမြို့ဝန်တစ်နေရာ လစ်လပ်သဖြင့် မင်းက မိဖုရားတစ်ပါး၏ မောင်ကို ခန့်ထားကြောင်း ပခန်းမင်းကြီး သိသည့်အခါ ထိုအမိန့်ကို ရုပ်သိမ်းပြီး လွှတ်တော်က စိတ်ကြိုက် ရွေးချယ်သောသူကိုသာ မြို့ဝန်ခန့်လေသည်။ မင်းက မေးသောအခါ လွှတ်တော်သည် နိုင်ငံဝန်ကို ထမ်း၏။ မိဖုရားဝန်ကို မထမ်းခဲ့ဟု ပြန်လည် လျှောက်တင်လေသည်။ မင်းလည်း အလျှော့ပေးရလေသည်။

ရွှေတိုက်တော်မှ ထုတ်ပေးသော ရွှေဒင်္ဂါးများသည် တန်ဖိုး ၅ ကျပ်နှုန်းထားသော်လည်း အမှန်တကယ်တွင် ၃ ကျပ်သာ တန်သောကြောင့် ပခန်းဝန်ကြီးက ရွှေတိုက်မှ ငါးကျပ်ပေး၍ ပြန်လဲယူရာတွင် မင်းတုန်းမင်းကြီးက အဘယ်ကြောင့် လုပ်ရသနည်းဟု မေးလေသည်။ ထိုအခါ ပခန်းဝန်ကြီးက မင်းဖြစ်လျက် အမြတ်မယူရ။ အမြတ်ယူလိုသော် မင်းမလုပ်ဘဲ ကုန်သည်လုပ်ချေဟူ၍ ပြတ်ပြတ်သားသား ပြန်လည် လျှောက်တင်ခဲ့လေသည်။ ယင်းပခန်းဝန်ကြီးကား မည်သည့်အခါမျှ မင်းလို လိုက်၍ မလုပ်ဟု ကျော်ကြားသူ ဖြစ်သည်။ မင်းကလည်း အလွန်လေးစားလျက် ဆရာကြီးဟု ခေါ်သည့်အခါ ခေါ်သည်။ ပခန်းရှင်ဘုရင်ကြီးဟု ခေါ်သည့်အခါ ခေါ်လေသည်။

ပခန်းဝန်ကြီး၏ တပည့်ဖြစ်သူ ယောမင်းကြီး ဦးဖိုးလှိုင်မှာလည်း ဆရာနည်းတူ မင်းလိုလိုက် မင်းအကြိုက်ခစားတတ်သူ မဟုတ်ပါ။ ငယ်စဉ်ကပင် မင်းတုန်းမင်းထံတွင် ခစားထမ်းရွက်ခဲ့ပြီး ရွှေဘိုသို့ တိမ်းရှောင်သွားသည့်အခါ ထက်ကြပ်မကွာလိုက်ပါ၍ အမှုထမ်းခဲ့သည်။ မင်းတုန်းမင်း အထွတ်အမြတ် ရောက်သည့်အခါ မင်းလှစည်သူဘွဲ့နှင့် ယောမြို့ကို စားစေသည်။ ထို့နောက် အတွင်းဝန် ရာထူး ချီးမြှင့်ခြင်းခံရပြီး မင်းကြီးဘွဲ့ သနားတော်မူသဖြင့် မင်းကြီး မင်းလှ မဟာစည်သူ ဖြစ်လာသည်။

ပခန်းဝန်ကြီး၏ သွန်သင်မှုကို ခံယူရရှိခဲ့သဖြင့် ဆရာနည်းတူ ပွင့်လင်းပြတ်သားလှသည်။ လျှောက်တင်ချက်များမှာ ဘုရင့်အလိုတော်မကျသဖြင့် မျက်တော်မူရကား သုံးကြိမ်ထက်မနည်း ရာထူးစည်းစိမ်ရုပ်သိမ်းခြင်း ခံရလေသည်။

ယောမင်းကြီးသည် 'မှန်ပ့ါဘုရား' လူစားမျိုး မဟုတ်သဖြင့် အရှင်သခင်၏ အကျိုးနှင့် တိုင်းပြည်အကျိုး ဖီလာဆန့်ကျင် ဖြစ်လာသည့်အခါ ကျေးဇူးရှင် သခင်နောက်သို့ မလိုက်၊ တိုင်းပြည်ဘက်သို့သာ အသက်စည်းစိမ် မငဲ့ကွက်ဘဲ လိုက်လေ့ရှိလေသည်။

တစ်ခါသော် မင်းတုန်းမင်းသည် မျက်နှာလိုက်ကာ မိမိလိုလားသူကို ရာကြီးထူးကြီးပေးရန် စီစဉ်လေသည်။ အရည်အချင်းကို မကြည့်၊ မျက်နှာကိုသာ ကြည့်၍ ရာထူးခန့်နေပါက နိုင်ငံတော်တွင် 'မှန်ပ့ါဘုရား' လူညာလူဝါးတွေ သာလျှင် ပေါများ၍ နိုင်ငံကြီး မှောက်တော့မည်ကို မြင်သော ယောမင်းကြီးသည် မိမိ၏ အသက်ကိုလည်း မငဲ့နိုင် တော့ပြီ။ ရှင်ဘုရင့်မျက်နှာကိုလည်း မကြည့်နိုင်တော့ပြီ။ တိုင်းပြည်၏ ကောင်းကျိုးကိုသာ ဆောင်ရွက်တော့မည်ဟု ဆုံးဖြတ်ကာ ဤသို့ သံတော်ဦးတင်လိုက်လေသည်။

'အစ်မ နှမ၊ သမီးကကို၊ စ၍ ဆက်နှင်း၊ လက်ဆောင်သွင်း၍၊ စိုးမင်းချစ်မြတ်၊ ထိုအမတ်သည်၊ အတတ် မရှိ၊ သတ္တိကင်းကွာ ဘုန်းကြီးလာမူ ပြည်ရွာဖျက်ကြောင်း တစ်ပါးတည်း'

မင်းတုန်းမင်းကြီးလည်း အလွန် မျက်တော်မူရကား စွဲကိုင်တော်မူသော လှံတော်ကို မြှောက်၍ မေးလေသည်။

'ငလှိုင် သည်လှံအကြောင်းကို သိရဲ့လား'

'သိကြောင်းပါ ဘုရား၊ အရှင့်ခမည်းတော်၏ လက်စွဲတော်လှံဖြစ်ကြောင်းပါ ဘုရား'

'ငါ့ခမည်းတော်သည် ဤလှံနှင့် မည်သူ့ကို စီရင်ဖူးသနည်း'

'ကျွန်တော်မျိုး၏ ဖခင် ယင်းတော် ဝန်ကြီးကို စီရင်ဖူးပါသည် ဘုရား'

'မောင်မင်းကော ဤလှံနှင့် စီရင်သည်ကို ခံလိုသလား'

ယောမင်းကြီးလည်း ရင်ဘတ်ကို ကော့ပေးကာ 'ထိုးတော်မူပါ ဘုရား' ဟု လျှောက်လေသည်။ မင်းတုန်းမင်းကြီးလည်း လှံတော်ကို ကိုင်၍ အတွင်းတော်သို့ ဝင်သွားလေသည်။

ထိုအခါ အနီး၌ ရှိနေကြသော ဝန်ကြီးများက

'ဝန်ကြီးမင်းမလဲ၊ တင်းတင်းမာမာ ရဲပဲရဲလွန်းလှဗျာ' ဟု ပြောကြားလေရာ ယောမင်းကြီးက

'နေရာတကာတွင် မှန်ပ့ါဘုရားလိုက်၍ အသက်ရှင်ရသည်ထက် လှံထိုးခံ၍ သေရသည်က မြတ်ပါသည်။ မင်းလိုလိုက်၍ မင်းကြိုက်ကို လုပ်မိသဖြင့် တိုင်းပြည်မှောက်မှားသွားလျှင် နှောင်းစဉ်အဆက် ကဲ့ရဲ့စရာဖြစ်တော့မည်။ နိုင်ငံ့ဝန်ကို ထမ်းသည့်သူသည် မှန်မည်ထင်သည့် အရာကို ရဲရဲဝံ့ဝံ့ လုပ်ရဲရမည် ဖြစ်သည်'ဟု ပြန်လည် ပြောဆိုခဲ့လေသည်။

နောက်တစ်နေ့တွင် ယောမင်းကြီးလည်း အရာကျလေတော့သည်။ ဤသို့ နိုင်ငံ့အကျိုး ကြည့်၍ မငဲ့မကွက် ဆောင်ရွက်ခဲ့သဖြင့် ရာထူးမှကျရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်သည်။ အရာကျသဖြင့် စိတ်ဓာတ်ကျမသွား၊ အရာကျနေစဉ်ကာလတွင် လူအများ လေ့လာမှတ်သားရန် ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့လေသည်။ ထိုကျမ်းတို့သည်လည်း အစဉ်အလာကို တော်လှန်ပုန်ကန်သော ကျမ်းများ ဖြစ်လေသည်။

မြန်မာ့သမိုင်းမှ မင်းကို ဝင်လျက် မကြောက်မရွံ့ တိုင်းပြည်မျက်နှာကိုသာ ကြည့်၍ အမှုတော်ထမ်းခဲ့သော မျိုးချစ်တော်လှန်ရေး ပုဂ္ဂိုလ်ကြီးအချို့အကြောင်းကို ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပါသည်။ ။

■

**အခါတစ်ပါး၌ မင်းမှုထမ်းတို့ မယားများသဖြင့် လစာနှင့်မလောက်၍ တံစိုးလက်ဆောင်ယူကြသည်။ ထို့ကြောင့် မယားအရေအတွက်ကို ကန့်သတ်သည့် ဥပဒေလုပ်စေဟု မင်းတုန်းမင်းက မိန့်တော်မူလေသည်။ ဤအမိန့်တော်လွှာ လွှတ်တော်သို့ ရောက်ရှိသောအခါ ပခန်းဝန်ကြီးက ဘုရင်မင်းမြတ်သည်လည်း နိုင်ငံတော်အတွင်း မယားအများဆုံးယူသော ပုဂ္ဂိုလ်ဖြစ်၍ ဥပဒေတွင် မင်းကိုပါထည့်သွင်းမှ တရားရာရောက်မည်ဆိုသဖြင့် ထိုဥပဒေကို ရပ်ဆိုင်းလိုက်ရလေသည်။**

# ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုစတင်




**ရန်ကုန် မေ ၂၅**

ကမ္ဘောဇကုမ္ပဏီများအုပ်စု၏ အဖွဲ့ဝင်ဖြစ်သော KBZ Gateway ကုမ္ပဏီနှင့် အမေရိကန်နိုင်ငံ Hughes Network Systems ကုမ္ပဏီတို့ပူးပေါင်း၍ နိုင်ငံအတွင်းရှိ ဆက်သွယ်မှုနည်းပညာဆိုင်ရာ အသုံးချဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန်နှင့် နိုင်ငံတကာဆက်သွယ်မှု အသိုက်အဝန်းနှင့်ချိတ်ဆက် ဆောင်ရွက်နိုင်ရေးတို့အတွက် မျိုးဆက်သစ် VSAT (Very Small Aperture Terminal) နည်းပညာ မိတ်ဆက်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ Strand Square ရုံးအဆောက်အအုံ၌ ကျင်းပခဲ့သည်။

ယင်းသို့ သဘောတူဆောင်ရွက်မှုကြောင့် KBZ Gateway အနေဖြင့် နိုင်ငံတစ်ဝန်းရှိ ဆက်သွယ်ရေးလုပ်ငန်းများနှင့် IT နည်းပညာသုံးစွဲမှုများအတွက် VSAT နည်းပညာသစ်ဖြင့် ဝန်ဆောင်မှုပေးသွားမည်ဟု သိရသည်။ KBZ Gateway ၏ ဂြိုဟ်တုဆက်သွယ်ရေး မြေပြင်အခြေစိုက်စခန်းကို ပဲခူးမြို့တွင်အခြေပြု တည်ဆောက်ထားပြီး စီးပွားရေးလုပ်ငန်းအရပ်ရပ်အတွက် မြန်ဆန်လုံခြုံစိတ်ချသော နိုင်ငံတွင်းနှင့် နိုင်ငံတကာသို့ ဆက်သွယ်ချိတ်ဆက်မှုများကို စရိတ်စကသက်သာစွာဖြင့် ဆောင်ရွက်ပေးသွားမည်ဟု ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က အဆိုပါ အခမ်းအနားတွင် ပြောကြားခဲ့သည်။

"KBZ Gateway အနေနဲ့ အမေရိကန်နိုင်ငံ Hughes ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ၊ AsiaSat ဂြိုဟ်ဆက်သွယ်ရေးကုမ္ပဏီတို့နဲ့ ပူးပေါင်းပြီး ပထမအဆင့်အနေနဲ့ ကမ္ဘောဇကုမ္ပဏီများအုပ်စုရှိ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာဆိုင်ရာဝန်ဆောင်မှုအသစ်နဲ့ ပိုမိုမြန်ဆန်ကောင်းမွန်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကမ္ဘာ့အဆင့်မီ ဘဏ်လုပ်ငန်းနဲ့ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများနဲ့ ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အသုံးချဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို ခေတ်သစ်ဆက်သွယ်ရေးစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ထောက်ကူပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်" ဟု ဦးညီမြင့်က ရှင်းပြသည်။

KBZ Gateway ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်လိုက်သော အမေရိကန် Hughes ကုမ္ပဏီသည် ကမ္ဘာ့အဆင့်(၁) ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီတစ်ခု ဖြစ်ပြီး AsiaSat ကုမ္ပဏီသည် ကမ္ဘာတစ်ဝန်း၌ Satellite ဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်းသိရသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E Mr. Scot Marciel၊ ကမ္ဘောဇကုမ္ပဏီများအုပ်စုမှ အမှုဆောင်ဒါရိုက်တာများ ဖြစ်ကြသော ဒေါ်နန်းလိုင်းခမ်းနှင့် ဒေါ်နန်းခမ်းနောင်၊ အမေရိကန် Hughes ကုမ္ပဏီမှ President Mr. Pranav Roach နှင့် ဧည့်သည်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**(ဆုနှင်းလှဲ့)**

# ရန်ကုန်မြို့ပြည်သူများအတွက် စိတ်ကူးတစ်စုံတစ်ရာ

**ဖေဒီ**

ရန်ကုန်မြို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကဲ့သို့ ညဈေးများ ပေါ်ပေါက်လာရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးတို့ မေ ၂၃ ရက်က တွေ့ဆုံဆွေးနွေးကြောင်း သတင်းများကို ကြားသိလိုက်ရသည်။ ဗန်ကောက်ညဈေး ဆောင်ရွက်မှု၊ စီမံကြီးကြပ်မှု၊ စည်းမျဉ်းများချမှတ်မှုစသည့် အခြေခံအချက်အလက်များကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က မေးမြန်းခဲ့ကြောင်း သိရသည်။

ဧရာဝတီသတင်းဌာန၏ မြန်မာဘာသာဖေ့ဘွတ်ခ်တွင် ယင်းသတင်းကို ဖော်ပြခဲ့ရာ ဝန်ကြီးချုပ်ကို ဩဘာစာများ ထုံမွမ်းထားသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် ဒီကိစ္စလေးများ ထိုင်းသံအမတ်နှင့် မေးနေရသေးလား။ မယောင်ရာဆီလူးနေတယ်စသည့် ကောင်းချီးထောမနာ ဩဘာစာများ ဖြစ်သည်။ အမေစုက စင်ကာပူကဲ့သို့ မလုပ်ဟုပြောကြားခဲ့သည်ကို အခုဗန်ကောက်ကဲ့သို့ လုပ်မည်ဟု ရေးသားချက်မှာ ဘာလဲဟဟု ဆိုသည်ကိုလည်း တွေ့ရပါသေးသည်။ ဒီမိုကရေစီခရီးကို ရှေးရှုနှင်နေချိန်နှင့် အွန်လိုင်းခေတ်ထချိန်မှာ စကားအမျိုးမျိုး၊ အသံအမျိုးမျိုးနှင့် အမြင်အယူအဆအမျိုးမျိုးကို ကြားသိမြင်တွေ့နေရဦးမှာပဲ ဖြစ်သည်။

တကယ်တော့ ညဈေးတန်းကို စဉ်းစားရခြင်း၏ အခြေခံအရင်းအမြစ်မှာ ရန်ကုန်မြို့၏ လမ်းဘေးဈေးသည်များကြောင့်ပင် ဖြစ်သည်။ ရန်ကုန်မြို့တွင် လမ်းဘေးဈေးသည်ပေါင်း တစ်သိန်းကျော်ရှိသည်ဟု သိရသည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည့် ရေရှည်တည်တံ့သော မြို့ပြသယ်ယူပို့ဆောင်ရေးစီမံမှု ဥရောပသမဂ္ဂစီမံကိန်းနှင့် ပတ်သက်ပြီး ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက မြို့တွင်းခြောက်မြို့နယ်တွင် လမ်းဘေးဈေးသည်ပပျောက်ရေးကို စီမံချက်ရေးဆွဲပြီး လုပ်ဆောင်ခဲ့သော်လည်း မပပျောက်ခဲ့သည့်အပြင် ယခင် ငါးထောင်ခန့်ထက် ဆယ်ဆပိုများလာခဲ့ကြောင်း ဆွေးနွေးခဲ့ဖူးသည်ကို သတိရမိသည်။

ယခင်အစိုးရလက်ထက်က ကောက်ယူခဲ့သည့် လမ်းဘေးဈေးသည် အရေအတွက်ကို update ဖြစ်အောင် ယခုအစိုးရသစ်လက်ထက်တွင်လည်း ထပ်မံ ကောက်ယူခဲ့ကြောင်းလည်း သတင်းများတွင် တွေ့ရသည်။ တကယ်ကောက်ယူသည့်အခါ မြို့တွင်းအစည်ကားဆုံး မြို့နယ်နှစ်ခုတွင် လမ်းဘေးဈေးသည် အရေအတွက် ငါးထောင်ခန့်မျှသာ စာရင်းရရှိခဲ့ကြောင်း သတင်းလည်း တွေ့ရသည်။

မည်သို့ဆိုစေ။ လမ်းဘေးဈေးသည်ကိစ္စသည် ယခုအစိုးရသစ် မဖြစ်မနေဖြေရှင်းရမည့် လူမှုစီးပွားရေး ပြဿနာတစ်ခု ဖြစ်နေသည်မှာ ဘယ်သူမှမငြင်းနိုင်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထိုင်းသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းစနည်းနာခြင်း ဖြစ်ပုံရသည်။ တကယ်တော့ သည်ကိစ္စမှာ အပြောလွယ်သလောက် အလုပ်ခက်သည့် သိမ်မွေ့လွန်းသော ပြဿနာတစ်ခုဖြစ်သည်ကိုသတိပြုကြဖို့ လိုအပ်မည် ဖြစ်သည်။

တစ်ဖက်ကကြည့်တော့ လူမှုစီးပွားရေး၊ တစ်ဖက်ကကြည့်ပြန်တော့ မြို့တော်သန့်ရှင်းသာယာ အမြင်တင့်တယ်ရေး၊ အများပြည်သူ စိတ်ချမ်းမြေ့ရေး၊ ဆန့်ကျင်ဘက်နှစ်ခု လွန်ဆွဲရမည့်ကိစ္စ။ မျဉ်းပြိုင်နှစ်ခု အားပြိုင်ရမည့်ကိစ္စ။ အငိုလွယ် အရိုက်ခက်။ တိမ်မယောင်နှင့် နက်သည်။

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ထိုင်းသံအမတ်ကြီးကို တွေ့ဆုံမေးမြန်းသည်ဆိုတော့ မလေးရှားကိုရောက်စဉ်က တွေ့ခဲ့၊ ရောက်ခဲ့ရသော ညဈေးများကို ပြန်လည်သတိရလိုက်မိသည်။ မလေးရှားညဈေးများကို မြင်တွေ့ရပြီးနောက် ရန်ကုန်တွင်လည်း သည်ကဲ့သို့ လုပ်ဆောင်သင့်ကြောင်း အကြံပြုဆောင်းပါးတစ်ပုဒ်ကို 'ရန်ကုန်မြို့ပြ ညများဆီသို့' အမည်ဖြင့် Daily Eleven သတင်းစာတွင် ရေးခဲ့ဖူးပါသည်။ ယခုလည်း ယင်းဆောင်းပါးကို အခြေခံပြီး ပြန်လည်ပြောပြချင်ပါသည်။

တိုးတက်နေသော မလေးရှားနိုင်ငံတွင် တရုတ်တန်းနှင့် ဂျလန်းအာလောကဲ့သို့ နိုင်ငံခြားသားများကို ဆွဲဆောင်ထားသော နေရာများရှိသလို နိုင်ငံသားများအတွက်လည်း အဆင်ပြေအောင် စီမံထားသော နေရာများလည်းရှိသည်ကို တွေ့ရသည်။ တရုတ်တန်းဈေးမှာ မွန်းလွဲနှစ်နာရီလောက်ကနေ ည ၁၁ နာရီအထိ ဖွင့်ပြီး အဝတ်အထည်များ၊ ပိုက်ဆံအိတ်များ၊ အမှတ်တရပစ္စည်းများ၊ ရုပ်ရှင်၊ ဗီဒီယိုစီဒီ၊ ဒီဗီဒီချပ်များ၊ နာရီများ၊ အစားအသောက်များစသည်တို့ ရောင်းချသောဈေးဖြစ်ပြီး မလေးရှားရောက် နိုင်ငံခြားသားခရီးသည်တိုင်း အရောက်လာကြလေ့ရှိသည်။

အာလောလမ်းမှာ ဖွင့်သည့်အတွက် ဂျလန်အာလောဈေးဟု အမည်ရသည့်ညဈေးမှာ စားသောက်တန်းသက်သက်ဖွင့်သောဈေးဖြစ်သည်။ ညနေငါးနာရီကျော်လောက်ကနေ မနက်မိုးလင်းခါနီးအထိ ဖွင့်သောဈေးဖြစ်ပြီး အထူးစည်ကားသည်။ နိုင်ငံခြားသားများ အထူးနှစ်သက်ကြသည်။ ထိုဈေးနှစ်ခုလုံးတွင် မြန်မာအလုပ်သမားတွေများစွာရှိသည်။ ဤဈေးနှစ်ခုလုံးမှာ နိုင်ငံခြားသားများကို အထူးဆွဲဆောင်လိုမှုဖြင့် ဖွင့်လှစ်ထားသောဈေးများဖြစ်သည်။


အန်ဘန်းမှ ပန်ဒန်အင်ဒ ည ဈေးကို တွေ့ရစဉ်။

> **"လက်ရှိအနေအထားကို အကောင်းဆုံးဖြစ်အောင် မည်သို့လုပ်ကြမည်နည်းဆိုသည်ကိုပဲ စဉ်းစားကြဖို့သာရှိသည်။ ယင်းမှာ သူတို့လည်း လက်ရှိ ဝင်ငွေရလမ်း မပျောက်ပျက်အောင်၊ အစိုးရလည်းဖြစ်ချင်သည့် သာယာသန့်ရှင်းမှုနှင့် မြို့တော်ကြီး အမြင်တင့်တယ်မှုရအောင်ဆိုသည့် ပျားလည်းစွဲ၊ ရှဉ့်လည်းလျှောက်သာ၊ ကိုင်းလည်းမကျိုး နည်းလမ်းများကို ရှာနိုင်ကြခြင်းသည်သာ အကောင်းဆုံးအဖြေဖြစ်ပါလိမ့်မည်"**

နိုင်ငံသားများအတွက် ဖွင့်လှစ်သော ညဈေးများမှာမူ ပုံစံတစ်မျိုးဖြစ်သည်။ မလေးရှားဘာသာစကားဖြင့် ညဈေးကို 'ပါစာမာလန်း'ဟု ခေါ်သည်။ (ပါစာ-ဈေး၊ မာလန်း -ည)။ မလေးရှားနိုင်ငံတွင် ကွာလာလမ်ပူသာမက အခြားနေရာများတွင်ပါ ညဈေးများရှိသည်။ မြို့တော်ကွာလာလမ်ပူနှင့် ပိုင်းခြားပြီး ပြောရမည်ဆိုလျှင် ထိုညဈေးများသည် နယ်မြေအလိုက် နေရာအနှံ့တွင် အများအပြားရှိသည်။ ကလန်းမှာဆိုလျှင်လည်း နေရာအနှံ့တွင် ညဈေးရှိပါသည်။ သို့သော် နေရာတစ်နေရာတည်း ပုံသေဖွင့်လှစ်ခြင်းမျိုးမဟုတ်ဘဲ ရက်အလိုက် အလှည့်ကျဖွင့်လှစ်ခြင်းမျိုး ဖြစ်ပါသည်။ တနင်္လာနေ့ဆိုလျှင် ဘယ်နေရာ၊ အင်္ဂါနေ့ဆိုလျှင် ဘယ်နေရာ၊ စနေနေ့ဆိုလျှင် ဘယ်လမ်းစသည်ဖြင့် ခုနစ်ရက် ခုနစ်လီ ရွှေ့ပြောင်းဖွင့်လှစ်သည့် မိုဘိုင်းလ်ညဈေးမျိုးများဖြစ်သည်။ မိုဘိုင်းလ်ညဈေး ဖြစ်သဖြင့် နေရာတစ်နေရာတွင် တစ်ညသာ ဖွင့်ပါသည်။ ယင်းညဈေးများကို နိုင်ငံသူ နိုင်ငံသားများ အဆင်ပြေရန် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

သို့ရာတွင် နယ်မြေအလိုက်၊ ဇုန်အလိုက် ဖွင့်ပေးထားခြင်းမျိုးဖြစ်သဖြင့် ကလန်းတွင် ခုနစ်ရက် ခုနစ်လီ ညဈေးရှိသလို အမ်ဘန်းတွင်လည်း ခုနစ်ရက် ခုနစ်လီ ညဈေးရှိပါသည်။ ဆူဘန်းစသည့် ဒေသများတွင်လည်း အလားတူပင်ဖြစ်သည်။

မလေးရှားညဈေးများ ဖွင့်လှစ်ပုံကို စိတ်ဝင်စားသဖြင့် တစ်ခေါက်တွင်မူ ညဈေးများကို တစ်ဈေးပြီးတစ်ဈေး သွားရောက်လေ့လာဖြစ်ခဲ့သည်။ ရေပေါ်တွင် တည်ဆောက်ထားသော နာမည်ကျော်မိုင်းဟိုတယ်ကြီးအနီး ဆာဒန်းဘူတာရှိ ဆာဒန်းညဈေးသို့လည်း ရောက်ခဲ့သည်။

ညကိုးနာရီမှ နံနက်သုံးနာရီအထိ ဖွင့်သည်။ မလေးရှားရိုးရာအဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ရောင်းချသည်။ ကြောင်နှင့် မြွေမျိုးစုံစသည့် တိရစ္ဆာန်များကို တရားဝင်ရောင်းချသောဆိုင်လည်း တွေ့ရသည်။ သေနတ်ပစ်တမ်းကစားရသည့် ဆိုင်လည်း ရှိသည်။ ဆံပင်ညှပ်ဆိုင်လည်း ရှိသည်။ ကလေးအရုပ်များ ရောင်းချသည့် ဆိုင်တွေလည်းရှိသလို မလေးရှား ရိုးရာ အနှိပ်နှိပ်ပေးသည့်ဆိုင်တွေလည်း ရှိသည်။ ကျွန်တော်တို့ ရောက်သွားသည့်အချိန်မှာ နံနက်နှစ်နာရီကျော်ပြီဖြစ်၍ ဈေးလာဧည့်သည်များ နည်းနည်းတော့ ပါးစပြုနေပြီဖြစ်သည်။ သည်ဈေးမှာ တစ်နေရာတည်းတွင် ညတိုင်းဖွင့်သောဈေးဖြစ်ပြီး ဆိုင်ရှင်အများစုမှာ မလေးရှားလူမျိုးများသာဖြစ်သည်။

ကွာလာလမ်ပူမြို့လယ် အန်ဘန်းရှိ ပန်ဒန်အင်ဒ (Pandan indah)သောကြာ ညဈေးကိုလည်း ရောက်ဖြစ်ခဲ့သည်။ ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ သောကြာနေ့ညတိုင်း ဖွင့်သောဈေးဖြစ်သည်။ ရေကျော်သီတင်းကျွတ်ဈေးရောင်းပွဲတော်လိုမျိုး ကားလမ်းကို ပိတ်လိုက်ပြီး ရောင်းချသည့် ဈေးမျိုးဖြစ်သည်။ ဆိုင်ခုံခင်းပြီး ထီးနှင့် ဖွင့်ကြသည်။ အများစုမှာ ဈေးကားကိုထိုးပြီး ဖွင့်ကြသည်။ မီးအတွက် ကိုယ်ပိုင်မီးစက်များကိုသုံးပြီး မီးဖိုများမှာ ဂက်စ်မီးဖိုများ ဖြစ်သည်။ ဆိုင်ရှင်များမှာ မလေးတရုတ်လူမျိုးများ ဖြစ်သည်။ ဈေးဧရိယာထဲရှိ နေထိုင်သူများသာမက အနီးဝန်းကျင်ရှိ နေထိုင်သူများပါ လာရောက်ဝယ်ကြသည်။ မိသားစုလိုက်၊ သူငယ်ချင်းအဖွဲ့လိုက် လာရောက်ပြီး စားကြ၊ သောက်ကြသည်။

ဟင်းသီးဟင်းရွက်မျိုးစုံ၊ သားငါးမျိုးစုံ၊ အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ထမင်း၊ ခေါက်ဆွဲကြော်၊ ပေါက်စီ၊ အအေး၊ မုန့်မျိုးစုံ၊ ကလေးကစားစရာ၊ သစ်သီးစုံစသည့် ဆိုင်မျိုးစုံ လာရောက်ရောင်းချသည်။ ရေပိုက်ခေါင်းများ ရောင်းချသည့်ဆိုင်တောင် ပါလိုက်သေးသည်။ လျှောက်ပြီးလေ့လာရင်းနှင့် တစ်နေရာအရောက်တွင် ကြက်သားဆားပေါင်းဆိုင်တစ်ဆိုင်ကို တွေ့ရသည်။

ကြက်ဆားပေါင်းကို ပေါင်းနေသူက မြန်မာလူမျိုးတစ်ဦး တောင်ငူဘက်ကတဲ့။ မလေးရှားကို ရောက်သည်မှာ ၁၀ နှစ်ကျော်ရှိပြီး သည်ဆိုင်တွင်လုပ်သည်မှာ ရှစ်နှစ်ကျော်ပြီတဲ့။ နေစရိတ်၊ စားစရိတ် (ငြိမ်း) တစ်လကို မလေးငွေ ၁၅၀၀ လောက်ရသည်။ တစ်ညတစ်ည ရောင်းအားမှာ ပျမ်းမျှရင်းဂစ်တစ်ထောင်ကျော်ဖိုး (မြန်မာငွေ သုံးသိန်းကျော်ဖိုး) ရောင်းရပြီး တနင်္ဂနွေညဈေးဆိုလျှင် နှစ်ထောင်ကျော်ဖိုးလောက် ရောင်းရသည်ဟု သူက ပြောပြသည်။ အင်္ဂါနေ့ည တစ်ညသာနားပြီး ကျန်သည့်ခြောက်ရက်မှာ ညဈေးသတ်မှတ်ထားရာ နေရာများသို့ အခုလို လိုက်ရောင်းရသည်ဟုလည်း သူက ပြောသည်။

ဈေးတစ်ပတ်ဆုံးခါနီးတွင် အုန်းသီးဇွန်းခြစ်ရေခဲမုန့်ဆိုင်ကို တွေ့ရပြန်သည်။ ဇွန်းခြစ်အုန်းသီးနုနုလေးများကို အုန်းခွက်အတိုင်းထားပြီး အုန်းသီးဖတ်နုနုလေးများကို ဇွန်းဖြင့်ခြစ်ထားကာ ထိုအပေါ်တွင် ရေခဲမုန့်နှစ်ဇွန်းခပ်ထည့်ရောင်းခြင်း ဖြစ်သည်။ မြေပဲဆံ၊ ပြောင်းဖူးစေ့နှင့် အုန်းသီးဂျယ်လီတုံးလေးများ အနည်းငယ်ထည့်ပေးသည်။ တစ်ခွက်ကို ငါးရင်းဂစ်ဖြင့်ရောင်းရာ တစ်ညတွင် အုန်းသီးနှစ်ရာကျော် ရောင်းရသည်ဟု ဆိုသည်။ ထိုဆိုင်မှ အလုပ်သမားနှစ်ဦးမှာ ရခိုင်ပြည်နယ်မှ မြန်မာနှစ်ဦးဖြစ်သည်။ တစ်ဦးကစစ်တွေက၊ တစ်ဦးက ကျောက်ဖြူက သူတို့ နှစ်ဦးစလုံး မလေးကိုရောက်သည်မှာ နှစ်နှစ်ကျော်ကျော်ပဲ ရှိသေးသော်လည်း လခကတော့ မဆိုးလှ။ စရိတ်ငြိမ်းလခက မလေးငွေရင်းဂစ် ၁၅၀၀ (မြန်မာငွေ လေးသိန်းခွဲ) လောက်ရသည်။ သို့သော် သူတို့တွင် နားရက်မရှိ။ ခုနစ်ရက်ပတ်လုံး ညဈေးလိုက်ရောင်းနေရသည်။

ဒီလောက်ဆိုရင် မလေးရှားညဈေးများ၏ အနေအထားပုံပေါ်လောက်ပါပြီ။ သို့သော် အရေးကြီးသည့် အချက်ပြောဖို့ ကျန်ပါသေးသည်။ ထိုသည်မှာ ဈေးကောက် ဘယ်နေရာမှာပဲ ညဈေးသွားရောင်းရောင်း ဈေးကောက်မှာ တစ်ညကို မလေးငွေခြောက်ရင်းဂစ် (မြန်မာငွေ ၁၈၀၀ ကျပ်) ပေးရသည်ဟု သိရသည်။ ဈေးချိန်ကုန်၍ ဈေးသိမ်းပြီးသည်နှင့် အမှိုက်သိမ်းသူများက အမှိုက်တစ်စနှင့် အနံ့အသက်မကျန်အောင် သန့်ရှင်းရေးတာဝန်ယူပြီး သန့်ရှင်းပေးပြီးသား ဖြစ်နေသည်။ ဆိုင်များကိုယ်တိုင်ကလည်း အမှိုက်ကိုစည်းကမ်းရှိရှိ သိမ်းဆည်းကြသည်။ ထို့ကြောင့် မနက်မိုးလင်းသည်နှင့် ထိုလမ်းကို ကားရော လူပါ ပုံမှန်အတိုင်း အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။ ညကဈေးတန်းကြီးရှိခဲ့သော လမ်းဟုပြောလျှင် ယုံစရာမရှိပေ။

လက်ရှိရန်ကုန်မြို့၏ လမ်းဘေးဈေးသည်ကိစ္စကို ဖြေရှင်းဖို့ နည်းလမ်းများကို ရှာဖွေစဉ်းစားရာတွင် ၎င်းတို့၏ စားဝတ်နေရေး လူမှုစီးပွားပြဿနာမှာ မဖြစ်မနေထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်သည်။ ပထမ အဖေနှင့် အမေက လမ်းဘေးဆိုင်ထွက်သည်။ ထို့နောက် သားသမီးများ၏ ဆိုင်များပါ တိုးချဲ့ထွက်လာသည်။ လင်ကတစ်ဆိုင်၊ မယားကတစ်ဆိုင် နေရာခွဲပြီး ထွက်ကြသည်လည်းရှိသည်။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် တစ်စတစ်စတိုးလာရာမှ ရန်ကုန်မြို့တွင် လမ်းဘေးဈေးသည် အရေအတွက် သိန်းဂဏန်းကျော်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ပပျောက်အောင်လုပ်မည်ဆိုသော စီမံချက်များမှန်သမျှ အောင်မြင်မှုရရှိဖို့ ခဲယဉ်းသည်။ ပပျောက်ဖို့ဆိုလျှင် ၎င်းတို့၏စားဝတ်နေရေး လူမှုစီးပွားဘဝကို အစိုးရက အခြားတစ်နည်းနည်းဖြင့် တာဝန်ယူနိုင်မှသာ ဖြစ်မည်။ ထိုသို့တာဝန်မယူနိုင်ပါက ပပျောက်အောင်လုပ်ဖို့ မဖြစ်နိုင်ပေ။ ဒီနေရာမှာရောင်းကြဟု အစိုးရတွင် ပေးစရာလည်း မြေမရှိပေ။ ရှိသောမြေကို ပေးပြန်လျှင်လည်း ဈေးကွက်အရ အဆင်မပြေလျှင် မည်သူမျှလိုက်ပြီး ရောင်းမည်မဟုတ်။ နိုင်ငံ၏လက်ရှိစီးပွားရေးအနေအထားအရ နေရာပေးမလောက် ထပ်မံတိုးလာဦးမည်ကိုလည်း ထည့်တွက်ထားရပါလိမ့်မည်။ ထို့ကြောင့် မြေနေရာပေး၍ ဖြေရှင်းနည်းသည်လည်း ပြည့်စုံမှန်ကန်သော အဖြေတစ်ခု ဖြစ်လာလိမ့်မည် မဟုတ်ပေ။

သို့ဖြစ်ရာ လက်ရှိအနေအထားကို အကောင်းဆုံးဖြစ်အောင် မည်သို့လုပ်ကြမည်နည်းဆိုသည်ကိုပဲ စဉ်းစားကြဖို့သာရှိသည်။ ယင်းမှာသူတို့လည်း လက်ရှိ ဝင်ငွေရလမ်းမပျောက်ပျက်အောင်၊ အစိုးရလည်းဖြစ်ချင်သည့် သာယာသန့်ရှင်းမှုနှင့် မြို့တော်ကြီး အမြင်တင့်တယ်မှုရအောင်ဆိုသည့် ပျားလည်းစွဲ၊ ရှဉ့်လည်းလျှောက်သာ၊ ကိုင်းလည်းမကျိုး နည်းလမ်းများကို ရှာနိုင်ကြခြင်းသည်သာ အကောင်းဆုံးအဖြေ ဖြစ်ပါလိမ့်မည်။

ယင်းအကောင်းဆုံးအဖြေများအနက် မလေးရှားက ညဈေးဖွင့်ပုံဖွင့်နည်းများကို အဖြေတစ်ခုအဖြစ် စဉ်းစားကြစေလိုပါသည်။ ဖြစ်နိုင်လျှင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ပါစာမာလန်းခေါ်သည့် မလေးရှားညဈေးများကို မလေးရှားအစိုးရ၏ အကူအညီယူကာ ထဲထဲဝင်ဝင် သွားရောက်လေ့လာသင့်သည်ဟု အကြံပြုလိုပါသည်။ ယင်းမိုဘိုင်းလ်ညဈေးနည်းသည်သာ ပျားလည်းစွဲ၊ ရှဉ့်လည်းလျှောက်သာ၊ ကိုင်းလည်းမကျိုး နည်းလမ်း ဖြစ်လိမ့်မည်ဟု ယုံကြည်နေမိသည်။ ။

**(မှတ်ချက်။ ။ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။)**

❖ **ကျောဖုံးမှ**

ရန်ကုန်၊ မန္တလေး တိုက်ခန်းဈေးနှုန်းထက် များပြားသဖြင့် ဝယ်ယူသူ ၁၀၀ ဝန်းကျင်သာရှိခဲ့ပြီး မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုက် ၁၀ လုံး ဝယ်ယူရန် သဘောတူညီမှုရှိခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဘက်ကတော့ သတ်မှတ်ကာလပြီးစီးအောင် ငွေအား၊ လူအားစိုက်ပြီး လုပ်ခဲ့ပါတယ်။ ဒါပေမယ့် ရသင့်တဲ့ငွေကြေးကမရတော့ တစ်ပိုင်းတစ်စနဲ့ ငွေလည်း မရ၊ အလုပ်လည်းမပြီး၊ ဝန်ထမ်းတွေကိုလည်း အခြားလုပ်ငန်းတွေရှာပြီး ထိန်းသိမ်းခဲ့ရပါတယ်"ဟု ပြည်သူ့ဝန်ထမ်း အိမ်ရာအား ကန်ထရိုက်လုပ်ခွင့်ရသည့် လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။ လက်ရှိအခြေအနေတွင် တိုက်ခန်းများမှာ ရောင်းမထွက်သည့်အတွက် ငွေကြေးရရှိမှုနည်းပါးကာ အဆောက်အအုံများပြီးစီးသည်အထိ မဆောက်နိုင်တော့ဘဲ ရပ်တန့်လျက်ရှိပြီး တည်ဆောက်ပြီးစီးသည့် တိုက်ခန်းနှစ်လုံးမှာလည်း လူနေထိုင်နိုင်သည့် အနေအထားမရှိသေးကြောင်း အဆိုပါ လုပ်ငန်းရှင်က ထပ်မံ ပြောဆိုသည်။

"ကျွန်တော် ပင်စင်ယူတဲ့အချိန်နဲ့ကိုက်ပြီး တိုက်ခန်းရမယ်ဆိုလို့ ဝယ်လိုက်တာပါ။ နောက်လဆိုရင် ကျွန်တော် ခံစားခွင့်ကုန်ရင် ဒီတိုက်ခန်းက မရသေးတော့ အပြင်မှာ အိမ်ငှားပြီးနေရတယ်။ အပိုထပ်ကုန်တာပေါ့ဗျာ။ အခန်းမပေးနိုင်ရင်လည်း သွင်းထားတဲ့ငွေကို ဘဏ်တိုးနဲ့တွက်ပြီး ပြန်ထုတ်ပေးစေချင်တယ်"ဟု အေးသာယာမြို့သစ်မှ အငြိမ်းစားယူတော့မည့် ဝန်ထမ်းတစ်ဦးက ကြုံတွေ့နေရမှုများကို ရင်ဖွင့်ပြောဆိုသည်။

အေးသာယာပြည်သူ့အိမ်ရာစီမံကိန်းကို (၁) မြေအရင်းအမြစ်၊ ဘဏ္ဍာအရင်းအမြစ်၊ လူ့စွမ်းအားအရင်းအမြစ် စသည့် အဓိကအရင်းအမြစ်သုံးရပ်အပေါ် အခြေပြု၍ နိုင်ငံ့ဝန်ထမ်းများအတွက် ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာများ(Affortable Housing) ဖြည့်စွမ်းပေးနိုင်ရန်၊ (၂) နိုင်ငံ့ဝန်ထမ်းများအတွက် ကိုယ်ရောစိတ်ပါ ကျန်းမာရေးနှင့်ညီညွတ်ပြီး အဆင်ပြေသက်သာစွာနေထိုင်နိုင်မည့် ကောင်းမွန်သော လူတို့နေထိုင်ရာပတ်ဝန်းကျင် (Healthy Residential Environment) အဖြစ်တည်ဆောက်ရန်၊ (၃)မြို့ပြစနစ်တည်ဆောက်ရာတွင် စနစ်တကျ နေချင်စဖွယ်နှင့် နှစ်လိုဖွယ်ရာအခင်းအကျင်းပုံစံ (Lively and Livable Environment) ရရှိစေရန်နှင့် (Quality of Life)ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

ယင်းရည်ရွယ်ချက်ကောင်းများဖြင့် အကောင်အထည်ဖော်နေသည့် အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာစီမံကိန်း ရှေ့မတိုးနောက်မဆုတ်ဖြစ်နေခြင်းကြောင့် တာဝန်ခံဆောက်လုပ်သည့်ကုမ္ပဏီမှ လုပ်ငန်းရှင်များနှင့် တိုက်ခန်းဝယ်ယူခွင့်ရရှိပြီး ငွေပေးသွင်းထားသည့် ပြည်သူ့ဝန်ထမ်းများက ၎င်းတို့၏နစ်နာမှုများအတွက် ပြည်နယ်အစိုးရက ကောင်းမွန်စွာဖြေရှင်းဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**နိုင်ထွန်း** (TGI)

✪ **ဝေရက်တောင်မှ**

စည်းလုံးညီညွတ်သည့် စိတ်ဓာတ်၊ ဇွဲ လုံ့လ ပြည့်စုံမှသာ အောင်မြင်သည့် အားကစားဖြစ်သည်။ တစ်ဦးတစ်ယောက် အောင်မြင်မှုသည် တစ်ဖွဲ့လုံး၏အောင်မြင်မှုဖြစ်သလို တစ်ဖွဲ့လုံး၏ အောင်မြင်မှုသည် တစ်ဦးတစ်ယောက်၏ အောင်မြင်မှုဖြစ်သည်။ နိုင်ငံကိုယ်စားပြုဖြင့် ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းသည် မြန်မာနိုင်ငံသားများ၏ ကိုယ်စား အောင်မြင်မှုကြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေစိုးမောင်က မှတ်ချက်စကားပြောပြသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံကိုယ်စားပြု ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ တက်ရောက်ခဲ့ကြသည့် လူငယ်တောင်တက်အဖွဲ့ကို မိသားစုဝင်များ၊ ထူးဖောင်ဒေးရှင်း၊ ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းနှင့် ထူးကုမ္ပဏီများအုပ်စု၏ ဝန်ထမ်းမိသားစုများနှင့် တာဝန်ရှိသူများ၊ Technical Climbing Club of Myanmar မှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တပ်မတော် ကြည်း၊ ရေ၊ လေ တပ်မတော်သားများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သဘာဝခေါ်သံဖောင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံမှ လူငယ်များက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ဧဝရက်တောင်ကို အောင်မြင်စွာ တက်ရောက်ခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲကို မတ် ၂၇ ရက်တွင် ကန်တော်ကြီး ပဲလေ့စ် ဟိုတယ်ရှိ မင်္ဂလာခန်းမတွင် ကျင်းပသွားမည်ဟု ထူးဖောင်ဒေးရှင်းမှ သိရသည်။ **သတင်း-ခင်ဇာလီ**

# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး မြစ်ထွက်ပေါက်ရှိပြီး မကြာခဏရေလျှံတက်သည့်နေရာများ အဓိကစောင့်ကြည့်ရှင်းလင်းမှုများပြုလုပ်

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ထွက်ပေါက်ရှိပြီး မကြာခဏရေလျှံတက်သည့်နေရာများကို အဓိကစောင့်ကြည့်၍ ရှင်းလင်းမှုများ ပြုလုပ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ လက်ထောက်ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"ပုံမှန်အနေနဲ့ မြစ်ထွက်ပေါက်ကိုသွားတဲ့ ချောင်းကြီး၊ မြောင်းကြီးတွေကို ရှင်းနေတယ်။ အခုလို မိုးရွာတဲ့အခါမှာတော့ ရေလျှံတက်တဲ့နေရာတွေကို အဓိကဦးတည်ပြီး ရှင်းနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိုသို့ရှင်းလင်းရာတွင် မြောင်းကျန် အနယ်အနှစ်များမှာ ၂၀ ရာခိုင်နှုန်းခန့်သာရှိပြီး စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များမှာ ၈၀ ရာခိုင်နှုန်းအထိ တွေ့ရှိနေရသဖြင့် ပြည်သူများအနေဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်လိုအပ်ကြောင်း ၎င်းက ဆိုသည်။

"ပြီးခဲ့တဲ့ရက်ပိုင်းက ဒီရေတက်ချိန်နဲ့ မိုးရေချိန်လက်မ များများရွာသွန်းချိန်တိုက်ဆိုင်ခဲ့လို့ မြောင်းတွေထဲက ပိုလျှံရေတွေတက်လာတယ်။ ဗိုလ်အောင်ကျော်လမ်း မီးပွိုင့်နေရာမျိုးဆိုရင် ရှင်းထားတာ မကြာသေးပါဘူး။ မိုးရွာတော့ အဲဒီနေရာမှာ အမှိုက်တွေနဲ့ ပြန်ပိတ်နေလို့ ထပ်ရှင်းရတယ်။ တချို့နေရာတွေမှာဆိုရင် မြောင်းထဲကို ပီနံအိတ် အထုပ်လိုက် အမှိုက်စွန့်ပစ်ထားတာမျိုးတွေ့ရတဲ့အပြင် ဖော့ဘူး၊ ရေသန့်ဘူးခွံတွေနဲ့ ပလတ်စတစ်အိတ်တွေကြောင့် ပိတ်ဆို့နေတာတွေ့ရတယ်။ မြောင်းဆယ်ပြီးသား နေရာအတော်များများမှာလည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကြောင့် ရေမဆင်းနိုင်ဘဲ လမ်းတွေပေါ် ရေလျှံတဲ့အထိ ဖြစ်သွားတယ်" ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးစတင်ရွာသွန်းခဲ့ပြီးနောက် မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်တချို့တွင် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်အပေါ် ၎င်းက ယခုလိုပြောကြားခြင်းဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့သည် ချောင်းနှင့်မြောင်းများအတွင်းသို့ ရေစွန့်ထုတ်သည့်စနစ်ကို အခြေခံတည်ဆောက်ထားသည့်အပြင် ရန်ကုန်မြစ်ထွက်ပေါက်သည် ဒီရေအတက်အကျရှိသည့် မြစ်ချောင်းများဖြစ်သည့်အတွက် ဒီရေတက်ချိန်တွင် မိုးရေချိန်လက်မ များများရွာသွန်းပါက မြို့တွင်းဧရိယာတချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မိုးတွင်းကာလ ရေကြီးရေလျှံမှုများ မဖြစ်ပွားစေရန် လမ်းနှင့် တံတားဌာနမှ ဝန်ထမ်းအင်အား ၆၆၀ အပြင် ယာဉ်နှင့် စက်ယန္တရားများကို အသုံးပြုကာ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ရန်ကုန်မြစ်အတွင်းသို့စီးဆင်းနေသည့် မြစ်ထွက်ပေါက် ၄၂ ပေါက်၏ စီးဆင်းရာလမ်းကြောင်း၌ ရေလျှံမှုများဖြစ်ပေါ်လေ့ရှိသည့်နေရာများကိုလည်း အဓိကထား စောင့်ကြည့်ရှင်းလင်းမှုများ ပြုလုပ်နေကြောင်း အဆိုပါဌာနမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး (ပဏီတ)**



# မြန်မာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ငှက်အုပ်နှင့် တိုက်မိ၍ အရေးပေါ်ဆင်းသက်

**ဟဲဟိုး မေ ၂၅**

မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် ဟဲဟိုးမှ ရန်ကုန်သို့ပျံသန်းသည့် Flight No UB 414 လေယာဉ်သည် လေဆိပ်မှပျံတက်စဉ် မေ ၂၅ ရက် မွန်းလွဲ၂ နာရီ ၄၅ မိနစ်က ခိုအုပ်နှင့်တိုက်မိပြီး အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဟဲဟိုးမှ ရန်ကုန်ခရီးစဉ်တွင် ခရီးသည် ၇၅ ဦးပါဝင်သည့် လေယာဉ်စတက်သည့်အချိန်တွင် ခိုအုပ်ဖြင့်တိုက်မိ၍ လေယာဉ်အင်ဂျင်မှ စက်သံများပြောင်းသွားပြီး ညှော်နံ့များရလာကြောင်း၊ လေယာဉ်အမှုထမ်းများက Captain သို့ သတင်းပို့၍ ဟဲဟိုးလေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း၊ ခရီးသည်များ တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ သိရသည်။ ထို့နောက် ခရီးစဉ်နှောင့်နှေးမှုမရှိစေရေး ခရီးသည်များအား အခြားလေယာဉ်ဖြင့် ပြောင်းလဲစီစဉ်ပေးခဲ့ကြောင်း သိရသည်။ **သတင်း-ဇင်ဦး၊ ဓာတ်ပုံ-မြန်မာအမျိုးသားလေကြောင်း**

# ကုမ္ပဏီများ၏ ဖွဲ့စည်းမှတ်ပုံတင်ကြေးနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်ချက်တင်ပြခြင်းများအတွက် ပေးဆောင်ရမည့် မှတ်ပုံတင်ကြေးများပြင်ဆင်သတ်မှတ်ခြင်း

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတိုးချဲ့ထူထောင်ဆောင်ရွက်မှုများကို အားပေးဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား ကုမ္ပဏီအဖြစ် ထူထောင်မှတ်ပုံတင်ဆောင်ရွက်လာစေရေးအတွက်လည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရာတွင် အမှန်တကယ်လုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီများပေါ်ထွန်းရေးကို ရှေးရှု၍လည်းကောင်း၊ လုပ်ငန်းစတင်ထူထောင်ရာတွင် လွယ်ကူချောမွေ့စေရန် ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လက်ရှိကုမ္ပဏီများ၏ ဖွဲ့စည်းမှတ်ပုံတင်ကြေးနှင့် ကုမ္ပဏီများ၏ ဆောင်ရွက်ချက်တင်ပြခြင်းများအတွက် ပေးဆောင်ရမည့် မှတ်ပုံတင်ကြေးများကို ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ယခင်နှုန်း (ကျပ်) | ပြင်ဆင်သည့်နှုန်း (ကျပ်) |
|---|---|---|---|
| ၁ | ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ကြေး<br>(က)အများနှင့်မသက်ဆိုင်သောကုမ္ပဏီ(Private)<br>(ခ)အများနှင့်သက်ဆိုင်သောကုမ္ပဏီ(Public) | <br>၁၀၀၀၀၀၀<br>၁၀၀၀၀၀၀ | <br>၅၀၀၀၀၀<br>၂၅၀၀၀၀၀ |
| ၂ | သက်တမ်းတိုးမှတ်ပုံတင်ကြေး | ၅၀၀၀၀၀ | ၃၀၀၀၀၀ |
| ၃ | ပုံစံ၆၊ ၂၆ပုံစံ( င)၊ လိပ်စာပြောင်း၊အစုရှယ်ယာပြောင်း စာရွက်စာတမ်း မိတ္တူမှန်ကူးယူခြင်း | ၂၅၀၀ | ၂၅၀၀၀ |
| ၄ | ကတ်ပြားမိတ္တူမှန်ကူးယူခြင်း | ၅၀၀၀ | ၅၀၀၀၀ |
| ၅ | လုပ်ငန်းရည်ရွယ်ချက်တိုး၊ အမည်ပြောင်း၊ မတည်တိုး | ၇၅၀၀ | ၇၅၀၀၀ |
| ၆ | MOA, AOA ပြင်ဆင်ခြင်း | ၅၀၀၀၀ | ၃၀၀၀၀၀ |

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**


# ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေးသီတင်းပတ် စတင်

**၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းဖွင့်ရာသီ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ယနေ့ မေ ၂၅ ရက်မှ ၃၁ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။**

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ အခမဲ့ပညာရေးစနစ်ဖြင့် သတ်မှတ်ခဲ့ရာ ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းအသီးသီးတွင် ကျောင်းအပ်နှံရေး ရက်သတ္တပတ် စတင်လှုပ်ရှားမှုနှင့်စပ်လျဉ်း၍ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ပါသည်။



ဒေါ်မြင့်မြင့်သိန်း



ဒေါ်သင်းသင်းဆွေ



ဦးစိုင်းအောင်အောင်သန်း




ဒေါ်ပြုံးပြုံးမော်

**ဒေါ်မြင့်မြင့်သိန်း (အထက-၄၊ ပုဇွန်တောင်၊ ကျောင်းအုပ်ဆရာမကြီး)**

ကျွန်မတို့ကျောင်းက ကျောင်းမဖွင့်ခင်ကတည်းက စာရေးခုံ၊ စာသင်ခန်း၊ အဆောက်အအုံတွေကို အဆင်ပြေအောင်စီစဉ်ထားတယ်။ သင်ကြားရေးအတွက်လည်း ဆရာ ဆရာမတွေကို အကုန်လုံးဘာသာရပ်တွေခွဲပြီး လုပ်ထားတယ်။ ကျောင်းလက်ခံတဲ့နေ့မှာလည်း ပညာရေးဌာနကနေပြီး ညွှန်ကြားထားတဲ့အတိုင်း ကိုယ့်နယ်ဧရိယာထဲမှာရှိတဲ့ ကလေးတွေကို ဦးစားပေးအနေနဲ့လက်ခံပါတယ်။ သူငယ်တန်း(Kg)ကို ဝတ်စုံတစ်စုံ၊ ကျန်မူလတန်းကို ဝတ်စုံတစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်၊ ဖတ်စာအုပ်တစ်စုံ အခမဲ့ပေးပါတယ်။ အလယ်တန်း၊ အထက်တန်းကို ကျောင်းသုံးဖတ်စာအုပ်တစ်စုံ အခမဲ့ပေးပါတယ်။ စာကြည့်တိုက်ကြေး၊ မိဘဆရာအသင်းကြေး၊ အားကစားကြေးစတာတွေအားလုံး အခမဲ့ပေးပါတယ်။ အားလုံး အခမဲ့ပညာရေးဖြစ်တယ်။ ကလေးတွေကျန်းမာရေးအတွက်လည်း ပြီးခဲ့တဲ့ ၂၃ ရက်က မြို့နယ်ကျန်းမာရေးအဖွဲ့က တစ်ကျောင်းလုံး ခြင်ဆေးဖျန်းပေးတယ်။ သောက်ရေအိုး၊ ရေပုံးတွေ၊ ရေစည်တွေ အားလုံးကို ဖုံး သွန် လဲ စစ် စနစ်လုပ်ပြီး ဆေးတွေခတ်ပေးပါတယ်။ ပညာရေးစနစ်က ပြောင်းလဲပြီဆိုတော့ စိတ်သစ်လူသစ်နဲ့ အခုနှစ်မှာ အားလုံးပြုပြင်ပြီးတော့ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နေပါတယ်။

**ဒေါ်သင်းသင်းဆွေ (အထက-၄၊ ပုဇွန်တောင်)**

ဒီနှစ်က အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ကျောင်းသားဦးရေ များလာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်ကအခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်ပြီး ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ သူငယ်တန်းကလေး ကျောင်းအပ်ရင် မွေးစာရင်းမိတ္တူနဲ့ မူရင်း၊ သန်းခေါင်စာရင်းမိတ္တူနဲ့ မူရင်းယူခဲ့ရမယ်။ ကြားတန်း အသစ်တွေကျတော့ ကျောင်းထွက်လက်မှတ်မူရင်း၊ မိတ္တူ၊ သန်းခေါင်စာရင်းမူရင်း၊ မိတ္တူ ယူလာရမယ်။ လက်ရှိ



ဒေါ်စန္ဒာအေး



မအေးမြသီရိအောင်



ဒေါ်မြင့်မြင့်ကြူ



ဒေါ်ခင်စန်းညွန့်

ကျောင်းရှိကလေးတွေကတော့ သက်ဆိုင်ရာအတန်းအသီးသီးကို ပြီးခဲ့တဲ့နှစ်က အဆင့်လိုက်တန်းခွဲအသီးသီးမှာ အပ်လို့ရပါတယ်။ စာသင်ခန်းတွေ၊ သောက်ရေအိုးတွေကိုလည်း သန့်ရှင်းရေးလုပ်ထားတယ်။ ဝင်ဆံ့တဲ့ ဦးရေနဲ့ စာသင်ခုံတွေအဆင်သင့်လုပ်ထားပါတယ်။ မူလတန်းကို ဝတ်စုံနဲ့ ဗလာစာအုပ်၊ ကျောင်းသုံးဖတ်စာအုပ် အခမဲ့ပေးပါတယ်။

**ဦးစိုင်းအောင်အောင်သန်း (ကျောင်းသားမိဘ)**

ကလေးက ဒီကျောင်းမှာ စတုတ္ထတန်း တက်မှာပါ။ ပညာရေးက ပြောင်းလဲသွားမယ်ဆိုရင် ဝမ်းသာပါတယ်။ ဟိုအရင်တုန်းကဆိုရင် ကလေးတွေက စာကိုတအားကျက်ရတယ်။ တကယ်တတ်မှ၊ တကယ်သိမှ တကယ်လက်တွေ့ကျကျ ပညာရေးစနစ်ကိုပြောင်းသွားရင် ကလေးအတွက် အကောင်းဆုံးပါ။ ကလေးတွေက ကျောင်းလာရင် စာအုပ်အပြည့်ယူလာတယ်။ တကယ်တတ်မြောက်အောင်သင်ပေးပြီး တကယ်အသုံးချမယ့်ပညာရေးကို အဓိကလိုအပ်ပါတယ်။ အခုဆိုရင် ပညာရေးကိုပြောင်းလဲဖို့ စလုပ်ပြီဆိုတော့ အခုသူငယ်တန်းကိုစပြီးပြောင်းလဲနေတယ်။ နောက်နှစ်တွေမှာလည်း တခြားအတန်းတွေကိုပါ တကယ်တတ်မြောက်အောင် သင်ကြားပေးပြီး ပြောင်းလဲလာရင် အကောင်းဆုံးပါ။

**ဒေါ်ပြုံးပြုံးမော် (အထက-၄၊ ပုဇွန်တောင်)**

အခုတက်မယ့် သူငယ်တန်း(Kg)က လောလောဆယ် စာမသင်ဘူး။ အောက်တိုဘာ၊ နိုဝင်ဘာ ဒုတိယနှစ်ဝက်လောက်ကျမှ ကလေးတွေ စာသင်မယ်။ စာသင်တဲ့အခါ ကကြီးကနေ အအထိသင်မယ်။ နောက်(၁)ကနေ (၂၀) အထိ သင်မယ်။ နောက် A ကနေ Z အထိသင်မယ်။ ကကနေ အအထိမှာ (၈)လုံး ဖယ်ထားတာရှိတယ်။ အဲဒီ (၈)လုံးက ပထမတန်းကျမှသင်မယ်။ နောက်ပြီး ကလေးတွေကို ကဗျာတွေ၊ အကတွေ သင်မယ်။ နောက်ပြီး သီချင်းလေးတွေ ကခုန်သီဆိုရင်း သင်မယ်။ စာမသင်ဘူးဆိုပေမယ့် အရေးလေးတွေပါတာပေါ့။ တစ်ယောက်နဲ့တစ်ယောက် ကျောပေါ်မှာရေးတာတို့၊ လေထဲမှာရေးတာတို့ ဒါတွေရေးရမယ်။ နှစ်ဝက်ကျမှ စာသင်မယ်။ နောက်ပြီး စာလုံးပေါင်းသတ်ပုံတို့ ဘာတို့ ပထမတန်းကျမှသင်မယ်။ အဓိက Kg က သူငယ်တန်းမှာ မူကြိုမတက်ရသေးတဲ့ ကလေးတွေရှိတယ်။ သဘောက မူကြိုအခြေခံပေါ့။ မူကြိုနဲ့ပတ်သက်တာတွေသင်ပြီးမှ နှစ်ဝက်လောက်မှ သူငယ်တန်းစာကို သင်မယ်။

ကလေးတွေ ပျော်မှာပါ။ ကမယ်၊ ဆိုမယ်ဆိုတော့ အရင်တုန်းက ကလေးတွေ ကျောင်းကြောက်တယ်။ လာချင်မှာမဟုတ်ဘူး။ အခုကလေးတွေ အရမ်းပျော်မယ်။ သူတို့တီထွင်ဖန်တီးမှုလည်းရှိတယ်။ နယ်ပယ်ခြောက်ရပ်နဲ့သင်မယ်။ နှစ်လ တစ်ကြိမ် အကဲဖြတ်မှတ်တမ်းလေးတွေ ရေးရတယ်။ သူတို့လုပ်ရည်စွမ်းရည်ကျွမ်းကျင်မှုပေါ့။ နယ်ပယ်ခြောက်ရပ် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်း နယ်ပယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောဆိုဆက်သွယ်မှု သွက်လက်အောင်လို့ အပြောအဆို ဆက်သွယ်မှုနယ်ပယ်၊ ကာယနဲ့စာရိတ္တ နယ်ပယ်၊ သင်္ချာစွမ်းရည် လေ့လာဖို့အတွက် သိဖို့နယ်ပယ်၊ ပတ်ဝန်းကျင်စူးစမ်းလေ့လာမှုနယ်ပယ်၊ ရသတို့၊ ကဗျာတို့ နယ်ပယ်(၆)ခုနဲ့ သင်မှာပါ။ အကုန်လုံး စုံအောင်သင်မှာပါ။ သဘောက ကဗျာဆိုရင် သိပ္ပံနဲ့ ပတ်သက်တာရှိမယ်။ စာတွေ့သာမလုပ်ရပေမယ့် လက်တွေ့အားဖြင့် အကုန်လုံး သိသွားမယ်။

သင်ခန်းစာတစ်ခုကို ကဗျာတစ်ခုနှုန်းနဲ့သင်သွားမှာပါ။ သင်္ချာနဲ့ ပတ်သက်တာတွေလည်း အခြေခံတွေသင်သွားပေးမယ်။ အများကြီးကျယ်ပြန့်ပါတယ်။ မူကြိုမတက်ရတဲ့ကလေးတွေအတွက် အကောင်းဆုံးပါ။ ဒီခေတ်ကလေးတွေ ဘက်စုံတတ်မြောက်သွားမှာပါ။ အရင်တုန်းက သူငယ်တန်းဆိုရင် စာတွေပဲ ရေးရတယ်။ စိတ်ညစ်တာပေါ့။ အခုဆိုရင် နှစ်ဝက်လောက်မရေးရဘူး။ အရမ်းပျော်ရွှင်မယ်။ ဘက်စုံသိသွားမယ်။ ဘက်ပေါင်းစုံထူးချွန်မယ်လို့ ထင်တယ်။ သူငယ်တန်း ဆရာမတွေက သင်တန်း ၁၅ ရက်တက်ရတယ်။

**ဒေါ်စန္ဒာအေး (ကျောင်းသားမိဘ)**

ကျွန်မ သားနဲ့သမီးက ဒီကျောင်းမှာတက်ပါတယ်။ ကလေးတွေက မူလတန်းနဲ့ အထက်တန်းမှာ ပညာသင်ကြားနေပါတယ်။ နှစ်ယောက်စလုံး အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် ကုန်ကျစရိတ်မရှိဘူး။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးတွေအတွက် မိဘတွေက ကျောင်းအပ်တော့ ကုန်ကျစရိတ်မရှိဘူး။ မူလတန်းက ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ကျောင်းသုံးဖတ်စာအုပ်တွေရပါတယ်။ အလယ်တန်း၊ အထက်တန်းကိုလည်း ကျောင်းသုံးဖတ်စာအုပ် အခမဲ့ပေးပါတယ်။ ဘာကြေးမှ မပေးရပါဘူး။ သူတို့လေးတွေ တစ်နှစ်တစ်တန်းအောင်ဖို့က အဓိကပါ။ ကလေးတွေ ပညာတတ်ဖြစ်ဖို့အတွက် ဆရာ၊ မိဘ၊ ကျောင်းသား ပူးပေါင်းပြီး ကြိုးစားကြရတာပေါ့။

**မအေးမြသီရိအောင် (ကျောင်းသူ)**

ဒသမတန်းတက်မှာပါ။ အခု သူငယ်ချင်းတွေနဲ့ ပြန်ဆုံရတော့ ပျော်ပါတယ်။ ကျောင်းသုံးဖတ်စာအုပ်တွေကို အခမဲ့ပေးတဲ့အတွက် မိဘတွေလည်း စိတ်ချမ်းသာပါတယ်။ ဒသမတန်းကို အောင်မြင်အောင်ဖြေပြီး ပညာတတ်ကြီး ဖြစ်ချင်ပါတယ်။ ပညာရေးကိုအဆင့်မြင့်မြင့် ဖြစ်စေချင်ပါတယ်။

**ဒေါ်မြင့်မြင့်ကြူ (သူငယ်တန်း Kg သင်ဆရာမ၊ အထက-၂၊ လသာ)**

Kg အတွက် အရင်တုန်းကလို စာသင်တာမျိုးမဟုတ်ဘဲနဲ့ အလယ်ကောင်မှာ ကွက်လပ်ထားပြီး ကလေးတွေဘေးမှာ ခုံလေးတွေစီပြီး ဝိုင်းပြီးနေမယ်။ ကစားနည်းလေးတွေနဲ့သင်မယ်။ နယ်ပယ် ၆ ရပ်နဲ့သင်မယ်။ ဖိနပ်စင်လေးတွေပါမယ်။ စာဖတ်ဖို့စာအုပ်စင်လေး တွေပါမယ်။ အရုပ်ခေါက်တာမျိုးလည်းရှိမယ်။ ကစားနည်းမျိုးစုံကို ကဗျာလေးတွေနဲ့ ပျော်ရွှင်ဖွယ်ဖြစ်အောင် သင်ကြားပေးမှာပါ။ ကျောင်းစတက်တက်ချင်း ကလေးတွေကို စာတန်းပြီး မသင်ဘဲ ခဲတံကိုင်နည်းတွေ၊ ကြွက်သားလေးတွေ သန်မာအောင်သင်မယ်။ အရင်လို ခုံမှာထိုင်ပြီး စာရေးတာမျိုးမဟုတ်ဘဲနဲ့ ကစားနည်းလေးတွေ၊ လျှောစီးတဲ့အရာမျိုးတွေ လုပ်ထားမယ်။ သူငယ်ချင်းအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းတတ်အောင်၊ ပျော်ရွှင်အောင်သင်ဖို့ စီစဉ်ထားပါတယ်။ နိုင်ငံတော်က Kg တန်းအတွက် ဝတ်စုံတစ်စုံစီ အခမဲ့ပေးပါတယ်။ ဘာအခကြေးငွေမှလည်း မတောင်းဘူး။ ကလေးမိဘတွေ အဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။

**ဒေါ်ခင်စန်းညွန့်(ကလေးအုပ်ထိန်းသူ)**

ကျောင်းဝတ်စုံ၊ ကျောင်းလက်မောင်းတံဆိပ်၊ ကျောင်းနဲ့ပတ်သက်တာအားလုံး အခမဲ့ပါ။ ဒီနှစ်သင်ရိုးသစ်တွေ သင်မှာဆိုတော့ ဖတ်စာအုပ်မလိုဘူး။ ပုံပြောတာ၊ ကဗျာရွတ်တာ၊ ကစားတာတွေပဲ သင်မယ်လို့ကြားတယ်။ ဘာအခကြေးငွေမှမပေးရပါဘူး။ ကျောင်းအပ်ရတာစိတ်ချမ်းသာတယ်။ ကလေးကလည်း ဒီကျောင်းမှာပဲ တက်ချင်တယ်ဆိုလို့ လာအပ်ပေးတာ။ အခက်အခဲ မရှိပါဘူး။ အားလုံးအဆင်ပြေပါတယ်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-ရဲထွန်း**



ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထက(၂) ကျောင်းတွင် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဆိုင်းဘုတ်တင်ပွဲကို မေ ၂၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်နွဲ့ရည်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

ကျော်ကျော် (IPRD)

# ပရဟိတညီနောင်များဖြင့် စုပေါင်းဖွဲ့စည်းထားသည့် ရှင်သန်ရေးကူညီမှုအသင်းနှင့်အတူ

**ရန်ကုန်မြို့နှင့် မိုင် ၅၀ အတွင်းရှိ ယာဉ်မတော်တဆမှုများ၊ အထပ်မြင့် အဆောက်အအုံတွင်နေထိုင်ပြီး ရောဂါဝေဒနာကြောင့် အတက်/အဆင်းမလုပ်နိုင်သူ၊ ဆေးရုံ၊ ဆေးခန်းသွားရန်ခက်ခဲသူများကို အခမဲ့ပို့ဆောင်ပေးနေခြင်း၊ ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များအား ဆေးကုသစရိတ် ထောက်ပံ့လှူဒါန်းသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အရေးပေါ်သွေးလိုအပ်သော ဝေဒနာရှင်များအား သန့်ရှင်းသောသွေးများ လှူဒါန်းရန် ဆောင်ရွက်ပေးခြင်းများအပြင် သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများသို့ သွားရောက်၍ ဘေးဒုက္ခသည်များအား လှူဒါန်းခြင်း၊ ကူညီစောင့်ရှောက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်။**




ငွေကြေးအခက်အခဲများကြောင့် ရန်ကုန်တွင်ရပ်တည်ရန် ခက်ခဲလာ၍ နိုင်ငံခြားထွက်စီးပွားရှာသူ ကိုမြင့်ဇော်တစ်ယောက် ငွေကြေးအတန်အသင့် စုဆောင်းမိသည့်အခါ၌ အခန်းတစ်ခန်းငှားရမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ အဆိုပါအခန်း၌ ရပ်ရွာမှ လာရောက်စီးပွားရှာကြသည့် ကျောတစ်ခင်းစာ ခက်ခဲနေသူ ဘဝတူလူငယ်များကို နေစရာအခမဲ့ ကူညီပေးခဲ့ရာမှစတင်ပြီး သူ့ရင်ထဲတွင် ပရဟိတစိတ်ဓာတ် သန္ဓေတည်လာခဲ့သည်။

သူ့ကိုခင်မင်သူတွေက ကိုကြီးလို့ခေါ်သည့် ရှင်သန်ရေးကူညီမှုအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးမြင့်ဇော် ဖြစ်သည်။

သူရန်ကုန်ပြန်ရောက်တော့ ငယ်စဉ်ကတည်းက အခြေတည်ခဲ့သည့် ပရဟိတစိတ်ဓာတ်က ပိုမိုရှင်သန်ကြီးထွားလာသည်။ သို့နှင့် ရှင်သန်ရေးကူညီမှုအသင်းတွင် ပူးပေါင်းပါဝင်ပြီး ပရဟိတလုပ်ငန်းများကို အားတက်သရော ကူညီဆောင်ရွက်ခဲ့သည်။

ရှင်သန်ရေးကူညီမှုအသင်း(NOBLE HEART) သည် အာဟာရဒါန ပရဟိတမောင်နှမများ၊ စေတနာရှင်အလှူရှင်များပါဝင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အာဟာရများလှူဒါန်းပေးခဲ့ရာမှ ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်တွင် အစပြုလာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်းလမ်း နန်းသီတာဆိပ်ကမ်း၊ တံလျှပ် စက်တပ်သမ္ဗန်ဆိပ်တွင် အဖွဲ့ဝင် ၂၀ ခန့်ဖြင့် စတင်ခဲ့သည်။

"စတင်ခဲ့စဉ်က အမာခံအင်အား ၂၀ နဲ့ အစပြုခဲ့တယ်။ သူတို့အားလပ်တဲ့အချိန်မှာ လာရောက်လုပ်အားဒါနပြုကြတယ်။ နောက်ပိုင်းလုပ်ဆောင်ချက်တွေကို လူမှုကွန်ရက်ကတစ်ဆင့် နီးစပ်ရာအသိုင်းအဝိုင်း၊ အခြားပရဟိတလုပ်တဲ့ မိတ်ဆွေတွေကတစ်ဆင့်ပျံ့နှံ့လာခဲ့တယ်။ စိတ်ဝင်စားပြီး အလှူအသီးသီးက ပါဝင်တဲ့သူများပြားလာခဲ့တယ်။ ဒီလောက်အထိ အောင်မြင်မှုရလိမ့်မယ်လို့ ထင်မထားပါဘူး"ဟု ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က ပြောသည်။

ယခုအခါတွင် အဖွဲ့ဝင် တစ်ရာကျော်ရှိနေပြီဖြစ်သည့် ရှင်သန်ရေးကူညီမှုအသင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အာဟာရဒါန ပရဟိတ မောင်နှမများက ရန်ကုန်မြို့နှင့် မိုင် ၅၀ အတွင်းရှိ ယာဉ်မတော်တဆမှုများ၊ အထပ်မြင့် အဆောက်အအုံတွင်နေထိုင်ပြီး ရောဂါဝေဒနာကြောင့် အတက်အဆင်း မလုပ်နိုင်သူ၊ ဆေးရုံ၊ ဆေးခန်းသွားရန်ခက်ခဲသူများကို အခမဲ့ပို့ဆောင်ပေးနေခြင်း၊ ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်များအား ဆေးကုသစရိတ် ထောက်ပံ့လှူဒါန်းသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ခြင်းနှင့် အရေးပေါ်သွေးလိုအပ်သော ဝေဒနာရှင်များအား သန့်ရှင်းသောသွေးများ လှူဒါန်းရန် ဆောင်ရွက်ပေးခြင်းများအပြင် သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများသို့သွားရောက်၍ ဘေးဒုက္ခသည်များအား လှူဒါန်းခြင်း၊ ကူညီစောင့်ရှောက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် ပရဟိတအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ရှင်သန်ရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "မိမိအသက်သည် ငါးဆယ်ကျော်နေသည့် အချိန်တွင် မိခင်ဖြစ်သူ မွေးရက်ကျိုးနပ်အောင် ယခု ပရဟိတလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်ဖြစ်တာပါ"ဟု ပြောသည်။

"နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရှင်သန်ရေးကူညီမှုအသင်းသာမက အခြားပရဟိတအသင်းတွေအတွက် မှတ်တမ်းတင်ဂုဏ်ပြုပေးတဲ့အတွက် အသင်းတွေပိုပြီး ဆောင်ရွက်ချင်လာအောင် အားပေး လိုက်တဲ့စကားပါ"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးကျူးဂုဏ်ပြုမှုနှင့်ပတ်သက်ပြီး ၎င်းကဆိုသည်။

ထိုသို့ အများအကျိုးသယ်ပိုး ထမ်းရွက်နေသော ရှင်သန်ရေးကူညီမှုအသင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုနှစ် မေလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ခဲ့သည်။

ထိုအသင်းကြီးတွင် ကိုယ်ကျိုးမဖက် မေတ္တာသက်သက်ဖြင့် ပရဟိတလုပ်ငန်းများကို လုပ်ကိုင်နေသော ကိုမြင့်ဇော်ကို သူ၏ဖေ့စ်ဘွတ်စာမျက်နှာတွင် Nyi Chay ဆိုသူက "ဘဝခရီးလမ်းမကြီးကို အသီးသီး သူငါ လျှောက်လှမ်းရာဝယ် မောရှာပန်းရှာ များလှစွာကို စာနာဖေးမကူညီကြသည် ပရဟိတ မြတ်အလှတည့် ပြုကြပုဂ္ဂိုလ်များထိုထို၏ ကုသိုလ်ကောင်းမှုအစုစုကို သာဓုအကြိမ်ကြိမ်ခေါ်မိတကား"ဟု ဝင်ရောက် ရေးသားဂုဏ်ပြုထားသည်။

ကိုမြင့်ဇော်ကို ပရဟိတစိတ်ဓာတ် ကိန်းအောင်းထက်သန်လာအောင် စေ့ဆော်ခဲ့သူမှာ သူ၏ဖခင် ဖြစ်သည်ဟုဆိုသည်။ "ကျွန်တော့် ပရဟိတစိတ်ကို အခြေတည်စေခဲ့သူက အဖေပါ။ အဖေက ဝန်ထမ်းဆိုတော့ ကျွန်တော်တို့လည်း နယ်မှာကျောင်းတက်ရတယ်။ မိုးတွင်းဆိုရင် လမ်းတွေက ချောနေတယ်။ သစ်ပင်တွေက လမ်းကို ဖုံးနေတယ်။ အဲဒါကြောင့် ပိတ်ရက်တွေမှာ ကျွန်တော်တို့ သားအဖနှစ်ယောက် ကျောင်းသွားတဲ့ လမ်းတစ်လျှောက်ကို မြက်ရှင်း၊ သစ်ကိုင်း၊ သစ်ပင်တွေကို ခုတ်ထွင်ခဲ့ပါတယ်။ အဲလိုတွေ လုပ်ကိုင်ရင်း အဖေ့ရဲ့ ပရဟိတစိတ်တွေက ငယ်ငယ်ကတည်းက ကျွန်တော့်မှာ သန္ဓေတည်လာခဲ့ပါတယ်"ဟု ဆိုသည်။

အဆိုပါအသင်း၏ ကူညီပံ့ပိုးမှုကိုရရှိခဲ့သူ အဘချစ်က "ဒီအသင်းရဲ့ကူညီမှုက အခုထက်ထိ တိုင်အောင် စိတ်ထဲမှာ အမှတ်ရနေဆဲပါ။ မုဒုံမှာရှိတဲ့ အဘရဲ့တူ တစ်မြန်နှစ်က ကားအက်ဆီးဒင့်ဖြစ်ခဲ့တယ်။ မော်လမြိုင် ဆေးရုံကနေ ရန်ကုန်ပြည်သူ့ဆေးရုံကို ပြောင်းရွှေ့လာခဲ့တယ်။ ဆေးရုံတက်ရောက်နေစဉ် ကာလဖြစ်တဲ့ ၂၀၁၅ ဇန်နဝါရီကနေ ဧပြီလအထိ ကာလတန်ကြေး တစ်နေ့ ငွေကျပ် ၂၀၀၀ ဖိုးလောက်ရှိတဲ့ ဆန်ပြုတ်ကို နေ့စဉ်နံနက်တိုင်း လူနာရှိတဲ့အခန်းအရောက် လာပို့ပေးတယ်။ ဆေးခန်းရက်ချိန်းတိုင်းမှာလည်း ဒီအသင်းက အိမ်နဲ့ ဆေးခန်း အသွား/အပြန်ကို သကြံန်ရက်အတွင်းမှာတောင် ယာဉ်ကြောကျပ်တည်းနေတဲ့ကြားက စိတ်ရှည်စွာနဲ့ ပို့ဆောင်ပေးတာကိုတော့ အထူးအမှတ်ရနေတယ်။ ပရဟိတစိတ်ဓာတ်ရှိတဲ့၊ လုပ်အားပေးနေတဲ့ လူငယ်တွေကို အထူးကျေးဇူးတင်ပါတယ်"ဟု ၎င်း၏ ရင်တွင်းစကားကို ပြောပြခဲ့သည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ချိန်တွင် ပရဟိတစိတ်ဓာတ်များ သန္ဓေတည်လာကြသည်။ နာဂစ်တွင် ပစ္စည်းဥစ္စာနှင့် အသက်များစွာ ဆုံးရှုံးခဲ့သော်လည်း အမြတ်အနေဖြင့် လူငယ်များအကြား ပရဟိတစိတ်ဓာတ်များ နိုးကြားလာခဲ့ကြောင်း ကိုမြင့်ဇော်က ဆိုသည်။

စေတနာ့ဝန်ထမ်းလုပ်ခြင်းသည် ငွေကြေးမရသော်လည်း အများအကျိုးလုပ်ခွင့်ရ၍ကျေနပ်နေသည့် ဇာတိမြေက ၉ နှစ်ကြာ စွန့်ခွာခဲ့သော ကိုမြင့်ဇော်သည် ယခုအခါတွင် သူစွန့်ခွာခဲ့သည့် အမိမြေတွင် ပရဟိတလုပ်ငန်းများကို သက်ဆုံးတိုင် လုပ်ကိုင်သွားမည်ဟု စိတ်ပိုင်းဖြတ်ထားပါသည်။




**သတင်းဆောင်းပါး-ဝင်းစန္ဒီ၊**
**ဓာတ်ပုံ- MZ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၈၆၂၀၀ - ၇၈၇၂၀၀ | မန္တလေး(ရွှေဈေး) | ၇၈၆၂၀၀ - ၇၈၇၂၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၆၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၃ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၈. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၉. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၂. ၈၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၅. ၈၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၃၅၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၆. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၈. ၈၄၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၄၄. ၃၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၅၀. ၀၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရေလုပ်သားခြောက်ဦး ဝါးဖောင်ဖြင့် ဇီးကုန်းကမ်းခြေသို့ဆိုက်ကပ်

**ချောင်းဆုံ မေ ၂၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဇီးကုန်းကျေးရွာအုပ်စုအတွင်းသို့ မေ ၂၅ ရက် နံနက် ၈ နာရီက ရေလုပ်သားခြောက်ဦး ဝါးဖောင်ဖြင့် ဇီးကုန်းကမ်းခြေသို့ ဆိုက်ကပ်လာကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပင်လယ်အတွင်း ကျားပိုက်(ငါးဖမ်းပိုက်) ထောင်ရာမှ လေပြင်းတိုက်စဉ် ကျားပိုက်ကိုဖြတ်၍ ဝါးဖောင်ဖြင့် မျောလာခြင်းဖြစ်သည်။ လှေပိုင်ရှင်မှာ ရေးမြို့အစင်ကျေးရွာမှ ဦးစိုးညွန့်မောင်(ခ) ရတနာမောင်ဖြစ်ပြီး ရေလုပ်သား ခြောက်ဦးတို့မှာ ဦးအေး(၅၅)နှစ်၊ ဦးကြည်ထွန်း(၃၃)နှစ်၊ ဦးကိုနိုင်(၄၂)နှစ်၊ ဦးထွန်း(၃၅)နှစ်၊ ဦးရဲထိုက်(၄၂)နှစ်၊ ဦးအောင်လင်းဦး (၃၃)နှစ်တို့ဖြစ်ပြီး ၎င်းတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးက တာဝန်ယူ စောင့်ရှောက်ထားကြောင်း သိရသည်။

**ထူးအိမ်(IPRD)**

❒ရှေ့ဖုံးမှ

သင်ကြားပေးပါတယ်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်ရဲ့ ပထမဦးဆုံးနေ့ နံနက်ပိုင်းမှာပဲ အတန်းစုံကျောင်းသား ကျောင်းသူဦးရေ ၈၇၄ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၄၈ ဒသမ ၅၅ ရာခိုင်နှုန်းလောက် လာရောက်အပ်နှံပါတယ်။ ကျောင်းအပ်နှံခြင်းအခမဲ့ဖြစ်သလို ဗလာစာအုပ်၊ သင်ရိုးစာအုပ်၊ ဝတ်စုံများလည်း အတန်းလိုက်ထောက်ပံ့ပေးပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက အချို့အချိန်မီရောက်မလာသေးပါဘူး။ သန်ဘက်ခါလောက်မှရမယ်လို့ သိရပါတယ်။ ကျွန်တော်တို့လက်ထဲရောက်တာနဲ့ ပြည့်စုံအောင် ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ထူးခြားသောအခြေအနေများနှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးက “ဒီကျောင်းမှာ လာတက်တဲ့ပတ်ဝန်းကျင်က လက်လုပ်လက်စား ရွှေ့ပြောင်းအလုပ်သမားတွေ အများအပြားရှိပါတယ်။ သူတို့ရဲ့ရင်သွေးငယ်တွေအချို့ဟာ မွေးစာရင်းမရှိကြပါဘူး။ ကလေးရဲ့အကျိုးကိုရှေးရှုပြီး သက်ဆိုင်ရာ ရပ်/ကျေးရဲ့ထောက်ခံချက်နဲ့ ကျောင်းအပ်လက်ခံပါတယ်။ ပြီးတော့ အသက်တော်တော်လွန်နေပြီဖြစ်တဲ့ ကလေးတစ်ဦးကိုလည်းတွေ့ရပြီး သူ့အတွက် အဆင်ပြေမယ့်နည်းလမ်းကို ညှိနှိုင်းရှာဖွေနေပါတယ်”ဟု ပြောပြသည်။



ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံမှုစတင်သည့်နေ့တွင် အတန်းလိုက်ထောက်ပံ့စဉ်။
ဓာတ်ပုံ-ALEZ

အဆိုပါကျောင်းတွင် အေးမေတ္တာစံ ပရဟိတကျောင်းမှ ကျောင်းသားကျောင်းသူများလည်း ပညာသင်ကြားလျက်ရှိရာ ယခုနှစ်တွင် ပရဟိတကျောင်း၌ တိုင်းရင်းသားကလေးများ တိုးတက်ရောက်ရှိလာခြင်း၊ အိမ်ရာစခန်းများတွင် နေထိုင်သူများရောက်ရှိလာခြင်း၊ ရဲတပ်ရင်းအသစ်နှင့် မိသားစုများရောက်ရှိလာခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ ပိုမိုများပြားလာခြင်းတို့ကြောင့် ယခင်နှစ်တွင် ကျောင်းသားဦးရေ ၁၈၀၀ ကျော် လက်ခံသင်ကြားပေးခဲ့ပြီး ယခုနှစ်တွင် ၂၀၀၀ ကျော်အထိ လက်ခံသင်ကြားပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အင်းသာ၊ တဲကုန်း၊ ရင်ကွဲပင်၊ ရွာသစ်ကုန်း၊ ချောင်းဖျား၊ မရင်းကြီးကျေးရွာများနှင့် ဌာနဆိုင်ရာဝန်ထမ်းသားသမီးများ တက်ရောက်ပညာသင်ကြားလျက်ရှိသော ခေတ်အေး အခြေခံပညာအထက်တန်း ကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုကြည်က “ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် လာရောက်အပ်နှံပါတယ်။ KG ကနေ နဝမတန်းအထိ လက်ခံသင်ကြားပေးမှာဖြစ်ပါတယ်။ မနှစ်က ကျောင်းသားကျောင်းသူ ၆၈၀ ကျော် လက်ခံသင်ကြားခဲ့ပြီး ဒီနှစ်မှာတော့ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖြစ်လာပြီဖြစ်လို့ ၇၀၀ ကျော်အထိ လက်ခံရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ ပြီးခဲ့တဲ့နှစ်က ၄ တန်းမှာ ၉၉ ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီး ၈ တန်းမှာ ၉၁ ရာခိုင်နှုန်းအောင်မြင်ပါတယ်။ ကုစားဖြေဆိုမှုအပြီးမှာတော့ ရာနှုန်းပြည့်အောင်မြင်ခဲ့ပါတယ်။ ကလေးတွေကို တကယ်တတ်အောင် သင်ပေးတဲ့ ဆရာ ဆရာမတွေရဲ့ အားထုတ်မှုကို ၄ တန်းနဲ့ ၈ တန်းအောင်ချက်အရ သိနိုင်ပြီး ဒီရလဒ်ကို ဆက်လက်ထိန်းသိမ်းနိုင်အောင် ဆရာ ဆရာမတွေအားလုံး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိပါတယ်” ဟုပြောကြားသည်။

တစ်ဦးချင်း သော်လည်းကောင်း၊ နီးစပ်ရာအစုအဖွဲ့နှင့် သော်လည်းကောင်းလာရောက်၍ ကျောင်းအပ်နှံကြသူ ကျောင်းသားမိဘများအားလုံး ကျောင်းအပ်နှံခြင်းအတွက် အဆင်ပြေကြောင်း၊ ထောက်ပံ့ပစ္စည်းများရရှိကာ ငွေကုန်ကြေးကျလည်းမရှိ၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြသည်။ ကျောင်းသားနှင့် မိဘ၊ ဆရာများအားလုံး တက်ကြွရွှင်လန်းနေကြသည်။ သို့သော် အချို့ကလေးငယ်များမှာ မွေးစာရင်းမရှိသောကြောင့် ကျောင်းအပ်နှံရေးအတွက် အနှောင့်အနှေးဖြစ်နေသည်ကိုလည်း အချို့ကျောင်းများတွင် တွေ့ရသည်။ ကျေးလက်ဒေသဖြစ်သည့် အပြင်တောင်ယာတွင် နေထိုင်သူများ၊ ကျောက်ကွင်း၊ သစ်ကွင်းစသည်ဖြင့် ရွှေ့ပြောင်းလုပ်ကိုင်ရင်း မွေးဖွားခဲ့သော ကလေးငယ်အများစုမှာ မွေးစာရင်းမရှိကြဟု သိရပြီး ယင်းအခက်အခဲကိုဖြေလျှော့၍ ကျောင်းအပ်နှံခွင့် လွယ်ကူရေး အချို့ဒေသများတွင် လိုအပ်နေကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန

**ကျောင်းအပ်နှံရေးသီတင်းပတ်**

( ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် )

မေလ(၂၅) ရက် မှ (၃၁) ရက်အထိ

**ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး**
**ပြည်သူအားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေး**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်**

၂၅-၅-၂၀၁၆

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

# မြို့နယ်အသီးသီး၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားများ ကျင်းပ

**မြိုင်မြို့နယ်**

ကျောင်းအပ်နှံရေးဆောင်ရွက်မှုများကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် အခြေခံပညာဦးစီးဌာန မြိုင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ကျောင်းသားမိဘများက ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများထံ ကျောင်းအပ်နှံနေကြကြောင်း သိရသည်။ **(ယာပုံ)**

ယင်းအမှတ်(၂)အထက်တန်းကျောင်းသို့ မြိုင်မြို့အမှတ်(၁)ရပ်ကွက်အပြင် သက္ကယ်ကန်ကျေးရွာအုပ်စု၊ အင်းရောင်းကျေးရွာအုပ်စု၊ မင်းသားကျကျေးရွာအုပ်စု၊ ဝွေးပင်လယ်ကျေးရွာအုပ်စု၊ ထန်းဘုန်းတောကျေးရွာအုပ်စု၊ ပေါက်ပြင်းကျေးရွာအုပ်စု၊ အလယ်ကန်ကျေးရွာအုပ်စု၊ စုစုပေါင်း ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာပေါင်း ၂၇ ရွာမှ ကျောင်းသား ကျောင်းသူများကို လာရောက်အပ်နှံကြကြောင်းသိရသည်။

**အောင်ကျော်မြင့်**

**ပခုက္ကူမြို့နယ်**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၏ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ပခုက္ကူမြို့ အထက(၁)ပညာရတနာခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး လုပ်ငန်းအောင်မြင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ မူလတန်းဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ၁၈၉ သိန်း၊ ကျောင်းဝတ်စုံ ၂၄၈ သိန်း၊ အလယ်တန်းဆင့်အတွက ်ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ၂၉၇ သိန်း၊ အထက်တန်းဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် ၂၀၃ သိန်း၊ အခမဲ့ဗလာစာအုပ် ၂၄၈ သိန်း၊ ပခုက္ကူတက္ကသိုလ်မှ စာအုပ်စာရေးကိရိယာအတွက် ငွေကျပ် ၁၂၀၀၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်နှစ်သိန်း၊ ပခုက္ကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ်နှစ်သိန်း၊ ကြယ်စင်မောင်နှမပရဟိတအသင်းမှ ပညာသင်ထောက်ပံ့ကြေးအတွက် ငွေကျပ် ၁၅ သိန်း၊ ပခုက္ကူမြို့ ကိုယ်ပိုင်ကျောင်းများနှင့် ဘာသာရပ်သင်ကျောင်းများမှ ဗလာစာအုပ် ၁၀၂ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် သူငယ်တန်း(KG)အတွက် ကျောင်းဝတ်စုံ(အခမဲ့)၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ(အခမဲ့)၊ အလယ်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ(အခမဲ့)၊ကျောင်းလခ၊မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့်စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်စုံ(အခမဲ့)၊ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာနှင့် စာကြည့်တိုက်ကြေးကင်းလွတ်ခွင့်များ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**



**ပေါင်မြို့နယ်**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနှင့် ကျောင်းထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက အထက(ပေါင်)ရွှေရတုခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်များအတွက် ထောက်ပံ့ကြေးငွေများကို မြို့နယ်ပညာရေးမှူးရုံးမှ ပထမအရစ်ကို ဇွန်လကုန်တွင် ပံ့ပိုးပေးမည်ဖြစ်ပြီး ဒုတိယအရစ်ကို အောက်တိုဘာလကုန်တွင် အရစ်ကျစနစ်နှစ်ကြိမ်ဖြင့် ကျောင်းသားအရေအတွက် ဦးရေပေါ်မူတည်၍ ထောက်ပံ့ငွေများကို ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်သန်းက ပြောသည်။

“တချို့ကျောင်းသားမိဘတွေက ကျောင်းအခမဲ့အပ်နှံခွင့်ရတောင်မှ အိမ်တိုင်ရာရောက်ကျောင်းအပ်ဖို့သွားခေါ်ရတာလည်းရှိတယ်။ ကျွန်တော်တို့ခေတ်တုန်းကဆိုရင် အခမဲ့မဟုတ်လို့ ကျောင်းမဖွင့်ခင်ကတည်းက ငွေကြေးစုဆောင်းရတယ်။ အခုအခမဲ့တောင် ကျောင်းသားမိဘတွေက မလာချင်ကြတာအများကြီးရှိတယ်။ သူတို့ရဲ့လူမှုစီးပွားအခြေအနေကြောင့် သားသမီးတွေရဲ့ပညာရေးအခြေအနေကို ဦးစားမပေးနိုင်ကြဘူး။ ဒါတွေက ကျေးရွာတွေမှာရှိတဲ့ ကျောင်းတွေမှာ ဖြစ်နေတာများတယ်”ဟု ထားဝယ်စု မူလတန်းကျောင်းအုပ်ဆရာကြီးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

**တောင်ငူမြို့နယ်**

တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံးတွင် ယနေ့နံနက်ပိုင်းမှစ၍ ကျောင်းအပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။

လာရောက် ကျောင်းအပ်နှံကြသော ကျောင်းသား ကျောင်းသူများအား သူငယ်တန်းအတွက် ကျောင်းဝတ်စုံ တစ်စုံ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံ တစ်စုံ၊ ဗလာစာအုပ် ခြောက်အုပ်နှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တစ်စုံ အခမဲ့ ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိသည်။

မြို့မမူလွန်ကျောင်းသို့ လာရောက်အပ်နှံသည့် မိဘတစ်ဦးဖြစ်သည့် ဒေါ်နှင်းပွင့်အောင်က “အသက်ငါးနှစ်ပြည့်မှ သူငယ်တန်း(KG) အပ်လို့ ရမယ်လို့ ကန့်သတ်ထားပေမယ့် တစ်လလိုပါက သက်ဆိုင်ရာ ကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်၊ နှစ်လလိုပါက သက်ဆိုင်ရာမြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်၊ သုံးလလိုပါက တိုင်းဒေသကြီးပညာရေးမှူး၏ ထောက်ခံချက်တို့နဲ့ ကျောင်းအပ်နှံနိုင်လို့ မိဘတွေအတွက်လည်း အသက်မမီလို့ မအပ်ရတဲ့ သောကမရှိတော့ဘူး” လို့ ပြောကြားခဲ့သည်။

၂၀၁၆- ၂၀၁၇ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့်ကျောင်းများတွင် မေလ ၂၅ ရက်မှ မေလ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**တောင်ငူ(ပြန်/ဆက်)**

## ကြေးမုံ ရုပ်ရှင်အညွှန်း




# ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားဇာတ်ကား မကြာမီ ရုံတင်ပြသမည်

ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍသည် တစ်ပတ်အတွင်း ရုံတင်ပြသမည့် မြန်မာဇာတ်ကားနှင့် နိုင်ငံခြားဇာတ်ကားတို့ကို ညွှန်းဆိုတင်ပြနေသော ကဏ္ဍတစ်ခုဖြစ်သည်နှင့်အညီ ယခုတစ်ပတ် မေ ၂၇ ရက်တွင် အသစ်ရုံတင်ပြသမည့် ဇာတ်ကားသစ်များကို မိတ်ဆက်တင်ပြလိုပါသည်။

ယခုတစ်ပတ်တွင် မြန်မာဇာတ်ကားသစ်အနေဖြင့် လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး မအေးအေးဝင်းစီစဉ်သည့် ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားဇာတ်ကားကို မိတ်ဆက်တင်ပြလိုပါသည်။ ဤဇာတ်ကားမှာ မင်းသိခ်၏ဝတ္ထုကို ဇာတ်ညွှန်းနေစိုးသော်က ပုံဖော်ရေးသားပြီး ဒါရိုက်တာခင်စောမျိုးက ရိုက်ကူးခြယ်မှုန်းထားခြင်း ဖြစ်သည်။

အဓိကသရုပ်ဆောင်များအနေဖြင့် ကျော်သူ၊ ရန်အောင်၊ ရဲအောင်၊ မင်းဦး၊ စံရတီမိုးမြင့်၊ မေမြတ်နိုးနှင့် ထွန်းလွင်အောင်တို့က ခေါင်းဆောင်ပြီး အခြားသရုပ်ဆောင်များစွာကလည်း ပါဝင်အားဖြည့်ထားသည်။ ဒီဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်(စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိရုံတို့မှာ မေ ၂၇ ရက်က စတင်ကာပြသသွားမည်ဖြစ်သည်။

ထို့ပြင် ယခင်ပြသဆဲဇာတ်ကားဖြစ်ပြီး နေတိုး၊ နေမင်း၊ ထွန်းထွန်း၊ စိုးမြတ်သူဇာနှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားသည့် အုတ်ကြားမြက်ပေါက်ဇာတ်ကားကို ရွှေ့ဆောင်၊ မင်္ဂလာဝဇီရာ(လှိုင်သာယာ)နှင့် မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံတို့တွင် ဆက်လက်ပြသသွားမည်ဖြစ်သည်။

ယင်းအပြင် နိုင်ငံခြားကားဇာတ်ကားသစ်အနေဖြင့် X-Men: Apocalypse ဇာတ်ကားကို စတင်ရုံတင်ပြသပေးသွားမည်ဖြစ်သည်။ အဆိုပါ သိပ္ပံအက်ရှင်ဇာတ်ကားကို မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)၊ မြေနီကုန်း၊ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်းနှင့် မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံတို့တွင် စတင်ပြသသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ပြသဆဲ နိုင်ငံခြားဇာတ်ကားများဖြစ်သည့် The Other Side of the Door၊ Captain America:Civil War နှင့် The Huntsman and Winter ဇာတ်ကားတို့ကိုလည်း ဆက်လက်ရုံတင်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဖြိုးစန္ဒာမြင့်)**

# ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်သရုပ်ဆောင်ရန် ပထမဆုံးမင်းသမီးအဖြစ် ထင်ကြေးပေးခံနေရသည့် မင်းသမီး ဂျီလီယန်အန်ဒါဆန်

ဗြိတိန်မင်းသမီး ဂျီလီယန်အန်ဒါဆန်က ကမ္ဘာကျော်အက်ရှင်ဇာတ်ရုပ်ဖြစ်သည့် ဂျိမ်းစ်ဘွန်းနေရာတွင် ပါဝင်သရုပ်ဆောင်မည့် ပထမဆုံးသော အမျိုးသမီးသရုပ်ဆောင်ဖြစ်လာမည်ဖြစ်ကြောင်း သတင်းစကားများ ထွက်ပေါ်လျက်ရှိနေကြောင်း ယူပီအိုင်သတင်းဝက်ဘ်ဆိုက်တွင် သတင်းဖော်ပြထားသည်။

007 ဂျိမ်းစ်ဘွန်းဇာတ်ကားများတွင် မင်းသားဒယ်နီယယ်ခရေ့ဂ်ျက ပင်တိုင်အဖြစ်နေရာယူထားခဲ့သော်လည်း မကြာမီထွက်ရှိလာမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားတွင် မင်းသမီး ဂျီလီယန်အန်ဒါဆန်အားထည့်သွင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

X-Files ဇာတ်ကားများမှ ပင်တိုင်မင်းသမီးတစ်ဦးဖြစ်သူ ဂျီလီယန်အန်ဒါဆန်အား ဂျိမ်းစ်ဘွန်းဇာတ်ကောင်အတွက် ထည့်သွင်းရိုက်ကူးမည့်သတင်းများထွက်ပေါ်အပြီးတွင် ပရိသတ်များက 007 နေရာတွင် သူ၏ဓာတ်ပုံပါဝင်သည့်ပိုစတာတစ်ခုကို ဖန်တီးခဲ့ကြသည်။

"ကျွန်မ ဒီလိုသရုပ်ဆောင်မယ်ဆိုတာကို အားလုံးက အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဒီပိုစတာကို ဘယ်သူထွင်လိုက်တာလဲ မသိပေမယ့် ကျွန်မကျေနပ်သဘောကျပါတယ်"ဟု အသက်(၄၇)နှစ်အရွယ် ဗြိတိန်မင်းသမီး ဂျီလီယန်က ဆိုသည်။


အဆိုပါပိုစတာနှင့် ပတ်သက်ပြီး အကောင်းဆုံးသော ကောလာဟလထွက်ပေါ်သဖြင့် ယင်းအတွက်လည်း စိတ်လှုပ်ရှားမိပါကြောင်း၊ တစ်စုံတစ်ယောက်က ဒီလိုထူးခြားတဲ့ပိုစတာကို တီထွင်ပြီး အဆန်းတကြယ်လုပ်ဆောင်လိုက်တာ ဖြစ်နိုင်ပါကြောင်း၊ ဂျိမ်းစ်ဘွန်းဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ဖို့က မသေချာသေးပါကြောင်း မေ ၂၃ ရက်က သတင်းဌာနတစ်ခု၏ အင်တာဗျူးတစ်ခုတွင် မင်းသမီးက ပြောကြားခဲ့သည်။

ဂျိမ်းစ်ဘွန်းဇာတ်ကားများမှ ပင်တိုင်သရုပ်ဆောင် ဒယ်နီယယ်ခရေ့ဂ်ျသည် ၂၀၀၆ ခုနှစ်က ထွက်ရှိခဲ့သည့် Casino Royale ဇာတ်ကားမှစတင်ကာ ၂၀၁၅ ခုနှစ်ကထွက်ရှိခဲ့သည့် Spectre ဇာတ်ကားအထိ ဆက်တိုက် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ၎င်း၏ လက်ကောက်ဝတ်ကျိုးခဲ့သည့် ဒဏ်ရာကြောင့် နောက်ထပ် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်များတွင် ပါဝင်ရန် သေချာမှုမရှိကြောင်း သိရသည်။




**မျိုးစန္ဒာမောင် ရေးသားသည်**

# ဖခင်၏ အယ်လ်ဘမ်ပုံတူအား လက်မောင်းတွင် တက်တူးဖြင့်ဂုဏ်ပြုခဲ့သည့် ပဲရစ်ဂျက်ဆင်



ကမ္ဘာ့ဂီတလောကတွင် ပေါ့ပ်ဘုရင်တစ်ပါးဟု တင်စားကြသည့် တေးသံရှင် မိုက်ကယ်ဂျက်ဆင်၏ သမီးငယ် ပဲရစ်ဂျက်ဆင်က ဖခင်အားဂုဏ်ပြုသောအားဖြင့် ၁၉၉၁ ခုနှစ်က ထွက်ရှိခဲ့သည့် Dangerous စတူဒီယိုအယ်လ်ဘမ်၏ မျက်နှာဖုံးရုပ်ပုံကို သူ၏လက်မောင်းတွင် တက်တူးထိုးကာ ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အသက်(၁၈)နှစ်အရွယ်ရှိ ပဲရစ်ဂျက်ဆင်က အဆိုပါဓာတ်ပုံကို သူ၏ အင်စတာဂရမ်မှတစ်ဆင့် ပရိသတ်များထံသို့ မျှဝေခဲ့သည်။

မိုက်ကယ်ဂျက်ဆင်၏ လူကြိုက်အများဆုံးသော တေးသီချင်းများဖြစ်သည့် "Black or White" နှင့် "In the Closet" သီချင်းတို့ပါဝင်သည့် Dangerous စတူဒီယိုအယ်လ်ဘမ်ကို ၁၉၉၁ ခုနှစ်က ဖြန့်ချိခဲ့ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အချပ်ရေပေါင်း ၃၂ သန်းကျော် ရောင်းချခဲ့ရကာ ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်တစ်ခုဖြစ်ခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

**[၂၆- ၅ -၂၀၁၆ (ကြာသပတေးနေ့)]**

## မြန်မာ့ရုပ်မြင်သံကြား New Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ တိုင်းရင်းသားရိုးရာအက
၈း၃၅ "ပြည်သူ့အတွက် ပထမရက် (၁၀၀)" (သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)
၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
၉း၄၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
၁၁း၁၅ Graphic Info
၁၁း၃၅ "နေပြည်တော်အမျိုးသား ပြတိုက်"
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေထီးဆောင်းမိသားစု" (အပိုင်း-၂၈) (ဇာတ်သိမ်း)
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဝင်ချီ" (အပိုင်း-၂၈)
၂း၂၀ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီး အဖွဲ့ဖျော်ဖြေခန်း
၂း၃၀ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မဟုတ်သော်ရှိ၊ ဟုတ်သော်ရှိ" (ဧရာ၊ ဝင်းနိုင်(အနုပညာ)၊ ထီလာခင်လှိုင်) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ))
၃း၃၅ Weekly Sport Info
၄း၃၅ Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၅း၁၅ ပြည်သူတို့ရဲ့ စကားသံများ
၅း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၆း၃၅ "မြန်မာ့အဖိုးတန်သဘာဝ သယံဇာတ" (အင်ကြင်းကျောက်)
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဝင်ချီ" (အပိုင်း-၂၉)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ "ပြည်သူ့အတွက် ပထမရက် (၁၀၀)" (ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)
၉း၀၀ ပြည်တွင်းသတင်း -မီးသတ်တပ်ဖွဲ့ဂုဏ်ပြုဇာတ်လမ်း"191" (အပိုင်း-၇) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဝိုင်း) -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -ပြည်သူ့နီတိ "လိပ်ပြာခွဲတဲ့ ည"
၆း၂၀ ကာတွန်းအစီအစဉ် "The Prince of Egypt" (အပိုင်း-၃)
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းသော နေ့သစ်ဆီ" (အပိုင်း-၅)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၅၃)
၈း၂၀ တေးဂီတအစီအစဉ်
၈း၄၀ ထူးခြားဖွယ်ရာ အင်ဒိုနီးရှားခရီးစဉ်
၉း၁၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၂၀ ဧရာဝတီလင်းပိုင်အစီအစဉ် (အပိုင်း-၂)
၉း၃၀ တေးဂီတအစီအစဉ်
၉း၅၀ အကပဒေသာ
၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ထဲမှာနွေ"
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ "အချိန်မကုန်ပါစေနဲ့" တရားတော် (ဆရာတော်အရှင်ဝိလာသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၃)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (PIELC နွေရာသီ သင်တန်းဆင်းပွဲနှင့် သင်တန်းပြီးဆုံးကြောင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (ဇာတ်သိမ်းပိုင်း)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၅ Food & D'ecor
၁၁း၅၅ MRTV-4 Stage
၁၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီး)" (အပိုင်း-၂)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၁)
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၃)
၃း၄၀ Miss Myanmar World 2016
၄း၃၀ Cartoon Series (Go Go Giggles)
၆း၁၀ Health Fix
၆း၁၅ MRTV- 4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၃၂)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၃)
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၅ MRTV-4 Stage
၁၁း၀၅ World of Knowledge (Convoy: War For The Atlantic Wolfpack Rising)




# ယူရို ၂၀၁၆ မှာ စောင့်ကြည့်ရမယ့် ကစားသမား ၁၀ ဦး

**ပြင်သစ်** မြေမှာ ကျင်းပမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲဟာ ဇွန် ၁၀ ရက်ကနေ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး အဲဒီပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် ကစားသမား ၁၀ ဦးကို Press Association Sport ကနေ ရွေးထုတ်လိုက်ပါပြီ။ အဲဒီကစားသမားတွေကတော့ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ ပေါ့ဘာ၊ အီဘရာဟီမိုဗစ်ချ်၊ လီဝမ်ဒေါစကီး၊ သောမက်စ်မူလာ၊ ဟယ်ရီကိန်း၊ လူကာကူ၊ ဘတ်ဖွန်တို့ပဲဖြစ်ပါတယ်။

ပထမဆုံးရွေးချယ်ထားတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ စီရိုနယ်လ်ဒိုကတော့ ယူရိုပြိုင်ပွဲမှာ ပေါ်တူဂီအသင်းကို ဦးဆောင်ပြီး ပွဲထွက်လာမှာပါ။ ဒီနှစ် ဘောလုံးရာသီမှာ စီရိုနယ်လ်ဒိုရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ဟာ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီထက်ပင် သာလွန်ခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကိုလည်း သုံးကြိမ်အထိ ဆွတ်ခူးထားခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်တယ်။ ပေါ်တူဂီအသင်းကို ယူရိုပြိုင်ပွဲဝင်ခွင့်ရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့ပြီး လက်ရွေးစင်အသင်းနှင့်အတူ သွင်းဂိုးငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပေါ်တူဂီအသင်းအတွက်တော့ လက်ရှိအချိန်အထိ ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းတော့ မရှိသေးပါဘူး။

ဂါရတ်ဘေးလ်ကတော့ ဝေလအသင်းအတွက် မရှိမဖြစ်ကစားသမားလို့ဆိုရမှာပါ။ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်းမှာ ဝေလအသင်းကို တစ်ဦးတည်း ပွဲကိုင်ရှင်အဖြစ်နဲ့ ပထမဆုံးဦးဆောင်နိုင်ခဲ့တဲ့ ကစားသမားတစ်ဦးပါ။ ကမ္ဘာ့ဈေးအကြီးဆုံးကစားသမား ဂါရတ်ဘေးလ်ဟာ ဝေလအသင်းအတွက် နှစ်ဂိုးဖန်တီးပေးကာ ၁၁ ဂိုးသွင်းယူပေးခဲ့ပြီး ယူရို ၂၀၁၆ ဝင်ခွင့်တစ်နေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းအတွက်လည်း အခုနှစ်ရာသီ လာလီဂါပြိုင်ပွဲမှာ ၂၃ ပွဲကစားပေးခဲ့ပြီး ၁၉ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။

ပေါ့ဘာဟာ ပြင်သစ်မြေမှာ ကစားမယ့် ယူရိုပြိုင်ပွဲမှာ အိမ်ရှင်ပြင်သစ်အသင်းနဲ့အတူ ပွဲထွက်လာမှာပါ။ ၂၀၁၂ ခုနှစ်က မန်ယူအသင်းကနေ ထွက်ခွာခဲ့ပြီး ဂျူဗင်တပ်ကို ရောက်ရှိလာချိန်ကစလို့ ကမ္ဘာ့အကောင်းဆုံးကွင်းလယ်ကစားသမားတွေထဲက တစ်ဦးအဖြစ် ထွန်းတောက်လာခဲ့ပါတယ်။ ပေါ့ဘာဟာ ၂၀၁၅ ခုနှစ်က ဂျူဗင်တပ်အသင်းအား ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအထိရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်းဖြစ်တယ်။ အခုလက်ရှိမှာလည်း ပြင်သစ်အသင်းနဲ့အတူ ယူရိုပြိုင်ပွဲမှာ ပွဲထွက်လာမှာမို့ အိမ်ရှင်အသင်းအတွက် ဘယ်လောက်ထိစွမ်းဆောင်ပေးနိုင်မလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။

အီဘရာဟီမိုဗစ်ချ်ဟာ အသက်အားဖြင့် ၃၄ နှစ်ထဲရောက်နေပြီဆိုပေမယ့် ကလပ်အသင်းအတွက်ရော လက်ရွေးစင်အသင်းအတွက်ပါ အကောင်းဆုံးခြေစွမ်းပြနေဆဲပါ။ ဆွီဒင်အသင်းနဲ့အတူ သွင်းဂိုး ၁၁ ဂိုးအထိသွင်းယူပေးခဲ့ပြီး ဆွီဒင်အသင်းကိုလည်း ယူရိုပြိုင်ပွဲဝင်ခွင့်တစ်နေရာရရှိအောင် အကူအညီပေးနိုင်ခဲ့တဲ့ကစားသမားတစ်ဦးလည်းဖြစ်တယ်။ နိုင်ငံအသင်းနဲ့အတူ နှစ်ပွဲကစားတိုင်း ပျမ်းမျှသွင်းဂိုးဟာ တစ်ဂိုးနဲ့အထက်မှာသာရှိခဲ့ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ဒိန်းမတ်နဲ့ ကစားခဲ့ရတဲ့ play-off (ရှုံးထွက်ပြန်ကန်ပွဲစဉ်)ပွဲမှာဆိုရင် ဆွီဒင်အသင်းအတွက် သုံးဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဆွီဒင်အသင်းနဲ့အတူ စောင့်ကြည့်ရမယ့်ကစားသမားတစ်ဦးအဖြစ် ဖော်ပြခံခဲ့ရတာပါ။

လီဝမ်ဒေါစကီးကတော့ ဂျာဂန်ကလော့လက်ထက် ဒေါ့မွန်အသင်းမှာ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ခဲ့သလို ဘိုင်ယန်မြူးနစ်ကို ရောက်လာတဲ့အချိန်မှာလည်း ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးနေရာကို ရောက်ရှိအောင် ထပ်မံခြေစွမ်းပြနိုင်ခဲ့တယ်။ ဘိုင်ယန်မြူးနစ်နဲ့အတူ နှစ်ရာသီပေါင်းသွင်းဂိုး ၆၆ ဂိုးအထိရှိခဲ့ပြီး ပိုလန်အသင်းအတွက်လည်း မရှိမဖြစ် ကစားသမားတစ်ဦးပါ။ ပိုလန်လက်ရွေးစင်အသင်းမှာ တစ်ပွဲကစားတိုင်း ပျမ်းမျှတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်တယ်။

သောမက်စ်မူလာဟာ သူ့ရဲ့ကစားသမားဘဝကို ဘိုင်ယန်မြူးနစ်နဲ့ အတူပဲဖြတ်သန်းခဲ့တာပါ။ ဘိုင်ယန်မြူးနစ် ချန်ပီယံလိဂ်ချန်ပီယံဖြစ်ခဲ့တဲ့ ၂၀၁၃ မှာဆိုရင် အဓိကကစားသမားတစ်ဦးအဖြစ် ပွဲထွက်ကစားခဲ့ပြီး ၂၀၁၀ ကမ္ဘာ့ဖလားမှာဆိုရင် ရွှေဖိနပ်ဆုတောင်ဆွတ်ခူးထားနိုင်သူပါ။ ဂျာမနီဟာ အဲဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုးငါးဂိုးနဲ့ ဖလားရရှိခဲ့တာပါ။ သောမက်စ်မူလာရဲ့ခြေစွမ်းဟာ ကမ္ဘာ့ဘောလုံးလောကမှာ ထိပ်တန်းအဆင့်ရှိတဲ့ ဆုတွေလည်းရယူထားနိုင်ခဲ့တဲ့ ခြေစွမ်းမျိုးဖြစ်ပါတယ်။

ဟယ်ရီကိန်းကတော့ အင်္ဂလန်လက်ရွေးစင်အသင်းမှာ ၂၀၁၅ ရောက်မှ စပြီးပွဲထွက်ခွင့်ရခဲ့တာပါ။ ကလပ်အသင်းမှာရော နိုင်ငံအသင်းမှာပါ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ခဲ့ပြီး စပါးအသင်းမှာဆိုရင် ပွဲပေါင်း ၁၂၇ ပွဲကစားပေးခဲ့ရာမှာ သွင်းဂိုး ၆၄ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တယ်။ အဲဒါကြောင့်နည်းပြရွိုင်းဟော့ဂ်ဆန်က အင်္ဂလန်အသင်းအတွက် ရွေးချယ်ခဲ့ပြီး ယူရိုပြိုင်ပွဲမတိုင်မီ တူရကီအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ခြေစမ်းပွဲစဉ်မှာဆိုရင် ဟယ်ရီကိန်းနဲ့ ဗာဒီတို့ဟာ တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့ပါတယ်။

ကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ ခရိုအေးရှားအသင်းနဲ့အတူ ယူရိုပွဲမှာ ပါဝင်လာမှာပါ။ ၂၀၀၈ က စပါးအသင်းကနေ ရီးယဲလ်မက်ဒရစ်ကို ပြောင်းသွားခဲ့ပြီး အခုလက်ရှိမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းအတွက် အရေးပါတဲ့ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူပါ။ ရီးယဲလ်မက်ဒရစ်ရဲ့ ကွင်းလယ်ပိုင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရနေသလို ခရိုအေးရှားအသင်းအတွက်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်တာကြောင့် အခုလာမယ့် ယူရိုပြိုင်ပွဲမှာ ဘယ်လောက်ထိခရိုအေးရှားအတွက် စွမ်းဆောင်ပေးနိုင်မလဲ စောင့်ကြည့်ရမယ့် ကစားသမားတစ်ဦးပါ။

ဘတ်ဖွန်ဟာ ၁၉၉၇ ခုနှစ်ကတည်းက အီတလီအသင်းနဲ့အတူ ပွဲထွက်ကစားခဲ့ပြီး အီတလီအသင်း ၂၀၀၆ ကမ္ဘာ့ဖလားရရှိခဲ့တဲ့အချိန်မှာလည်း အီတလီအသင်းအတွက် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့ပါတယ်။ စီးရီးအေပြိုင်ပွဲမှာဆိုရင်လည်း ၉၇၃ မိနစ်အတွင်း ဂိုးမပေးရတဲ့ဂိုးသမားအဖြစ် စံချိန်တင်ခဲ့ပြီး ဂျူဗင်တပ်အသင်းအတွက်လည်း နံပါတ်တစ်ကစားသမားတစ်ဦးပါ။ အဲဒါကြောင့် အီတလီနည်းပြကွန်တီက ယူရို ၂၀၁၆ ပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ အတွေ့အကြုံရှိတဲ့ ဂိုးသမားဘတ်ဖွန်ကို ထပ်မံရွေးချယ်သွားမှာဖြစ်ပါတယ်။


ငွေကြယ်ရေးသားသည်

# လန်းစ်မြို့တွင် ယှဉ်ပြိုင်မည့် ယူရို ၂၀၁၆ ပွဲစဉ်များအားလုံးတွင် အရက်သေစာ သောက်စားမှုကို ၂၄ နာရီ တားမြစ်ပိတ်ပင်သွားမည်

ပြင်သစ်နိုင်ငံတောင်ပိုင်း မြို့ငယ်တစ်မြို့ဖြစ်သည့် လန်းစ်မြို့တွင် ယှဉ်ပြိုင်မည့် ယူရိုဖလားပွဲစဉ်များအားလုံးတွင် ကြည့်ရှုမည့် ပရိသတ်များအားလုံးအနေဖြင့် ၂၄ နာရီ အရက်သေစာသောက်စားမှုပိတ်ပင်ခံရမည်ဟု ပြင်သစ်အမျိုးသားရဲချုပ်ကောင်စီမှ ထုတ်ပြန်ခဲ့သည်။ သတ်မှတ်နယ်မြေဧရိယာမှာ လူစည်ကားသည့် မြို့လယ်နေရာများဖြစ်ပြီး အဓိကအားဖြင့် ပန်းခြံများ၊ လိုင်းကားယာဉ်ရပ်နားရာ မှတ်တိုင်နေရာများဖြစ်သည်။

လန်းစ်မြို့တွင် ကျင်းပမည့် ပွဲစဉ်များတွင် ဇွန် ၁၆ ရက်၌ယှဉ်ပြိုင်မည့် အင်္ဂလန်-ဝေလပွဲစဉ်လည်း ပါဝင်နေပြီး အဓိကပွဲစဉ်ကြီးများတွင် ဂရိတ်ဗြိတိန်ပရိသတ် ၃၀၀၀၀၀မှ ၅၀၀၀၀၀ ကြား လာရောက်နိုင်ကြောင်း သိရသည်။ လန်းစ်မြို့သည် လူဦးရေ ၃၆၀၀၀၀ သာရှိသည့် မြို့ငယ်လေးဖြစ်ရာ လာရောက်မည့် ဧည့်သည်အရေအတွက်နှင့် နေထိုင်သူ လူဦးရေမှာ အချိုးညီမှုမရှိသောကြောင့် မလိုလားအပ်သည့်ကိစ္စရပ်များ ဖြစ်လာနိုင်သဖြင့် ယင်းသို့ တားမြစ်ရခြင်းဖြစ်သည်။ သွေးဆူအုံကြွနိုင်သည့် ပရိသတ်များအားလုံးကို ကစားကွင်းများသို့ ဝင်ရောက်နိုင်ခြင်းမရှိစေရန် ကြိုတင်စီမံဆောင်ရွက်ချက်များကို ချမှတ်ဆောင်ရွက်ထားပြီးသည်။

ဗြိတိန်နိုင်ငံတစ်ဝန်း ပရိသတ် ၂၀၀၀ ခန့်မှာ ဘောလုံးပွဲကြည့်ရှုခွင့်ပိတ်ပင်ခံထားရပြီး ယင်းပြစ်ဒဏ်ကင်းလွတ်ခွင့်ရရန် လျှောက်ထားသူများအား လာမည့် ဇွန် ၁ ရက်တွင် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း အင်ဒီပင်းဒန့်သတင်းဌာနက ဖော်ပြခဲ့သည်။ သို့သော် ယင်းသို့ ပြန်လည်ထုတ်ပေးရန် သင့်၊မသင့်ဆိုသည်ကို ဗြိတိန်ရဲတပ်ဖွဲ့ဝင်များက အသေးစိတ်စောင့်ကြည့်သွားဦးမည်ဖြစ်သည်။ ယူရို-၂၀၁၆ ပြိုင်ပွဲကို ပြင်သစ်နိုင်ငံတွင် ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် ဇွန်၁၀ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(မေလဲ့သင်း)**



# လေ့ကျင့်ရေးကွင်းတွင် ဒဏ်ရာရရှိသွားသည့်စီရိုနယ်လ်ဒို ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို လွဲချော်နိုင်



ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ဘယ်ဘက်ပေါင်နာကျင်သွားခဲ့သဖြင့် ကွင်းအတွင်း ဆေးကုသမှုခံယူခဲ့ရခြင်းကြောင့် မေ ၂၈ ရက်တွင် အက်သလက်တီကိုနှင့် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်ကို လွဲချော်နိုင်ကြောင်း ဂါဒီယန်းသတင်းဌာနက ဖော်ပြသည်။

ယင်းဖြစ်စဉ်မှာ ရီးယဲလ်အတွက် စိုးရိမ်စရာအခြေအနေတစ်ရပ်ကို ဖန်တီးပေးခဲ့ခြင်းပင်ဖြစ်ပြီး စီရိုနယ်လ်ဒိုသည် ကာဗာဂျယ်လ်တွန်းခဲ့သည့် ကာဆီလာနှင့် တိုက်မိကာ လဲကျသွားပြီးနောက် ကွင်းအတွင်းမှာပင် ဆေးကုသမှုခံယူရခဲ့သည်။

ယင်းနောက် ၎င်းအား ကွင်းအတွင်းမှ အဝတ်လဲခန်းသို့ သွားရာလမ်းတွင် ရေဘူးအား ဒေါသတကြီးဖြင့် ပစ်ပေါက်ခဲ့ကြောင်းလည်း အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် ပေါင်ဒဏ်ရာရရှိထားသည့် ဗာရာနီအား အသုံးပြုနိုင်မည်မဟုတ်သလို စီရိုနယ်လ်ဒို၏ ကြွခိုင်မှုအခြေအနေအပေါ် ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**(မေလဲ့သင်း)**

# ပရီမီယာလိဂ်အသင်းကြီးများ ချိတ်ဆက်နေသော်လည်း ပီအက်စ်ဂျီတွင် ကာဗာနီ ဆက်ရှိမည်

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီအား ပရီမီယာလိဂ်အသင်းကြီးများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့မှ ကမ်းလှမ်းနေသော်လည်း လက်ရှိကလပ်အသင်းတွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း ကာဗာနီ၏ ကိုယ်စားလှယ် အန်နျူလူချီက ထုတ်ဖော်ပြောကြားခဲ့သည်။ ကာဗာနီမှာ ပီအက်စ်ဂျီတွင် ကစားခဲ့သည့် သုံးနှစ်တာကာလအတွင်း တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်၏နောက် နောက်ချန်တိုက်စစ်မှူးအဖြစ် ကစားနေရခြင်းကြောင့် လက်ရှိကစားနေရသည့် နေရာအား မနှစ်သက်သဖြင့် အသင်းပြောင်းမည်ဟု သတင်းထွက်နေသူဖြစ်သည်။

သို့သော် အီဗရာဟီမိုဗစ်ချ်မှာ ယခုနှစ်နွေရာသီတွင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်သဖြင့် ကာဗာနီမှာ ပီအက်စ်ဂျီအသင်း၏ ဗဟိုတိုက်စစ်မှူးအဖြစ် ကစားရတော့မည်ဖြစ်ခြင်းကြောင့် မည်သည့်အသင်းကိုမျှ မပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **(မေလဲ့သင်း)**

## ရက် ၁၀၀ စီမံချက်အရ စက်ရုံလုပ်သားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေး

**လှိုင်သာယာ မေ ၂၅**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ စက်မှုဇုန်(၁) ကနောင်ခန်းမ၌ မေ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း ရက် ၁၀၀ သစ္စာစီမံချက် ရှင်းလင်းဆောင်ရွက်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က အဖွင့်အမှာစကားပြောကြားသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုင်းဘုန်းတင့်နှင့် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မို့မို့သွင်တို့က လုပ်ငန်းများရှင်းလင်းပြီး ရက် ၁၀၀ သစ္စာစီမံချက်အရ Ming Tex ဇာထိုးပန်းထိုး စက်ရုံလုပ်သားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြီးကြပ်ရေးအဖွဲ့များ၊ စက်ရုံ အလုပ်ရုံလုပ်ငန်းရှင်များနှင့် လုပ်သားများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**၃၂၉**

## ရက် ၁၀၀ စီမံချက် ပြုပြင်မွမ်းမံဆောင်ရွက်သည့် ရေပေးရေးလုပ်ငန်းအားစစ်ဆေး

**ဗန်းမော် မေ ၂၅**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း ပြုပြင်မွမ်းမံဆောင်ရွက်သည့် ဟဲလုံဟောင်းကျေးရွာ၊ ဟဲလုံသစ်ကျေးရွာ လက်နှိပ်တုံကင်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမြို့နယ်ဦးစီးဌာနမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်အဖွဲ့သည် မေ ၂၂ ရက်က သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



## ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပုလဲ မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၂၄ ရက် နံနက် ၉ နာရီက ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးကျော်သူရနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်သူရက "အများပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်တွေ အဆင်ပြေချောမွေ့စေရေးကို ရှေးရှုပြီး ဝန်ကြီးဌာနအသီးသီးရှိ ဌာနများအလိုက် ရက် ၁၀၀ အတွင်း ပြည်သူလူထုအတွက် ဆောင်ရွက်ပေးနိုင်မယ့် လုပ်ငန်းစဉ်များနဲ့ ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်ပေးနေသလို ကျွန်တော်တို့ မြို့နယ်ထွေ/အုပ် ဦးစီးဌာနအနေနဲ့ လက်တောင်းကြီးကျေးရွာရှိ ၁၂၈ အိမ်ကို မြေငှားဂရန်များ ထုတ်ပေးခဲ့ပြီးဖြစ်လို့ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ရရှိထားပြီးဖြစ်တဲ့ ၂၆ ဒသမ ၉၉ ဧကမှာ ကျန်ရှိနေတဲ့ ၈၅ အိမ်အတွက် မြေငှားဂရန်များ ဆက်လက်ထုတ်ပေးခြင်းလုပ်ငန်းကို ရက် ၁၀၀ အတွင်းမှာ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟုပြောသည်။

ပုလဲမြို့နယ်အတွင်းရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေပေါ်တွင်နေထိုင်ကြသောပြည်သူများအနေဖြင့် မြေငှားဂရန်ရရှိပါက လူနေထိုင်မှုခိုင်မာခြင်း၊ ပိုင်ဆိုင်မှုခိုင်မာခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် စက်မှုလုပ်ငန်းများလုပ်ကိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့် အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ အရင်းအနှီးချေးငွေများ ချေးယူနိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်လာပြီး ကောင်းမွန်သောအကျိုးရလဒ်များ ရရှိနိုင်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရက် ၁၀၀ စီမံချက် သဘာဝဘေးလျှော့ချရေးစေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်လှစ်

**လောင်းလုံး မေ ၂၅**
ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သဘာဝဘေး ကာကွယ်လျှော့ချနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းအမှတ်စဉ် (၂/ ၂၀၁၆) ဖွင့်ပွဲကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဦးစီးဌာနက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗထူးခန်းမ၌ မေ ၂၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးလူက သဘာဝဘေးအကြောင်းအရာများနှင့် ပတ်သက်ပြီး အဖွင့်အမှာစကားပြောကြားကာ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သဘာဝဘေးအန္တရာယ်သိကောင်းစရာများ၊ သဘာဝဘေးဖြစ်ပေါ်ပြီး၊ မဖြစ်ပေါ်ခင် ဆောင်ရန်၊ ရှောင်ရန်များ ဟောပြောခဲ့သည်။

အဆိုပါသင်တန်းသည် သင်တန်းသား ၃၀ ရှိပြီး သင်တန်းကာလ မေ ၂၄ ရက်မှ ၂၆ ရက်အထိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၏စီမံခန့်ခွဲရေးဘာသာရပ်နှင့် မီးသတ်တပ်ဖွဲ့ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့တို့က သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချကြောင်း သိရသည်။

သင်တန်းသို့ ဖိတ်ကြားထားသည့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအသင်းအဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

**စိုးထွန်း(ပြန်/ဆက်)လောင်းလုံး**

## ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များ အောင်မြင်ရေး အသိပညာပေးဟောပြော

**ကလော မေ ၂၅**
သိသာထင်ရှားစွာဆောင်ရွက်နိုင်မည့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များ အောင်မြင်ရေး အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့က ကလောမြို့နယ်ခန်းမ၌ မေ ၂၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဥပဒေအရာရှိဒေါ်တင်နီလာဦးက ဥပဒေအရ ချမှတ်ထားသောပြစ်မှု၊ ပြစ်ဒဏ်၊ ဥပဒေပုဒ်မများအလိုက် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။ ယင်းနောက် မြို့နယ်ရဲ တပ်ဖွဲ့ရဲမှူးတင်ဝင်းက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ကိုရှင်းပြခြင်း၊ မြို့နယ်တွင်းဖြစ်ပွားခဲ့သော အမှုအခင်းများ၊ ဒုစရိုက်မှုများ၊ မူးယစ်ဆေးဝါးအမှုများ၊ ယာဉ်မတော်တဆမှုများကို Projector ဖြင့် ရှင်းလင်းဟောပြောခဲ့ပြီး ကလောဈေးနေ့ ဈေးရောင်း၊ ဈေးဝယ်များနှင့် အများပြည်သူများကို မြို့မရဲစခန်းမှူးဒုရဲအုပ်ဆွေဦး၊ နယ်ထိန်း ရဲအုပ်ရဲသူရနှင့် လှည့်ကင်းရဲများ၊ အောင်ပန်းမြို့အချက်ပြမီးပွိုင့်တပ်ဆင်မည့် ကလော-တောင်ကြီး-ပင်းတယသုံးမြို့သွားလမ်းရှိ နာရီစင်တြိဂံအဆုံတွင် အောင်ပန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ငွေမျိုးမြင့်နီနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကမ်းဝေငှသွားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုင်းဆိုင်ဝမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထင်ကျော်၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးတင်ဝင်း၊ ဥပဒေအရာရှိ ဒေါ်တင်နီလာဦး၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူးဆွေဦး၊ အောင်ပန်းနယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ငွေမျိုးမြင့်နီ၊ ဟဲဟိုးနယ်မြေရဲတပ်ဖွဲ့စခန်းမှူးရဲအုပ်ဉာဏ်လင်းမောင်၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ နယ်မြေလုံခြုံမှုထိန်းသိမ်းရေးရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံခြားသားခရီးသွားကူညီစောင့်ရှောက်ရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မူးယစ်အထူးရဲတပ်ဖွဲ့၊ သတင်းအထူးရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ အင်အား ၃၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

**ဝ၉၁**



## ရက် ၁၀၀ စီမံကိန်း လျှပ်စစ်လုပ်ငန်းများ ကြီးကြပ်စစ်ဆေး

**ဒီးမော့ဆို မေ ၂၅**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ရက် ၁၀၀ စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်တို့မှ ကျေးရွာစုစုပေါင်း ၈၆ ရွာအတွက် လျှပ်စစ်တိုးချဲ့ဖြန့်ဖြူးနိုင်ရေး ထရန်စဖော်မာနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ကျေးရွာ ၄၉ ရွာအတွက် ဓာတ်အားဖြန့်ဖြူးနိုင်ရန် အဆင်သင့် ဆောင်ရွက်ပြီးဖြစ်သဖြင့် မီတာများ တပ်ဆင်သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိနေသော ကျေးရွာများကိုလည်း ဇူလိုင်လအတွင်း ဓာတ်အားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ယင်းမာပင်ခရိုင်၌ ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာအသိပညာပေးရှင်းလင်း

**ယင်းမာပင် မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာအသိပညာ ပေးရှင်းလင်းပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သာယာအေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယင်းမာပင်ခရိုင်ရဲ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဝင်းကိုယ်စား ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ကြည်ဦးက ယင်းမာပင်ခရိုင်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မှုခင်းဖြစ်ပွားမှုနှိုင်းယှဉ်ချက်များအားလည်းကောင်း၊ ပြည်သူများစိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ယင်းမာပင်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးစိန်ထွန်းက ယင်းမာပင်မြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ယင်းမာပင်မြို့မစခန်းမှူး ဒုရဲမှူးအောင်ကျော်ထူးက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းကြောင်းကိုလည်းကောင်း အသီးသီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။ ဆင်စွယ်ကျေးရွာအုပ်စု စာရေး ဦးငွေလှိုင်က ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အခုလိုတာဝန်ရှိသူများက အသိပညာပေး ရှင်းလင်းပြောကြားတဲ့အတွက် မိမိတို့ပြည်သူများဘက်မှလည်း ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်၊ ကျေးရွာ စာရေးများအား ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့မှ ထုတ်ဝေသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးလက်ကမ်းစာစောင်များကို ရဲတပ်ဖွဲ့ဝင်များက လက်ဝယ်အရောက်ပေးဝေငှခဲ့ကြောင်းသိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

ကြေးမုံ
မေ ၂၆၊ ၂၀၁၆ (ကြာသပတေးနေ့)



# ဘုရင့်နောင်ခေါင်းလောင်းကြီးအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရေးအပါအဝင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀

**၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။**

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ ဓာတ်ပုံ - ငွေကြယ်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရက် ၁၀၀ စီမံချက်အဖြစ် ဝိသာခါတန်ဆောင်း၊ ဒဂုံသီရိဘေးမဲ့ကန်ကြီးပြုပြင်မွမ်းမံခြင်းအပါအဝင် ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် အနုပညာအထက်တန်းကျောင်း(ရန်ကုန်၊ မန္တလေး)တို့ကို ပြုပြင်မွမ်းမံမှုများ၊ ဘုရင့်နောင်ခေါင်းလောင်းကြီးအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်သောကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အဆိုပါလုပ်ဆောင်ချက်များအပါအဝင် အခြားသောအကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည်။

**သူရဦးအောင်ကို**
**ပြည်ထောင်စုဝန်ကြီး**
**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**မေး။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ရက် ၁၀၀ စီမံချက်ကဘာတွေလဲဆိုတာနဲ့ ဘယ်လိုပုံစံနဲ့ ဆောင်ရွက်ပေးသွားမလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။**

**ဖြေ။** သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနမှာ အများပြည်သူစိတ်ဝင်စားမှုအများဆုံးက ပညာရေးနဲ့ပတ်သက်တဲ့အရာတွေ ဖြစ်ပါတယ်။ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာဆိုပြီးတော့ သုံးခုရှိပါတယ်။ ပညာရေးရာမှာဆိုရင် သာသနာ့နွယ်ဝင်တွေဖြစ်တဲ့ ကိုရင်လေးတွေ၊ ဦးဇင်းတွေ၊ ရဟန်းတော်တွေကို ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ စသဖြင့် ဗုဒ္ဓရဲ့ဓမ္မတွေကို သင်ကြားပေးတဲ့ အဆင့်ဆင့်ပညာရေးစနစ်ပါဝင်သလိုပဲ အများပြည်သူနဲ့ သက်ဆိုင်တဲ့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်လည်း ပါဝင်ပါတယ်။

**မေး။ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ဘယ်တုန်းက စတင်ခဲ့တယ်ဆိုတာလည်း ရှင်းပြပေးစေချင်ပါတယ်ခင်ဗျာ။**

**ဖြေ။** ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ပညာရေးဝန်ကြီးဌာနရဲ့ အခြေခံပညာဦးစီးဌာနလက်အောက်က ဌာနစိတ်တစ်ခုအဖြစ်နဲ့ ဖွဲ့စည်းပြီးမှ သင်ကြားခွင့်ပြုခဲ့ပါတယ်။ ၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်မှာတော့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ပယ်ဖျက်ခဲ့ပါတယ်။ ၁၉၈၉၊ ၁၉၉၀ ခုနှစ်မှာတော့ ဘုန်းတော်ကြီးသင်ပညာရေးစနစ်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီလို ဖွင့်လှစ်ပေးလိုက်တာကလည်း ဘုန်းတော်ကြီးတွေရော၊ ဆင်းရဲတဲ့ နိုင်ငံသားတိုင်းရင်းသား မိဘတွေကရော တောင်းဆိုတင်ပြမှုကြောင့် ဖြစ်ပါတယ်။

**မေး။ မြန်မာတစ်နိုင်ငံလုံးမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ဘယ်လောက်ရှိပါသလဲ။ အဲဒီမှာ သင်ကြားပေးနေတဲ့ ဆရာဆရာမတွေကိုရော ဘယ်လိုအထောက်အပံ့တွေ ပေးထားပါသလဲဆိုတာလည်း သိချင်ပါတယ်။**

**ဖြေ။** မြန်မာနိုင်ငံအရပ်ရပ်မှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၁၅၆၈ ကျောင်းရှိပါတယ်။ အဲဒီကျောင်းတွေမှာ ဆင်းရဲတဲ့ ကလေးငယ်တွေ၊ မိဘမဲ့ကလေးငယ်တွေ စုစုပေါင်း သုံးသိန်းကျော်က ပညာသင်ကြားနေကြပါတယ်။ လုပ်အားပေးနေတဲ့ ဆရာဆရာမက ၇၇၀၀ ကျော်ရှိပါတယ်။ လုပ်အားပေးတယ်လို့ ပြောတဲ့နေရာမှာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာ ပညာသင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေဟာ နိုင်ငံ့ဝန်ထမ်းမဟုတ်ပါဘူး။ လုပ်အားစေတနာအလျောက်လာရောက် သင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ဘုန်းတော်ကြီးများက သက်ဆိုင်ရာကျေးရွာတွေမှာ အလှူခံပါတယ်။ အလှူငွေနဲ့ပဲ မုန့်ဖိုးသဘောမျိုးထောက်ပံ့ကြေးပေးနိုင်တာပါ။



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဒဂုံသီရိဘေးမဲ့ကန်တော်ကြီး။

လွှတ်တော်မှာတင်ပြီးတော့မှ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းက လုပ်အားပေး ဆရာ ဆရာမတွေကို လစဉ်ထောက်ပံ့ကြေးသဘောနဲ့ ပေးအပ်ခဲ့တဲ့အခါမှာ မူလတန်းပြအဆင့်ကို တစ်လ ၃၆၀၀၀၊ အလယ်တန်းပြအဆင့်ကို ၄၁၀၀၀၊ အထက်တန်းပြတဲ့ ဆရာဆရာမတွေကို ၄၅၀၀၀ လောက် ချီးမြှင့်ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ မှာလည်း ပမာဏအားဖြင့် ၃ ဒသမ ၄ ဘီလီယံလောက်အထိ ထပ်ပြီးထောက်ပံ့ပါတယ်။ ၂၀၁၅-၂၀၁၆ မှာလည်း ဆက်ပြီးထောက်ပံ့ပါတယ်။

**မေး။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေရဲ့ အခက်အခဲနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။**

**ဖြေ။** နိုင်ငံ့ဝန်ထမ်း ဆရာဆရာမဖြစ်ဖို့ ဆရာဖြစ်သင်တန်းတွေကို TTC မှာ တက်ရပါတယ်။ ပြီးမှ နိုင်ငံ့ဝန်ထမ်းခန့်ရတာဖြစ်ပါတယ်။ သင်ကြားပေးနေတဲ့အထဲမှာ ဘွဲ့ရလည်းပါတယ်။ ၁၀ တန်းအောင်တွေလည်းပါတယ်။ ၁၀ တန်းမအောင်တဲ့ လုပ်အားပေး ဆရာဆရာမတွေလည်းပါပါတယ်။ အဲဒီအခါမှာ ဆရာအတတ်သင် သိပ္ပံတွေ၊ ကောလိပ်တွေ တက်ဖို့ အများစုက ကန့်သတ်ချက်ရှိပါတယ်။ တချို့လည်း ဘွဲ့ရလို့သင်တန်းပေးလိုက်တဲ့အခါမှာ၊ သင်တန်းပြီးတဲ့အခါမှာ သူတို့က အစိုးရအခြေခံပညာကျောင်းများကို ကြိုးစားပြောင်းရွှေ့သွားလို့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာတော့ သင်တန်းမတက်ရသေးတဲ့၊ ဘွဲ့မရသေးတဲ့ ဆရာ ဆရာမတချို့သာ ကျန်ခဲ့တဲ့အခက်အခဲလည်း ကြုံတွေ့နေရပါတယ်။ ဒီကိစ္စကတော့ ပညာရေးမူဝါဒနဲ့လည်း သက်ဆိုင်ပါတယ်။ မူလကတော့ နိုင်ငံတော်အစိုးရအနေနဲ့ မူအရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေကို မူလတန်းလွန်အဆင့်ထိပဲ သင်ကြားမှုပြုခဲ့သော်လည်း လိုအပ်ချက်အရ တချို့ကို အလယ်တန်းအထိ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးပါတယ်။

တချို့လည်း အထက်တန်းအထိ တိုးချဲ့ဖွင့်ဖို့လိုပါတယ်။ အထက်တန်းကျောင်းခွဲခြောက်ကျောင်းလောက်လည်း ပေးထားတာရှိပါတယ်။ ဥပမာ-မန္တလေးက ဖောင်တော်ဦးကျောင်းတို့၊ စလေကျောင်းတို့၊ ရန်ကုန်မင်္ဂလာဒုံက တောတိုက်ဓမ္မရိပ်သာကျောင်းတို့ဆိုရင် အထက်တန်းအဆင့်အထိ သင်ကြားနေတဲ့ကျောင်းတွေဖြစ်ပါတယ်။ ခြောက်ကျောင်းရှိပါတယ်။ အဆိုပါ ခြောက်ကျောင်းအား အထက်တန်းကျောင်းအဖြစ်ရရှိရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မကြာခင်မှာလည်း လွှတ်တော်ကြီးကနေ အမျိုးသားပညာရေးဥပဒေကို ပြဋ္ဌာန်းဖို့ရှိပါတယ်။ အဲဒီအမျိုးသားပညာရေးဥပဒေမှာ အမျိုးသားပညာရေးဥပဒေဆိုတာကတော့ ခေါင်မိုးနဲ့တူပါတယ်။ သူ့မှာ ဒေါက်တိုင်တွေပါပါတယ်။ ဒေါက်တိုက်တစ်ချောင်းကတော့ အဆင့်မြင့်ပညာရေးဥပဒေ၊ နောက်တစ်ခုက အခြေခံပညာရေးဥပဒေ၊ နောက်ဒေါက်တိုင်တစ်ခုကတော့ ပုဂ္ဂလိကပညာရေးဥပဒေ ဖြစ်ပါတယ်။ နောက်တစ်ခုက နိုင်ငံခြားက တိုက်ရိုက်လာရောက်ရင်းနှီးမြှုပ်နှံတဲ့ အခြေခံပညာအထက်တန်းကျောင်းတွေ၊ တက္ကသိုလ်တွေအထိ ပါလာဖို့ရှိပါတယ်။ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီးတာနဲ့ အဆင့်မြင့်တို့၊ အခြေခံတို့၊ ပုဂ္ဂလိကတို့၊ နိုင်ငံခြားကလာရင်းနှီးမြှုပ်နှံတဲ့ တက္ကသိုလ်တို့၊ ကောလိပ်တို့က ဆက်တိုက်ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

အဲဒီအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အဖွဲ့အစည်းတွေကလည်း ဥပဒေမူကြမ်းတွေ ရေးဆွဲထားပြီးဖြစ်ပါတယ်။ အထက်တန်းပညာအဆင့်အထိ သင်ပေးတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေက ဆရာတော်တွေက တောင်းဆိုပါတယ်။ လောလောဆယ်တောင်းဆိုထားတာက ခြောက်ကျောင်းရှိပါတယ်။ သူတို့ကျောင်းတွေကို ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်းအဖြစ်နဲ့ တရားဝင်အသိအမှတ်ပြုပေးဖို့ တောင်းဆိုပါတယ်။ ကျောင်းအဆောက်အအုံ၊ ပရိဘောဂအားလုံး သူတို့တာဝန်ယူပါတယ်။ ကျောင်းအများစုကတော့ ဆရာဆရာမထောက်ပံ့ကြေးကိုပဲ ပညာရေးဝန်ကြီးဌာနသို့မဟုတ် နိုင်ငံတော်က သို့မဟုတ် သာသနာရေးဝန်ကြီးဌာနကနေ တာဝန်ယူပေးဖို့ တင်ပြတာတွေ ရှိပါတယ်။ ဒါကြောင့် မကြာခင်ဖြစ်ပေါ်လာမယ့် အနေအထားတွေရှိနေပါတယ်ဆိုတာ ပြောကြားလိုပါတယ်။

**မေး။ တရားမဝင်ဖြစ်နေသေးတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေရော ရှိပါသေးသလား။ ရှိရင်ရော ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါသလဲ။**

**ဖြေ။** ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၅၆၈ ကျောင်းရှိတဲ့အထဲမှာ အားလုံးက တရားဝင်ကျောင်းတွေဖြစ်ပါတယ်။ ယနေ့အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ တရားမဝင်ကျောင်းတွေ မရှိသေးပါဘူး။

**မေး။ နိုင်ငံတော်က အထောက်အပံ့ပေးဖို့ မျှော်လင့်နေတဲ့ ကျောင်းတွေလည်း နိုင်ငံအနှံ့အပြားမှာရှိပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ဘာတွေဆောင်ရွက်သွားဖို့ရှိပါသလဲ။**

**ဖြေ။** အဲဒီမေးခွန်းအတွက် လွှတ်တော်ကို သွားဖြေပေးခဲ့ပါတယ်။ ဖြေပေးတဲ့အခါကျတော့ ခုနထောက်ပံ့ထားခဲ့တဲ့ ၃၆၀၀၀ တို့၊ ၄၁၀၀၀ တို့၊ ၄၅၀၀၀ တို့ဆိုတာတွေဟာ လက်ရှိကုန်ဈေးနှုန်းအခြေအနေနဲ့ လက်ရှိစီးပွားရေးအခြေအနေနဲ့ဆိုရင်တော့ မုန့်ဖိုးလောက်ပဲ ရှိပါသေးတယ်။ အစိုးရကျောင်းတွေမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းဆရာဆရာမတွေနဲ့ တစ်ပြေးညီမဟုတ်ရင်တောင်မှ သင့်တင့်လျှောက်ပတ်တဲ့ မိသားစုအတွက် အထောက်အပံ့ဖြစ်ဖို့ တိုးမြှင့်ထောက်ပံ့မှုတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးမှ ဘတ်ဂျက်တွေကနေတစ်ဆင့် ထောက်ပံ့သွားဖို့ အစီအစဉ်ရှိပါတယ်။

**မေး။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေက အစိုးရကျောင်းတွေလို ဖြစ်လာဖို့ဆိုတာကရော။**

**ဖြေ။** လိုင်းချင်းမတူပါဘူး။ အစိုးရကျောင်းတွေမှာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းစာသင်ခန်းအတွင်း ရောက်ရမယ်ဆိုတဲ့ မူချမှတ်ပြီးတော့ ကျောင်းစာသင်ခန်းရောက်အောင်လုပ်ကြပါတယ်။ သို့သော်လည်း အမေအဖေက ပန်းရန်၊ လက်သမားဆိုတော့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဟိုနေရာရွှေ့ ဒီနေရာရွှေ့ စသဖြင့် ရွှေ့လျားနေတဲ့ ကလေးပေါင်းများစွာဟာ သိန်းနဲ့ချီပြီးတော့ရှိနေပါတယ်။ နေပြည်တော်တည်ဆောက်စတုန်းကဆို ကျောင်းမတက်နိုင်တဲ့ ကလေးငယ်တွေရာပေါင်းများစွာ တွေ့ရပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှာ သူတို့ကိုထားတာ မိဘက အကုန်အကျလုံးဝမရှိဘူး။ ရပ်ဝေးကကလေးဆိုရင် ကျောင်းမှာအဆောင်ထားပေးပြီး အစားအသောက်ပါ အခမဲ့ကျွေးပါတယ်။ မြတ်ဗုဒ္ဓသာသနာတော်ကို မျိုးဆက်အလိုက် ဆက်ခံထိန်းသိမ်းတဲ့နေရာမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကနေ အဆင့်ဆင့်အောင်မြင်လာတဲ့ ကျောင်းသားတွေ လူငယ်လူလတ်ပိုင်းတွေထဲမှာ သာသနာ့ဝန်ထမ်းမယ့် မျိုးဆက်တွေလည်း ပါလာနိုင်ပါတယ်။ အထူးသဖြင့် ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ အခြေခံဗုဒ္ဓဘာသာသင်တန်းတွေပေးပါတယ်။ ပြီးရင် လောကနီတိ၊ ဗုဒ္ဓဝင် အဆုံးအမ၊ ဓမ္မတွေကိုလည်း သင်ပေးတာဖြစ်လို့ အစိုးရ အခြေခံပညာကျောင်းတွေနဲ့ လိုင်းချင်းတော့ မတူဘူးလို့ပြောခြင်းဖြစ်ပါတယ်။

**မေး။ ကမ္ဘာအေးကုန်းမြေပေါ်က ဝိသာခါတန်ဆောင်းကို ရက် ၁၀၀ စီမံချက်ထဲမှာ ပြုပြင်ပြောင်းလဲသွားဖို့ရှိတယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်ခင်ဗျာ။**

**ဖြေ။** ကမ္ဘာအေးကုန်းမြေမှာရှိတဲ့ ဝိသာခါတန်ဆောင်းဟာ ၁၉၅၇ ခုနှစ်ကာလတွေတုန်းက မဟာပါသာဏလိုဏ်ဂူတည်ဆောက်တဲ့အခါမှာ ဆဋ္ဌသင်္ဂါယနာတင်ဖို့ တည်ဆောက်တဲ့အခါမှာ အတူပါလာတဲ့ အဆောက်အအုံဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သမိုင်းဝင်အဆောက်အအုံဖြစ်ပါတယ်။ ဝိသာခါတန်ဆောင်းကို အကြီးစားပြုပြင်ဖို့ နိုင်ငံတော်ကနေ ကျပ် ၈၄၇ သိန်းကျော် ခွင့်ပြုပါတယ်။ ရပ်ဝေးကနေပြီး ရန်ကုန်ကိုမရောက်ဖူးတဲ့သူတွေ၊ ဆင်းရဲတဲ့သူတွေ ဘုရားဖူးလာတဲ့အခါမှာ အခမဲ့တည်းခိုနိုင်ဖို့အတွက် အကြီးစားပြင်ဆင်မွမ်းမံတာဖြစ်ပါတယ်။ လူ ၂၀၀ တစ်ပြိုင်နက်တည်း တည်းနိုင်ပါတယ်။

**မေး။ နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်နေပြီဖြစ်တဲ့ ဒဂုံသီရိဘေးမဲ့ကန်တော်ကြီး ပြန်လည်ပြုပြင်ဆယ်ဖို့နေတယ်ဆိုတော့ ဒီလိုမျိုး သာသနာဆိုင်ရာ နောက်ထပ်အဆောက်အအုံတွေကိုရော ပြင်ဆင်သွားဖို့ရှိရင်လည်း ပြောပြပေးပါ။**

**ဖြေ။** ဒဂုံသီရိဘေးမဲ့ကန်ကြီးက ကမ္ဘာအေးကုန်းမြေရဲ့ အနောက်ဘက်ခြမ်းမှာ တည်ရှိပါတယ်။ စုစုပေါင်း အကျယ်အဝန်း ၁၅ ဧကခန့်ရှိပါတယ်။ ပျမ်းမျှရေအနက်က ကာလကြာလာတဲ့အခါ နုန်းတွေပို့ပြီးတော့ လေးပေ၊ ငါးပေလောက်ပဲကျန်ပါတယ်။ ငါးတွေကတော့ အကောင်ရေ သိန်းသန်းချီရှိပါတယ်။ အခု အဲဒီငါးတွေကို ရွှေ့ပြောင်းပြီး အနက်ပေ ပျမ်းမျှ ၁၂ ပေကနေ ၁၅ ပေအထိဖြစ်အောင် တူးဖော်နေပါတယ်။ ကျပ်သိန်း ၂၁၂၀ လောက် အကုန်အကျခံပြီး ရက် ၁၀၀ စီမံကိန်းထဲမှာ ထည့်ပြီးလုပ်နေပါတယ်။ စီမံကိန်းကာလအတွင်း ပြီးမြောက်မှာဖြစ်ပါတယ်။ အဲဒါကို အလှူရှင်တွေရဲ့ လှူဒါန်းထောက်ပံ့မှုနဲ့ လုပ်တာရှိပါတယ်။ အလားတူ နိုင်ငံရဲ့ တချို့နေရာတွေမှာဆိုရင်လည်း ဒီလိုထိန်းသိမ်းဖို့လုပ်ငန်းတွေရှိရင် သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်တစ်ရပ်အနေနဲ့ ဆက်လက်ပြီး အလှူငွေနဲ့ ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ ဥပမာ-ပြီးခဲ့တဲ့ ရက်ပိုင်းလောက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ မွေတော်ကက္ကူဒေသမှာ လေပြင်းမုန်တိုင်းတိုက်ခတ်တုန်းက စေတီပုထိုးပေါင်း ၂၀၀၀ ကျော်အနက်က ၁၁၀၀ လောက် ပျက်စီးသွားခဲ့ပါတယ်။

ပျက်စီးသွားတဲ့အခါမှာ ထုထည်ဉာဏ်တော်ကြီးမားတဲ့ စေတီက နှစ်ဆူပဲရှိတယ်။ ကျန်တဲ့စေတီတွေကတော့ ဉာဏ်တော် ကိုးတောင်၊ ဆယ်တောင်၊ တစ်ဆယ့်တစ်တောင် ထုထည်ဉာဏ်တော်သေးတဲ့စေတီတွေ ဖြစ်ပါတယ်။ အေဒီ ၁၂ ရာစုကတည်းက တည်ထားကိုးကွယ်ခဲ့တဲ့ ပုဂံခေတ် အလောင်းစည်သူမင်းကြီးနဲ့ ခေတ်ပြိုင်တည်ထားခဲ့တဲ့ ရှေးဟောင်းအမွေအနှစ်တွေ ဖြစ်ပါတယ်။ ဒါတွေကို တစ်နှစ်အတွင်း ပြုပြင်ပြီးစီးဖို့အတွက်ကို အလှူငွေနဲ့ပဲ ဆောင်ရွက်နေပါတယ်။ နောင်လည်း လိုအပ်တဲ့နေရာတွေကို ဒီလိုပဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဗုဒ္ဓဘာသာနိုင်ငံအနေနဲ့ ဗုဒ္ဓရဲ့တရားဓမ္မတွေကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကျင့်ကြံတဲ့ ရဟန်းသံဃာတော်တွေ ဒီဘက်ခေတ်မှာ လျော့နည်းလာတာတွေ့ရပါတယ်။ ဒီအရာကို ရက် ၁၀၀ အတွင်းမှာမဟုတ်ဘဲ အခြားအချိန်တွေမှာရော သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်သွားပါမလဲ။**

**ဖြေ။** နိုင်ငံအနှံ့က ဘုန်းတော်ကြီးကျောင်းတွေကို ရောက်တဲ့အခါ သာသနာမျိုးဆက်ပြတ်တဲ့ အနေအထားတွေ့ရပါတယ်။ ကျောင်းထိုင်ဆရာတော်ရှိပါတယ်။ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်နဲ့ ခန်းနေသံဃာရှိပါတယ်။ ကိုရင်ဆိုတာ မရှိသလောက်ပါ။ ကျောင်းသားဆိုတာလည်း တော်တော်ရှားပါးသွားပါတယ်။ သံဃာတွေ အများစုကတော့ ကျောင်းမှာနေတဲ့ ကိုရင်၊ ကျောင်းမှာနေ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာတက်၊ အခြေခံအစိုးရကျောင်းတက်ရင်လည်း တက်ဆိုတဲ့သဘောနဲ့ပါ။ သာသနာကွင်းဆက်မပြတ်အောင် ကိုရင်တွေ၊ ကျောင်းသားတွေ လိုအပ်ပါတယ်။ ဘုန်းတော်ကြီးကျောင်းများအနေနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနဲ့ ချိတ်ဆက်လိုက်ရင် ဒီကိစ္စဟာရှင်းသွားမှာပါ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေမှာ တက်နေတဲ့ ကျောင်းသားတစ်ဝက်လောက်က မိဘဆင်းရဲတဲ့သူတွေ၊ မိဘမစုံလင်တဲ့သူတွေ ဖြစ်ပါတယ်။ ဒီကလေးတွေ ကျောင်းမှာပဲ နေမယ်။ စားရေးသောက်ရေးအဆင်ပြေမယ်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သွားတက်မယ်။ ပြီးရင် အတန်းပညာကိုလည်း သင်ပေးရင်းနဲ့ အခြေခံဗုဒ္ဓဘာသာအပါအဝင် ယဉ်ကျေးလိမ္မာသင်တန်းတွေလည်း ပို့ချတယ်ဆိုရင် သာသနာမျိုးဆက်မပြတ်အောင် ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီလို အကြံပေးထားပါတယ်။

**မေး။ အခုတလောဖြစ်ပေါ်နေတဲ့ ဂေါပကလူကြီးတွေရဲ့ တာဝန်ထမ်းဆောင်မှုအပေါ် ပြည်သူတွေအနေနဲ့ တချို့တိုင်ကြားစာတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီး သိလိုပါတယ်။**

**ဖြေ။** ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးတွေမှာ ဂေါပကအဖွဲ့တွေ ဖွဲ့စည်းထားပါတယ်။ ကျန်တဲ့စေတီပုထိုးများမှာလည်း ဖွဲ့စည်းထားပါတယ်။ အဲဒီလို ဖွဲ့စည်းထားတဲ့နေရာမှာ ပြည်ထောင်စုအဆင့်အစိုးရကနေ တိုက်ရိုက်စီမံကိုင်တွယ်တဲ့ ဂေါပကအဖွဲ့ကတော့ မြန်မာနိုင်ငံရဲ့ အဓိကဖြစ်တဲ့ ရွှေတိဂုံစေတီတော်ရဲ့ ဂေါပကအဖွဲ့ဖြစ်ပါတယ်။ တခြားတန်ခိုးကြီးဘုရားပုထိုးတွေဖြစ်တဲ့ မဟာမြတ်မုနိဆိုရင် ဂေါပကအဖွဲ့ကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းကွပ်ကဲပါတယ်။ ကျိုက်ထီးရိုးစေတီဆိုလည်း ပြည်နယ်အစိုးရ၊ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက ပူးပေါင်းကွပ်ကဲပါတယ်။ ရွှေတိဂုံစေတီတော်မြတ်ကြီးကလွဲရင် ကျန်တဲ့ စေတီပုထိုးတွေကို သက်ဆိုင်ရာဒေသအစိုးရတွေက ကွပ်ကဲပါတယ်။ ပြီးခဲ့တဲ့မေလဒုတိယပတ်က မဟာမြတ်မုနိဘုရားကို ရောက်တဲ့အခါ ဂေါပကရဲ့လုပ်ငန်းဆောင်တာကိုလည်း လေ့လာစစ်ဆေးခဲ့ပါတယ်။ အစစအရာရာ ရာခိုင်နှုန်း ၉၀ လောက် ကျေနပ်ခဲ့ပါတယ်။ စနစ်တကျနဲ့ အလှူငွေလည်း မလေမလွင့်ရအောင် ထိန်းသိမ်းထားတာတွေ့ရပါတယ်။ အလှူငွေလည်း အတော်များပါတယ်။ များလွန်းလို့ ဘဏ်ငွေစုစာအုပ်နဲ့အပ်ရင်တောင် ဘဏ်တွေက လက်မခံချင်တော့တဲ့ အနေအထားမျိုးလို့ သူတို့တင်ပြတာနားထောင်ခဲ့ရပါတယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးဆိုရင်လည်း အစဉ်အဆက်ဂေါပကအဖွဲ့တွေကို ပြည်ထောင်စုအဆင့်ကပဲ ကွပ်ကဲခဲ့ပါတယ်။ လက်ရှိဂေါပကအဖွဲ့ရဲ့ဦးဆောင်မှုနဲ့ ဘုရားကြီးကို ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ တိုးတက်မှုများစွာရှိပါတယ်။ ပြည်သူတွေ လှူဒါန်းတဲ့ အလှူငွေကတော့ ကျပ်ငွေဘီလီယံပေါင်းများစွာ ရှိပါတယ်။ နိုင်ငံခြားငွေလည်း သန်းပေါင်းများစွာရှိပါတယ်။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားမျိုးစုံလည်း ရှိပါတယ်။ အဲဒီငွေတွေတောင်မှ ငွေစုစာအုပ်မှာထားမယ်ဆိုရင် ဘဏ်တွေက လက်မခံချင်တော့တဲ့ အနေအထားမျိုးလည်း ကြားရပါတယ်။ ဒီကိစ္စကိုလည်း ညှိနှိုင်းဖြေရှင်းသွားမှာဖြစ်ပါတယ်။ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်တဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နဲ့ ပတ်သက်ရင်တော့ တိုင်စာအများဆုံးရတဲ့ ဂေါပကအဖွဲ့လည်း ဖြစ်ပါတယ်။ ဂေါပကအဖွဲ့ကနေ ဘုရားနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ ကန်ထရိုက်ရသွားတဲ့သူတွေက စီးပွားရေးသိပ်ဆန်တာပဲတဲ့။ စီးပွားရေးဆန်တော့ ဘုရားဖူးတွေ မကြာခဏစိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုပြီးတော့ မကြာသေးခင်က နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကလည်း မိန့်ကြားပါတယ်။ အဲဒီကိစ္စကို ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီး ဂေါပကအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ တချို့သက်တမ်းလွန်တဲ့ ဂေါပကအဖွဲ့တွေကိုလည်း ရက် ၁၀၀ စီမံကိန်းအတွင်းမှာ သီလ၊ သိက္ခာ၊ သမာဓိပြည့်စုံတဲ့ လူကြီးသူမများနဲ့တာဝန်လွှဲပြောင်း ဆောင်ရွက်သွားဖို့ရှိပါတယ်။ **စာမျက်နှာ ၁၈ သို့ »»»**



ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိသာခါတန်ဆောင်းအား တွေ့ရစဉ်။



ပြည်သူများအား အခမဲ့တင်ဆက်ကပြမည့် သီရိဝံသဇာတ်တော်ကြီးမှ ဇာတ်ဝင်ခန်းတစ်ခန်း။

# ပြည်သူ့အတွက် ပထမ ရက် ၁၀၀

ကြေးမုံ
မေ ၂၆၊ ၂၀၁၆ (ကြာသပတေးနေ့)

**မေး။ အခုခေတ်လူငယ်တွေအနေနဲ့ ဘာသာစာပေကို ဒီထက်ပိုပြီးချစ်မြတ်နိုးပြီး တန်ဖိုးထားလာစေဖို့အတွက် သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ဘယ်လို ဆောင်ရွက်ပေးလို့ရပါသလဲ။**

**ဖြေ။** အခုခေတ်လူငယ်တွေပေါ့။ အိမ်က သားသမီးတွေလည်း ပါပါတယ်။ သုတစာပေရှိမယ်၊ ရသစာပေရှိမယ်၊ စာပေမျိုးစုံရှိပါတယ်။ ကျွန်တော်တို့ခေတ်တုန်းကတော့ စာအုပ်စာပေလေ့မိတ်ဆွေဆိုပြီးတော့ လက်လှမ်းမီတဲ့စာမှန်သမျှကိုဖတ်ရှုပါတယ်။ အခုခေတ်လူငယ်မျိုးဆက်သစ်တွေကျတော့ စာဖတ်တာ အင်မတန်အားနည်းသွားတာ တွေ့ရပါတယ်။ စာပေတစ်ခုကို တစိုက်မတ်မတ်နဲ့ လေ့လာဖတ်ရှုတဲ့ အနေအထားမျိုးက အင်မတန်ရှားပါးတဲ့ အနေအထားဖြစ်သွားပါတယ်။ အထူးသဖြင့်တော့ အင်တာနက်ဖေ့စ်ဘွတ်ခ်နဲ့ပဲ အချိန်ကုန်နေပါတယ်။ မျက်စိကျန်းမာရေးလည်း ထိခိုက်ပါတယ်။ ဒါကို တာဝန်ရှိတဲ့ ဌာနအဖွဲ့အစည်းများအနေနဲ့က မျက်စိကျန်းမာရေးကိုပါ ထိခိုက်စေတဲ့ အလွန်အကျွံ လူမှုစာမျက်နှာတွေ အသုံးပြုတဲ့အရာတွေကို နည်းနည်းလေး ပညာပေးကန့်သတ်သင့်တယ်လို့ ထင်ပါတယ်။

တစ်ဖက်ကလည်း ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းဖို့အတွက်ကို သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ နွေရာသီကျောင်းပိတ်ရက်မှာ တစ်နိုင်ငံလုံး မြို့နယ်တိုင်းမှာ ယဉ်ကျေးလိမ္မာသင်တန်းတွေဖွင့်ပြီးတော့မှ အခြေခံဗုဒ္ဓဘာသာနဲ့ လောကနီတိ စတဲ့ ကျင့်ဝတ်တွေ သင်ကြားနေပါတယ်။ နွေရာသီကျောင်းပိတ်ရက် တစ်လ၊ နှစ်လသင်တာနဲ့တော့လည်း တကယ်တော့မလုံလောက်ပါဘူး။ ဖြစ်နိုင်လို့ရှိရင် အခြေခံပညာကျောင်းများမှာပါ ယဉ်ကျေးလိမ္မာနဲ့ သက်ဆိုင်တဲ့ဘာသာရပ်တွေကို ဖော်ထုတ်သင်ကြားပေးမယ်ဆိုရင်တော့ အနာဂတ်ပြည်ထောင်စုတာဝန်ကို ဆက်ခံမယ့် ယဉ်ကျေးလိမ္မာတဲ့မျိုးဆက်သစ်တွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

**မေး။ ကမ္ဘာအေးကုန်းမြေမှာရှိတဲ့ ရှေးရိုးရာ ဝိသာခါတန်ဆောင်းကို ပြုပြင်သလိုမျိုး ယဉ်ကျေးမှုဘက်ကရော ဘယ်လိုတွေ ဆောင်ရွက်သွားဖို့ရှိသလဲ။**

**ဖြေ။** ဝိသာခါတန်ဆောင်းပြုပြင်မွမ်းမံသလိုမျိုးပဲ ကမ္ဘာအေးကုန်းမြေတင်မကဘဲ နိုင်ငံရဲ့ တချို့မြို့တွေမှာလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံကွပ်ကဲတဲ့ ရှေးဟောင်းအဆောက်အအုံတွေ၊ ကျောင်းတွေ စတဲ့ ယဉ်ကျေးမှုဘက်ကနေပြီးတော့ ထိန်းသိမ်းကွပ်ကဲတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေလည်း ရှိပါတယ်။ ဒါတွေကိုလည်း အဆင့်လိုက် နိုင်ငံတော်ကိုတင်ပြ၊ ဘတ်ဂျက်တောင်းခံပြီးမှ ပြုပြင်မွမ်းမံထိန်းသိမ်းသွားဖို့အတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးထွန်းအုံ**
**ညွှန်ကြားရေးမှူးချုပ်**
**အနုပညာဦးစီးဌာန**

ကျွန်တော်တို့ အနုပညာဦးစီးဌာနအနေနဲ့ ရက် ၁၀၀ စီမံချက်မှာ အနုပညာဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ၊ ဇာတ်တော်ကြီးများကို ပြည်သူလူထုအား အခမဲ့ဖျော်ဖြေတင်ဆက်မှု၊ အနုပညာအထက်တန်းကျောင်းတွေကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ မြန်မာ တိုင်းရင်းသားတို့ရဲ့ ရိုးရာတူရိယာပစ္စည်းများဆိုင်ရာ စာအုပ်ထုတ်ဝေဖြန့်ချိရေး အဲဒီလေးခုကို ရက် ၁၀၀ စီမံချက်မှာ ဆောင်ရွက်လျက်ရှိပါတယ်။

အနုပညာဆိုင်ရာ သုတေသနစာတမ်း သုံးစောင်ဖတ်ကြားတင်သွင်းခဲ့တယ်။ တေးသီချင်းနဲ့ ဇာတ်သဘင်မှ အချိုးတေးကဗျာများ စာတမ်း၊ အနုပညာဇာတ်သဘင်သမားစဉ် စာတမ်း၊ ဇာတ်ဆောင်စရိုက်ဖန်တီးမှုစာတမ်း တို့ဖြစ်တယ်။ တေးသီချင်းနဲ့ ဇာတ်သဘင်မှ အချိုးတေးကဗျာအား စာတမ်းကနေ ကဗျာတွေစပ်မယ်၊ တေးသီချင်းအနေနဲ့ ပါဝင်သွားမယ်။ အနုပညာဦးစီးဌာနအနေနဲ့ပြောရရင် ဇာတ်တော်ကြီးတွေရှိတယ်။ အဆို၊ အငို၊ အပြော ဆိုတာရှိတယ်။ တေးကဗျာကနေ မင်းသားတွေရဲ့ အဆိုတွေပါလာတယ်။ အငိုခန်းတွေ ပါလာတယ်။ အပြောတွေပါလာတယ်။ တစ်နည်းအားဖြင့် ပြောရရင် ဆို၊ ငို၊ ပြောတို့ဖြစ်ပါတယ်။ ဆို၊ ငို၊ ပြောတွေရဲ့ စကားလုံးတွေ အားလုံးဟာ အချိုးတေးကဗျာရဲ့ အရေးအသားတွေနဲ့ သွားရတာဖြစ်တဲ့အတွက် အနုပညာရှင်တွေအတွက်၊ တေးသီချင်းစပ်ဆိုသူများအတွက် အလွန်တန်ဖိုးရှိတဲ့ စာတမ်းတစ်စောင် ဖြစ်ပါတယ်။

အနုပညာဇာတ်သဘင်သမားစဉ်ဆိုတာကတော့ မြန်မာအဘိဓာန်ထဲမှာ သမားဆိုတာ ဘာကိုဖွင့်ဆိုထားသလဲဆိုရင် စဉ်ဆက်မပြတ်ပြုလေ့ပြုထရှိခြင်း၊ အလေ့အထတစ်ခုကို ဆောင်ရွက်ခြင်းဆိုပြီး အဓိပ္ပာယ်ဖော်ပြထားပါတယ်။ စဉ်ဆိုတာကတော့ တန်းစီခြင်းလို့ ခေါ်ပါတယ်။ အဲဒါကြောင့် အနုပညာမှာ အလေ့အထရှိတာတွေကို အစီအစဉ်အလိုက် ဖော်ပြခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

မြန်မာတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး၊ အနုသုခုမပညာ၊ ခေတ်ဟောင်းပညာ စသည်အားဖြင့် ဒါတွေကို ထိန်းသိမ်းမယ်။ ဖော်ထုတ်မယ်။ ပြီးရင်မြှင့်တင်မယ်ဆိုတဲ့ ဦးတည်ချက်၊ တစ်နည်းအားဖြင့် လုပ်ငန်းတာဝန်တစ်ခုပါပါတယ်။

ဇာတ်ဆောင်စရိုက်ဖန်တီးမှုစာတမ်းကတော့ ဇာတ်လမ်းတစ်ပုဒ်မှာ ဇာတ်ဆောင်ဟာ အဓိကကျတယ်။ ဇာတ်ဆောင်ရဲ့စရိုက်အပေါ်မူတည်ပြီးတော့မှ ဇာတ်လမ်းဖန်တီးလာကြတယ်။ ရုပ်ရှင်ဇာတ်လမ်းတွေရှိမယ်။ တီဗွီဇာတ်လမ်းတွေ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွေ၊ ဇာတ်တော်ကြီးတွေ၊ ပြဇာတ်တွေ၊ အငြိမ့်တွေရှိမယ်။ အဲဒီမှာ သရုပ်ဆောင်နေတဲ့ အငြိမ့်ဆိုရင် လူရွှင်တော်၊ ပြဇာတ်ဆို ပြဇာတ်မှာပါတဲ့ ဇာတ်ကောင်တွေသရုပ်ဆောင်မယ်။ သရုပ်ဆောင်မှုအားလုံးဟာ သူ့ရဲ့စရိုက်ပေါ်မူတည်ပြီးမှ ဇာတ်လမ်းဖန်တီးမှုတွေ ဆောင်ရွက်ပါတယ်။ ဒါကြောင့် ဇာတ်ဆောင်စရိုက် ဖန်တီးမှုဆိုတဲ့ စာတမ်းကနေ အနုပညာလောကသားတွေအတွက်သာမက ဝတ္ထုရေးမယ့် စာရေးဆရာတွေအတွက်ပါ တန်ဖိုးရှိတဲ့စာတမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ရက် ၁၀၀ စီမံချက်ထဲမှာ ဒီစာတမ်းတွေဖတ်ကြားတင်သွင်းရတာ ဖြစ်ပါတယ်။

နောက်ထပ် ရက် ၁၀၀ စီမံချက်တစ်ခုဖြစ်တဲ့ ဇာတ်တော်ကြီးတွေကို အများပြည်သူကို အခမဲ့ဖျော်ဖြေတင်ဆက်ခြင်းမှာ ဘာနဲ့ဆက်စပ်နေလဲဆိုရင် စာတမ်းဖတ်ကြားမှုနဲ့ ဆက်စပ်နေတယ်။ မြန်မာတိုင်းရင်းသားတွေရဲ့ အဆို၊ အက၊ အရေး၊ အတီးတွေကို ဖော်ထုတ်မယ်။ ပြီးရင်ထိန်းသိမ်းမယ်။ မြှင့်တင်မယ်။ အခမဲ့တင်ဆက်မယ့် ဇာတ်တော်ကြီးကတော့ သီရိဝံသ ဇာတ်ကြီးဖြစ်ပါတယ်။ အဲဒီဇာတ်ကြီးထဲမှာ ဆို၊ ငို၊ ပြောတွေပါတယ်။ အချိုးတေးကဗျာတွေရဲ့ စပ်ဆိုမှုတွေကို သရုပ်ဆောင်တွေကနေ ဆို၊ ငို၊ ပြောတွေနဲ့ အများပြည်သူကို ဖျော်ဖြေတင်ဆက်မှာဖြစ်သလို ဇာတ်ဆောင်တွေကလည်း သမားစဉ်အတိုင်းသွားမယ်။ ဇာတ်ဆောင်စရိုက်တိုင်းကို သရုပ်ဆောင်မယ်။ ဒါကြောင့် စာတမ်းဖတ်ပွဲနဲ့ ဇာတ်ကြီးအခမဲ့ဖျော်ဖြေတင်ဆက်မှုဟာ ဆက်စပ်ပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အများပြည်သူကိုလည်း အပန်းလည်းပြေစေ၊ အဆို၊ အက၊ အရေး၊ အတီးကိုလည်း အများပြည်သူကို သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ရက် ၁၀၀ စီမံချက်ကို ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။

မြန်မာတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု တူရိယာပစ္စည်းတွေကို သုတေသနပြုထားပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာတူရိယာတွေကို ကွင်းဆင်းသုတေသနပြုတဲ့ အခါ ၂၉၉ မျိုးတွေ့ရှိခဲ့ပါတယ်။ အဲဒီအထဲက တိုင်းရင်းသားတို့ရဲ့ တူရိယာ ၄၇ မျိုးကို စာအုပ်ထုတ်ဝေမှာဖြစ်ပါတယ်။ ဒီရက် ၁၀၀ အတွင်းမှာ စာအုပ်ထုတ်ဝေမယ်။ ထုတ်ဝေပြီးရင် မြန်မာတိုင်းရင်းသားတွေအားလုံး သိသွားအောင် လေ့လာမှတ်သားလို့ရအောင် မှတ်တမ်းမှတ်ရာအဖြစ် ထားရပါတယ်။

အနုပညာဦးစီးဌာနအောက်မှာ ပန်တျာကျောင်း၊ ပန်းချီပန်းပုကျောင်းတွေရှိပါတယ်။ အဲဒီနှစ်ခုပေါင်းပြီးတော့မှ အနုပညာအထက်တန်းကျောင်းလို့ အမည်ပေးပြီး ပန်းချီပန်းပုပညာတွေ၊ ပန်တျာပညာတွေ သင်ကြားပေးလျက်ရှိပါတယ်။ နံနက်ပိုင်းမှာ အတန်းပညာသင်ပေးတယ်။ သတ်မှတ်အရည်အချင်းကတော့ ခုနစ်တန်းအောင်ဖြစ်ရမယ်။ စတက်တဲ့နှစ်က ရှစ်တန်းကနေစတက်မယ်။ ဒုတိယနှစ်က ကိုးတန်း၊ တတိယနှစ်ဟာ ဆယ်တန်းဖြစ်မယ်။ သုံးနှစ်ပညာသင်မယ်။ နေ့လယ်ပိုင်းမှာ အနုပညာတွေကို သင်ကြားပေးနေတဲ့ ကျောင်း ဖြစ်ပါတယ်။

အဲဒီကျောင်းတွေကို လာရောက်ပညာသင်တဲ့ ကလေးတွေဟာ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးတွေကို ထိန်းသိမ်းရန် ဆန္ဒရှိတဲ့ လူငယ်လူရွယ်လေးတွေဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေဖြစ်ပါတယ်။ ဒါကြောင့်အဲဒီလူငယ်လူရွယ်တွေကို အနုပညာအထက်တန်းကျောင်းတွေမှာ စိတ်ရောကိုယ်ပါ စိတ်ချမ်းမြေ့စွာ ပညာကိုသင်ကြားလို့ရအောင် သူတို့နေထိုင်တဲ့ အခြေခံအဆောက်အအုံတွေကို အဆင့်မြှင့်တင်ခြင်းတွေ လုပ်နေပါပြီ။ ရက် ၁၀၀ စီမံချက်မှာလုပ်မယ်။ အဆင့်မြှင့်တင်ခြင်းတွေကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးကျော်ဦးလွင်**
**ညွှန်ကြားရေးမှူးချုပ်**
**ရှေးဟောင်းသုတေသနနှင့်**
**အမျိုးသားပြတိုက်ဦးစီးဌာန**

ကျွန်တော်တို့ဌာနအနေနဲ့ ရက် ၁၀၀ အတွင်းမှာ အကောင်အထည်ဖော်ဖို့ကတော့ လုပ်ငန်းသုံးခု ရွေးချယ်ပါတယ်။ ပထမတစ်ခုကတော့ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ဆိုတာ တင်သွင်းခြင်းနဲ့ ကမ္ဘာ့အမွေအနှစ်ရရှိခဲ့တဲ့ အထိမ်းအမှတ်လိုဂို စိုက်ထူခြင်းဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ မှတ်တမ်းအမွေအနှစ်တွေကို ယူနက်စကိုရဲ့ကြီးကြပ်မှုနဲ့ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ် အကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ်ကတည်းက ဝင်ရောက်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ပထမဆုံး ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အနေနဲ့ မန္တလေးမှာရှိတဲ့ ကုသိုလ်တော်ကျောက်စာ ရရှိခဲ့ပါတယ်။ ၂၀၁၅ အတွက်ကတော့ ပုဂံညောင်ဦးမြို့မှာရှိတဲ့ မြစေတီကျောက်စာလို့ခေါ်တဲ့ ရာဇကုမာရ်ကျောက်စာက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့ပါတယ်။







ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် မြစေတီ(ရာဇကုမာရ်)ကျောက်စာ လိုဂို။

တတိယအကြိမ်အနေနဲ့တော့ လျာထားတင်သွင်းတာက ပုဂံညောင်ဦးမြို့မှာရှိတဲ့ ရွှေစည်းခုံဘုရားကြီးရဲ့ ရင်ပြင်တော်မှာ ဘုရင့်နောင်မင်းတရားကြီးလှူဒါန်းတဲ့ ဘာသာသုံးမျိုးနဲ့ ရေးထိုးထားတဲ့ခေါင်းလောင်း ဖြစ်ပါတယ်။ ဒီခေါင်းလောင်းကြီးကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတင်သွင်းဖို့ ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် လိုဂိုစိုက်ထူခြင်းကတော့ မြစေတီဘုရားရင်ပြင်မှာရှိတဲ့ ရှေးဟောင်းသုတေသနပြတိုက်ထဲမှာရှိတဲ့ မြစေတီကျောက်စာတိုင်အနားမှာ စိုက်ထူပြီးတော့ စာတမ်းဖတ်ပွဲတွေလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒါဟာ ပထမဆုံး ရက် ၁၀၀ အတွင်းဆောင်ရွက်မယ့် အစီအစဉ်ဖြစ်ပါတယ်။

ဒုတိယဆောင်ရွက်မယ့်အစီအစဉ်ကတော့ ရန်ကုန်မြို့မှာရှိတဲ့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို မွမ်းမံပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်က ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့တဲ့အိမ် တာဝါလိန်းလမ်းမှာ တည်ရှိပါတယ်။ အခုတော့ ဗိုလ်ချုပ်ပြတိုက်လမ်းဆိုပြီး အမည်ပြောင်းလဲခေါ်ပါတယ်။ အဲဒီမှာရှိတဲ့ အထွေထွေထိန်းသိမ်း မွမ်းမံခြင်းတွေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရဲ့ ကူညီစစ်ဆေးပေးမှုနဲ့ ကြံ့ခိုင်မှုလုပ်ငန်းတွေ ဆောင်ရွက်သွားမှာဖြစ်သလို ပြသမှုကိုလည်း ပြောင်းလဲပြသသွားမှာဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းစီးခဲ့တဲ့ကားအတွက်လည်း အမြဲတမ်းထားရှိမယ့် ကားဂိုဒေါင်တည်ဆောက်ပြီးတော့ ပြန်လည်ပြသသွားမှာဖြစ်ပါတယ်။ လေ့လာတဲ့ပြည်သူအတွက်လည်း အဆင်ပြေအောင် ဆောင်ရွက်မယ့်လုပ်ငန်းတွေလည်း ရှိပါတယ်။ ရက် ၁၀၀ အတွင်းမှာ အကောင်အထည်ဖော်ပြီးတော့ ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)မတိုင်ခင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်သလို အခုလည်း လုပ်ငန်းတွေ စတင်နေပါပြီ။



မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ပေ၊ ပုရပိုက်များ ရေရှည်တည်တံ့စေရေး ဒစ်ဂျစ်တယ်ပုံစံသို့ ပြောင်းလဲပုံ။

တတိယလုပ်ငန်းစဉ်ကတော့ မန္တလေးမြို့မှာရှိတဲ့ မန္တလေးယဉ်ကျေးမှုပြတိုက်ကို အဆင့်မြှင့်တင်ခြင်း ဖြစ်ပါတယ်။ မန္တလေးယဉ်ကျေးမှုပြတိုက်က ၁၉၅၅ ခုနှစ်လောက်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၈၃ ခုနှစ်မှာ လက်ရှိ အာရ်စီသုံးထပ်အဆောက်အအုံ ခင်းကျင်းပြသခဲ့ပါတယ်။ ခင်းကျင်းပြသထားတာတွေကလည်း ခေတ်မမီတော့ပါဘူး။ ဒါကြောင့် ခေတ်နဲ့အညီ ပြန်လည်ခင်းကျင်းပြသသွားဖို့ လျာထားပါတယ်။ မူလကလည်း လက်ရှိပြသထားတဲ့ ပြခန်းငါးခန်းအပြင် နောက်ထပ်ပြခန်းတစ်ခန်း ထပ်မံတိုးချဲ့ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ မန္တလေးယဉ်ကျေးမှုပြတိုက် ခင်းကျင်းပြသခြင်းလုပ်ငန်းကိုလည်း ရက် ၁၀၀ အတွင်းမှာ ပြီးစီးဖွင့်လှစ်ဖို့ လျာထားပါတယ်။ ■

# ရွှေဝါရောင် သီတင်းပတ်

ဌေးအောင်(ခရီးသွား)

ကျွန်တော် စာမရေးဖြစ်တာ ကြာပါပြီ။ ရေးချင်စိတ်ရှိခဲ့သော်လည်း အကြောင်းကြောင်းတွေကြောင့် စိတ်ကူးထဲ၊ မှတ်တမ်းထဲ၊ စာကြမ်းထဲများ အဖြစ်သာကျန်ခဲ့တော့သည်။ ကြာတော့လည်း မေ့ပျောက်သွားနိုင်ပါသည်။ သို့ရာတွင် ယခုတစ်ခေါက်တွင်တော့ ပေထက်အက္ခရာ ပီပြင်စွာတင်နိုင်လိမ့်မည်ဟု ထင်မိ၏။ အကြောင်းကား . . .

ပြီးခဲ့သည့် တစ်ပတ်ကျော်က မိတ်ဆွေနှစ်ဦးနှင့် ဂျပန်သွားရန် စကားစပ်မိရင်း လိုက်ချင်စိတ်ပြင်းပြသဖြင့် စာရွက်စာတမ်းများ အမြန်လုပ်ကာ လိုက်ဖြစ်ခဲ့သည်။ ယခုအခါ ရန်ကုန်နှင့် တိုကျိုကို ANA လေကြောင်း နေ့စဉ် ပျံသန်းသဖြင့် သွားလာရလွယ်ကူသည်။ ကြားလေဆိပ်တွင် မဆင်းရသည့်အတွက် အချိန်လည်းမကုန်၊ လူလည်းသက်သာသည်။ သို့ဖြင့် ဧပြီ ၂၉ ရက်နေ့ ညတွင် ရန်ကုန်က ထွက်လာခဲ့ကြသည်။ လေယာဉ်ဖန်သားပြင်ပေါ်က အချိန်ဇယားအရ ပျံသန်းချိန်မှာ ၆ နာရီနီးပါးရှိသည်။ လမ်းပြမြေပုံအရ ရှမ်းကုန်းပြင်မြင့်မှတစ်ဆင့် တရုတ်ပြည် ကူမင်း၊ ဂွမ်းဂျိုတို့ကို ကျော်ဖြတ်ကာ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်မှာ ဖြစ်သည်။

ညအချိန်လည်းဖြစ် ရာသီဥတုကလည်း ကြည်လင်သဖြင့် မြေပြင်ပေါ်က မီးထိန်နေသော မြို့ငယ်များကိုပင် ကောင်းစွာမြင်ရ၏။ တစ်နာရီခန့်အကြာ မီးထိန်နေသော တောင်ကြီးမြို့ကို မြင်ရသည်။ ခဏအကြာတွင် လေယာဉ်ဝန်ထမ်းအမျိုးသမီးငယ်က ညစာကတ်ပြားလာပြ၍ ဟင်းရွေးချယ်ရန်မေးသည်။ ကျွန်တော်က ဂျပန်နိုင်ငံသွားမှာဖြစ်သည့်အတွက် ဂျပန်ဟင်းလျာကို စတင်လေ့ကျင့်မည်ဖြစ်ကြောင်း ပြောလိုက်၏။ ပြီးတော့ အစာကြေလွယ်ရန် ဝိုင်နီတစ်ခွက်တောင်းဆိုလိုက်သည်။ ဘေးချင်းကပ် မိတ်ဆွေက ကော်ဖီတစ်ခွက်၊ နောက်ထိုင်ခုံမှ မိတ်ဆွေက ရှမ်ပိန်ဖြင့် ဖွင့်တော့သည်။ လေယာဉ်ပေါ်ဖြစ်၍ ဆိုင်ကြီးများကဲ့သို့ အကောင်းစားမဟုတ်သော်လည်း ခံတွင်းတွေ့ကြသည်။ ဝိုင်နှစ်ခွက်လောက်သောက်ရင်း တီဗွီကြည့်နေလိုက်သည်။

ဖန်သားပေါ်တွင် ကြေညာထားသည့် အစီအစဉ်များအတိုင်း ဟိုရွှေ့သည်ရွှေ့လုပ်ရင်း နောက်ဆုံးတွင် ရုပ်ရှင်ဇာတ်လမ်းတိုကို စကြည့်မိသည်။ အချိန်က သန်းခေါင်ကျော်ပြီ။ ခရီးသွားတုန်းကြည့်သည့်အတွက် ကြမ်းကြမ်းရမ်းရမ်းများထက် ဇာတ်လမ်းအေးအေးကို ရွေးဖြစ်သည်။ ဇာတ်လိုက်က ကွယ်လွန်သွားခဲ့သော ဖခင်၏ မြို့လယ်ကလုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ရင်း သူ၏အိပ်မက်ကို ပြန်လည်အကောင်အထည်ဖော်သည့် ဇာတ်လမ်းဖြစ်သည်။ ကြည့်ပျော်သည်။ တစ်နာရီခန့် ကြာသည်။ ပြီးတော့မင်းသားကြီး နီကိုးလပ်ကေ့ချ်၏ အပြေးသမားဇာတ်လမ်း၊ ၂၀၁၀ ခုနှစ်က ဗြိတိသျှရေနံကုမ္ပဏီကြီးသည် အမေရိကန်ပြည်ထောင်စု လူစီးရားနားပြည်နယ် ကမ်းခြေတစ်နေရာတွင် ရေနံတွင်းတူးရာမှ လောင်စာဆီယိုဖိတ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသခံပြည်သူများ၏ ရေလုပ်ငန်း ပြန်လည်ရှင်သန်ရေးတို့အတွက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ မင်းသားကြီးက လျော်ကြေးငွေရရှိရေး၊ အစိုးရက ပါဝင်စောင့်ရှောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သည့်ကားဖြစ်သည်။ သတင်းမီဒီယာအပိုင်း၊ ကိုယ်စားလှယ်ကြီး၏အိမ်ထောင်ရေးအပိုင်းတို့ဖြင့် ဇာတ်ကွက်ဆင်ထားသည့်အတွက် ကြည့်ကောင်း၏။ ဇာတ်ကားပြီးတော့ အလိုလိုမျက်စိစင်းလာသဖြင့် အိပ်ရန်ပြင်လိုက်သည်။ လူ ၂၀၀ ကျော်တင်ဆောင်လာသည့် ဘိုးရင်းလေယာဉ်ကြီးသည် ကောင်းကင်ပြင်တွင် သစ်ရွက်ပမာသာဖြစ်သဖြင့် လေသင့်ရာ၊ တိမ်တိုက်တို့ကစားရာအတိုင်းလှုပ်ခါသည့်အတွက် ငြိမ်သွားလိုက်၊ လှုပ်လိုက်ဖြင့် ယင်းခံစားချက်ကို မှတ်ရင်းအိပ်ပျော်သွားမိလေသည်။

ကျွန်တော်တစ်ရေးနိုးသည့်အခါ လေယာဉ်ဝန်ထမ်းများ လှုပ်လှုပ်ရှားရှား ဝန်ဆောင်မှုပြုနေပြီး နံဘေးက မိတ်ဆွေမှာလည်း နံနက်စာသုံးဆောင်နေ၏။ အချိန်က တိုကျိုရောက်ရန် တစ်နာရီခန့်သာလိုတော့သည့်အတွက် ဂျပန်နံနက်စာနှင့်အတူ ကော်ဖီခါးခါးသောက်ရင်း မြေပြင်ကိုလှမ်းကြည့်ရာ ကျွန်းနိုင်ငံဖြစ်သဖြင့် ပင်လယ်အတွင်းကျွန်းများကို ဟိုတစ်စု၊ သည်တစ်စု လှမ်းမြင်ရသည်။ ထူးခြားသည်မှာ ကျွန်းများသည် ကတုံးပြောင်မဟုတ်။ သစ်ပင်၊ သစ်တောများဖြင့် စိမ်းညို့ပိန်းပိတ်လျက်ရှိ၏။ သိပ်မကြာလိုက်ပါ။ တိုကျို၏ အနားစကို လှမ်းတွေ့ရသည်။ အဆောက်အအုံ ထိုးထိုးထောင်ထောင်မရှိ၊ ရေစပ်စပ်ကွင်းပြင်များ၊ အိမ်ငယ်များ စက်ရုံအလုပ်ရုံများနှင့် မြေသားမို့မို့နေရာများတွင် ထူထပ်စွာစိုက်ထားသော သစ်ပင်အုပ်အုပ်များ ရှိနေပြီး မြေအခင်းအကျင်းကိုကြည့်၍ ဂေါက်ကွင်းတစ်ကွင်းကိုလည်း သတိပြုမိလိုက်သည်။

ကျွန်တော်တို့၏ NH 0814 ဘိုးရင်းလေယာဉ်သည် နာရီတာလေဆိပ်၏ ပြေးလမ်းပေါ်သို့ အရှယ်နှင့်မမျှ ညင်သာစွာဆင်းချလာသည်။ လေယာဉ်တံခါးကို ဖွင့်လိုက်သည်နှင့် ပျူငှာသောအပြုံးဖြင့် ကြိုဆိုနေသည့် ANA လေကြောင်းဝန်ထမ်းက မစ္စတာဌေးအောင်အမည်ရေးထားသည့် ဆိုင်းဘုတ်လေးဖြင့် ကျွန်တော့်အားအတည်ပြုကာ လေဆိပ်အတွင်း ခေါ်ဆောင်လာခဲ့သည်။ ထုံးစံအတိုင်း လူနှင့် ပစ္စည်းစစ်ဆေးရေးကောင်တာများကို အလွယ်တကူဖြတ်ကျော်ခဲ့ပြီးနောက် လေဆိပ်ပြင်ပသို့ရောက်ရှိလာရာ တိုကျိုမြို့၏ သန့်ရှင်းလတ်ဆတ်သော လေနုအေးကို စတင်ခံစားရသည်။ ထို့နောက် ဟိုတယ်မှ လာကြိုသောကားဖြင့် လေဆိပ်မှထွက်လာခဲ့သည်။ ကားဒရိုင်ဘာမှာ အသက်ကြီးပုံရသဖြင့် မိတ်ဆွေ ဦးကျော်မင်းထင်ကို စပ်စုကြည့်ရာ ဂျပန်နိုင်ငံတွင် အငှားယာဉ်ဒရိုင်ဘာအများစုမှာ အလုပ်မှအနားယူကြပြီးနောက် ဘဝကို ဆက်လက်ရှင်သန်အောင် ဖြစ်သည့်အလုပ်များကို ရှာဖွေလုပ်ကိုင်လေ့ရှိရာ အငှားယာဉ်လောကတွင် ဒရိုင်ဘာများအဖြစ်တွေ့ရကြောင်း ၎င်းက ရှင်းပြသည်။ လမ်းမကြီးတစ်လျှောက် အဆောက်အအုံပုံစံ အမျိုးမျိုးကို တွေ့ရသည်။ လမ်းမကြီး၏ဘေးနှစ်ဖက်တွင် ကားသံများကို ထိန်းသိမ်းနိုင်ရန် အသံထိန်းကိရိယာများ တပ်ဆင်ထားသဖြင့် သမားရိုးကျမြင်ကွင်းထက် ထူးခြားသလိုရှိသည်။ တစ်နာရီခန့်အကြာတွင် တိုကျိုမြို့ထဲဝင်လာသဖြင့် အဆောက်အအုံများ ပိုမိုထူထပ်လာသော်လည်း မြေအခင်းအကျင်းကို ဂရုတစိုက်ပြုပြင်ထားသည့်အပြင် သစ်ပင်ကြီးငယ်များဖြင့် စိမ်းစိုအောင် ဖန်တီးထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့ ယာဉ်မောင်းကြီးသည် လမ်းမကြီးအတိုင်းလာရာမှ အဆောက်အအုံတစ်ခု၏ ဆင်ဝင်အောက်သို့ ကားကိုကွေ့ဝင်လိုက်ရာ ဦးကျော်မင်းထင်က တည်းခိုမည့်ဟိုတယ်သို့ ရောက်ရှိပြီဖြစ်ကြောင်း ပြောပြသည်။ ကားရပ်လိုက်သည်နှင့် လုံခြုံရေးနှင့် ပစ္စည်းသယ်ဝန်ထမ်းနှစ်ဦးတို့ အဆင်သင့်စောင့်ကြိုနေသည်။

ကျွန်တော်တို့အဖွဲ့အား ဧည့်ကြိုမန်နေဂျာက ပြုံးရွှင်စွာကြိုဆိုပြီး နေရာချထားရန်စီစဉ်ပေးသည်။ ဟိုတယ်မှာ အဆင့်မြင့်ဟိုတယ်ဖြစ်သဖြင့် ကျွန်တော်တို့အခန်းမှာ ၃၉ ထပ်တွင် တည်ရှိသည်။ ခေတ်မီနိုင်ငံရှိ ကြယ်ငါးပွင့်အဆင့်မြင့်ဟိုတယ်များ၏ ထုံးစံအတိုင်း အဝင်၊ အထွက်အားလုံး အီးကတ်(အီလက်ထရွန်နစ်)ဖြင့်သာ အသုံးပြုကြရသည်။ အိပ်ခန်းထဲဝင်မိသည့်အခါ လုပ်နေကျအတိုင်း ထားသိုမှုအနေအထားကို ဖြန့်ကြက်လေ့လာလိုက်သည်။ ခေါင်းရင်းဘက်နံရံတွင် ရှုခင်းပုံပန်းချီကားငယ် ငါးချပ်ကို အစီအရီချိတ်ထားသည်။ ဟိုတယ်အများစုတွင် အရွယ်ကောင်းကောင်း တစ်ချပ်သာချိတ်လေ့ရှိရာ ထူးဆန်းသလိုရှိ၏။ ရေချိုးခန်းထဲရှိ ကမုတ်မှာလည်း သာမန်ရေဆွဲခလုတ်အပြင် အပူအအေးဖြင့် အလိုအလျောက် သန့်စင်ပေးသည့် ကိရိယာတွဲဖက်ထားသည်။ နိုင်ငံတကာဟိုတယ်များတွင် သုံးလေ့မရှိသည့်အတွက် ဂျပန်နိုင်ငံ၏ ထူးခြားသောဝိသေသလက္ခဏာ တစ်ခုဖြစ်သည်။ အိပ်ခန်းအတွင်း ဟိုဟို ဒီဒီ ကြည့်နေစဉ် တစ်ချိန်က ကျွန်တော်ရေးခဲ့သော အိမ်မှဝေးသောအိမ် ဆောင်းပါးထဲက အကြောင်းအရာလေးကို ပြေးသတိရမိသည်။ အမှန်က ဧည့်ဝတ်ပြုရာတွင် ဧည့်သည်စိတ်လုံခြုံမှု၊ စိတ်ချမ်းမြေ့မှု၊ စိတ်ကျေနပ်မှုရရှိအောင် စီစဉ်ပေးနိုင်မှုသည် ဝန်ဆောင်မှုပြုသူတိုင်း၏ အဓိကတာဝန်ဖြစ်ပေသည်။ အိုးနှင့်ဆန်

**အမှန်က ဧည့်ဝတ်ပြုရာတွင် ဧည့်သည်စိတ်လုံခြုံမှု၊ စိတ်ချမ်းမြေ့မှု၊ စိတ်ကျေနပ်မှုရရှိအောင် စီစဉ်ပေးနိုင်မှုသည် ဝန်ဆောင်မှုပြုသူတိုင်း၏ အဓိကတာဝန်ဖြစ်ပေသည်။ အိုးနှင့်ဆန်တန်သည့် ဝန်ဆောင်မှုဆိုသော်လည်း ဧည့်သည်ပေးရသည့် အခကြေးငွေနှင့် လျော်ညီသည့် ဝန်ဆောင်မှုဖြစ်ရန် အရေးကြီးသည်။ ယင်းကို Value for Money ဟု ဆိုလေ့ရှိ၏။**

တန်သည့် ဝန်ဆောင်မှုဆိုသော်လည်း ဧည့်သည်ပေးရသည့် အခကြေးငွေနှင့် လျော်ညီသည့် ဝန်ဆောင်မှုဖြစ်ရန် အရေးကြီးသည်။ ယင်းကို Value for Money ဟု ဆိုလေ့ရှိ၏။

ကျွန်တော်တို့ထဲတွင် အသက်အကြီးဆုံး လုပ်ငန်းရှင်မိတ်ဆွေ ဦးရန်ဝင်းက အနားယူလိုသဖြင့် သူ့အားဟိုတယ်တွင်ထားခဲ့ပြီး ကျွန်တော်နှင့် ဂျပန်စကားကို သာမန်ဂျပန်တစ်ယောက်ထက် ၄ာန်ကရိုဏ်းကျစွာ ပြောဆိုတတ်သည့် ဦးကျော်မင်းထင်တို့သာ အနီးအနားလျှောက်လေ့လာရန် ထွက်ခဲ့ကြသည်။ ပထမဆုံး ဂျပန်တွင် နာမည်အမျိုးမျိုးဖြင့် ဖွင့်လှစ်ထားသော ပစ္စည်းစုံဆိုင်လေးများကို လိုက်ကြည့်ဖြစ်သည်။ တိုကျိုတွင် Family Mart, Lawson, 7-11 စသဖြင့် များစွာရှိသည်။ ကျွန်တော်တို့နှစ်ယောက် ဆိုင်လေးတစ်ဆိုင်ထဲဝင်ရောက်ခဲ့ပြီး တစ်ကိုယ်ရေအသုံးအဆောင် အနည်းငယ်ဝယ်ရင်း သူတို့ဆီက စတိုးဆိုင်အခင်းအကျင်းကို လေ့လာကြည့်မိသည်။

ဆိုင်မှ ထွက်လာစဉ် ဦးကျော်မင်းထင်အား . . .

“ဦးကျော် ဒီနေ့ကြည့်ရတာ တိုကျိုက လမ်းတွေပေါ်မှာ ကားရော၊ လူတွေပါ ရှင်းနေသလိုပဲ။ စနေနေ့ကြောင့်လား”ဟု စပ်စုမိလိုက်ရာ သူက

“ရုံးပိတ်ရက်ထက် အခုဟာက ရွှေဝါရောင်သီတင်းပတ်နဲ့ တိုက်ဆိုင်နေလို့ပါ။ လူတွေအတော်များများ သောကြာနေ့ကစပြီး ခရီးထွက်ကြ၊ လည်ပတ်ကြပါတယ်။ အဓိက အလုပ်ပိတ်ရက်ဟာ သုံးရက်ဆိုပေမယ့် ရုံးပိတ်ရက်ဆက်ပြီး တစ်ပတ်လောက်ရကြတယ်။ ဒါကိုအစွဲပြုပြီး Golden week လို့ ခေါ်ကြတယ်”ဟု ဖြေ၏။

